# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၀၉၉)


## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၂၁)

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

### တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၃၊ ၁၂၄ ပုဒ်မခွဲ(ခ)၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ)တီခွန်မြတ်

ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားလွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၂၁)

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

### တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ တို့အရ၊ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်) တနင်္လာနေ့၊ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

**သတင်းသမားများကို ကာကွယ်ဆေး ဦးစားပေးထိုးပေးသင့်ကြောင်း ပီအီးစီထုတ်ပြန်ကြေညာချက်တွင် ဖော်ပြ**

စာ > ၁၃

**ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ) နောက်ဆက်တွဲအတန်း ဇန်နဝါရီလ တတိယပတ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်**

စာ > ၁၈

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ M.V CHARITES သင်္ဘော စတုတ္ထမြောက်ခရီးစဉ်အဖြစ် ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှု၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု၊ အာဏာပိုင်အဖွဲ့ (YRTA)၏ ကြီးကြပ်မှုဖြင့် စတုတ္ထအကြိမ်မြောက်ခရီးစဉ်အဖြစ် ကိုကိုးကျွန်းမြို့နယ်သို့ ပြေးဆွဲမည့် M.V CHARITES သင်္ဘောသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း သိရသည်။ (ယာပုံ)

"ဒီခရီးစဉ်မှာ ကိုကိုးကျွန်းမြို့ မီးလင်းနေပြီဖြစ်တဲ့အတွက် အထောက်အကူပြုဖို့ ကျန်တဲ့လုပ်ငန်းရပ်တွေ ဆောင်ရွက်ဖို့ရယ်၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးဖို့ရယ်၊ သွားရောက် တာဝန်ထမ်းဆောင်မယ့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑





ဘဏ်သို့သွားစရာမလိုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား CB Bank iBanking မှတဆင့် ဆောင်ရွက်လိုက်ပါ။

C B BANK

Best Digital Bank 2020

By ASIAMONEY

- Payroll Service
- Other Banks Transfer (MMK/USD)
- Bill Payment
- Non Trade Payment
- IRD Tax Payment
- Bulk Payment

မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။

ငွေသွင်း/ငွေထုတ်အတွက်ဆို 24/7 CRM ရှိတယ်။

CRM

Contact Center :

01-231 777 0

မြန်မာ့အလင်း

# အန္တရာယ်ဟူသမျှ အတူတကွရင်ဆိုင်

ကုန်လွန်ခဲ့သောနှစ် ၂၀၂၀ - ၂၀၂၁ သည်ကား ကျန်ခဲ့ပြီ။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် တည့်တိုးရင်ဆိုင်ခဲ့ကြရသော တစ်နှစ်ကြာ ခရီးတာသည် ခက်ခဲလှသော နှစ်တစ်နှစ် ဖြစ်ခဲ့သည်။ ကမ္ဘာကြီးနှင့်အတူ ကိုဗစ်ရောဂါကို ရင်ဆိုင်ခဲ့ကြရသည်ဟုဆိုနိုင်သော်လည်း၊ ဆင်းရဲချို့တဲ့သောနိုင်ငံ၊ နည်းပညာအတတ်ပညာ အားနည်းသော နိုင်ငံတစ်ခုအနေဖြင့် ဖြတ်သန်းကျော်လွှားရခြင်းဖြစ်သည့်အတွက် ပို၍သတိကြီးကြီးထားခဲ့ရ၊ ပို၍အင်အားစိုက်ထုတ်ခဲ့ရသည်ကားအမှန်။

သို့သော်လည်း မိမိတို့နိုင်ငံသည် အခြားနိုင်ငံများကဲ့သို့မဟုတ်ဘဲ အားနည်းချို့ယွင်းချက်များ ရှိနေသည်ကို ကိုယ့်ဘာသာကောင်းကောင်း နားလည်ခဲ့ကြသည့်အတွက် ပြည်သူလူထုအများစုက ဝိုင်းဝန်းပူးပေါင်းကြခြင်း၊ တာဝန်ခွဲဝေယူကြခြင်း၊ တတ်နိုင်သည့်နေရာက အားဖြည့်ပေးကြခြင်းဖြစ်သည်ဟု ယူဆပါသည်။

ချို့ယွင်းချက်များစွာရှိနေသည့် နိုင်ငံဖြစ်သောကြောင့် ပြည်သူတို့သည် ကိုယ့်ကိုယ်ကိုယ် အားကိုးရမည်ဟူသည့် အသိစိတ်ပိုမိုရှိနေခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့်လည်း ရောဂါကူးစက်ပြန့်ပွားမှုနှင့် တိမ်းပါးပျက်စီးမှု အရေအတွက်သည် ပြည်တွင်းနှင့် နိုင်ငံတကာက အချို့သောသူများ မှန်းဆခဲ့သလို များပြားမြင့်တက်မသွားခြင်း ဖြစ်ပါမည်။

ဤနေရာတွင် ပြည်သူလူထု၏ တာဝန်ခွဲဝေယူမှု၊ အခြေခံကျန်းမာရေးစည်းမျဉ်းများကို လိုက်နာမှု စသည်တို့က အဆိုးရွားဆုံးအခြေအနေကိုရောက်မသွားအောင် ထိန်းပေးခဲ့သည်ဟု ဆိုရပါမည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ ကျန်းမာရေး ဝန်ထမ်းများ အရေအတွက်သည် ပိုးတွေ့လူနာ အရေအတွက်နှင့် ယှဉ်လျှင် ဝန်နှင့်အား မျှတလှသည်မဟုတ်။ လက်ရှိအလုပ်လုပ်နေကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ လျော့နည်းသွားမည်ဆိုပါက မတွေးဝံ့စရာ။ သူတို့ထူထူမတ်မတ် မဖြစ်ဘူးဆိုလျှင် ရောဂါပိုး ပျံ့နှံ့မှုအောက်တွင် ပြည်သူအများအပြား ခွေယိုင်လဲပြိုသွားနိုင်သည်လေ။ ထို့ကြောင့်လည်း ထိုတာဝန်ကြီးသူတို့ကို ကာကွယ်ဆေး အမြန်ဆုံးထိုးနှံပေးနိုင်ပါစေဟူ၍ ပြည်သူလူထုက ဆုတောင်းနေကြရသည်။

တကယ်တော့ ယခု ခရစ်နှစ် ၂၀၂၁ ခုနှစ်တွင် လူသားတို့သည် အစဉ်အလာမပျက် နှစ်သစ်ကို ကြိုနေသကဲ့သို့ပင် ကိုဗစ်ကာကွယ်ဆေးကို မျှော်တလင့်လင့် ဆုတောင်းကြိုဆိုနေကြပေသည်။ ဘယ်သောခါများ မိမိတို့ ကာကွယ်ဆေး ထိုးနှံရပါမလဲ။ မိမိတို့၏ သက်ကြီးရွယ်အို မိဘဘိုးဘွားများ ဘယ်တော့များ ကာကွယ်ဆေး ထိုးခွင့်ရပါမလဲ။ ယနေ့ မြန်မာနိုင်ငံရှိ ကိုဗစ်ထိန်းချုပ်ရေး ဗဟိုဌာနများ၊ ဆေးရုံများတွင် အသက်နှင့်ရင်းကာ ရောဂါပိုးနှင့် အနီးကပ်တိုက်ပွဲဝင်နေကြရသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ ဘယ်တော့ကာကွယ်ဆေးထိုးနှံကြရပါမလဲ ဟူသည့် မျှော်လင့်ချက် မေးခွန်းများဖြင့် နှစ်သစ်ကို ကြိုနေကြ၏။

ပြည်သူတို့ မျှော်လင့်နေကြသော ကာကွယ်ဆေးများ ရောက်လာရန် မကြာတော့ပြီဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောဆိုသွားသည့်အခါ မြန်မာပြည်သူတို့ အားရဝမ်းသာဖြစ်ရ၏။

အိန္ဒိယနိုင်ငံနှင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသော ကိုဗစ်ရောဂါကာကွယ်ဆေး ရောက်လာတော့မည်။ ပထမဆုံးအသုတ် ဆေးများရောက်လာသည်နှင့် ကျန်းမာရေးဝန်ထမ်းများကို ဦးစွာထိုးနှံပေးရန် အစီအစဉ်သည် ဖေဖော်ဝါရီလထဲတွင် ဖြစ်လိမ့်မည်ဟုဆို၏။

အမှန်မှာ ကိုဗစ်ကပ်ရောဂါက ကမ္ဘာနာဖြစ်သောကြောင့် နိုင်ငံအားလုံးက ကာကွယ်ဆေးကို မျှော်ကြသည်။ အားလုံးလိုချင်နေကြသည်ချည်း။ မိမိတို့နိုင်ငံအနေဖြင့် ရသင့်သလောက် ရရှိဖို့လိုသလို အခြားနိုင်ငံများနှင့် မျှဝေယူရန်လည်း လိုသည့်အတွက် တစ်နိုင်ငံလုံးထိုးနှံနိုင်ရန် တစ်ဆင့်ချင်း စီမံရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကာကွယ်ဆေး အပြည့်အဝထိုးနှံနိုင်ခြင်း မရှိသေးမီကာလတွင် ကျန်းမာရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြဖို့သည် အလွန်အရေးကြီးပါသည်။

အောင့်အည်းသည်းခံရင်း အားတင်းရင်း၊ အောင်မြင်သည်ထိ မြန်မာနိုင်ငံသားပြည်သူတို့ အန္တရာယ်ဟူသမျှ အတူတကွ တွန်းလှန်ကျော်ဖြတ်ကြပါစို့။ ။

## နေပြည်တော် သံဝေဇနိယလေးဌာန၏ မဟာဗောဓိစေတီတော်ကြီးတွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနိယလေးဌာနရှိ မဟာဗောဓိစေတီတော်ကြီးတွင် အဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။



အခမ်းအနားသို့ သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြုသော ဆရာတော်ကြီး ၅ ပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို နာယူကြည်ညိုတော်မူကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဋ္ဌာန်းစာအုပ်၊ ပဋ္ဌာန်းအိုးနှင့် လှူဖွယ်ပစ္စည်းကို ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တပညာသာမိထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနိယလေးဌာနရှိ မဟာဗောဓိစေတီတော်ကြီးတွင် အဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ပူဇော်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်း - မရှိတဲ့တိုင်းပြည်

❖ တို့တိုင်းတို့ပြည်၊ ငါတို့ပြည်ကား -
မတူကွဲပြား၊ တိုင်းရင်းသားတို့
မခြားမသွေ၊ အတူနေပြီး
ရေရှည်ခရီး၊ ဘယ်မနီးကို
စုစည်းညီညာ၊ သွားသင့်ပါလျက်
တစ်ဖြာတစ်နည်း၊ အတ္တမီးကြောင့်
ပြီးဆုံးထိတိုင်၊ မရောက်နိုင်။

❖ တို့တိုင်းတို့ပြည်၊ ငါတို့ပြည်ကား -
စစ်ပွဲတွေခင်း၊ ငြိမ်းချမ်းခြင်းနှင့်
သွေကွင်းနေရ၊ သည်ကာလကား
ကြာစွတာရှည်၊ ကြာလေပြီမို့
သေရွာခရီး၊ နီးသူနီးပြီး
အပြီးကြုံရ၊ သုဉ်းဘဝနှင့်
အိမ်ရာပစ်ခွာ၊ မနေသာနှင့်
များစွာကြုံနေ၊ သွေးချင်းတွေ။

❖ တို့တိုင်းတို့ပြည်၊ ငါတို့ပြည်ကား -
စည်းကမ်းတွေဖောက်၊ ထီးနန်းပျောက်လို့
သပေါက်နယ်ချဲ့၊ ကြင်နာမဲ့ဖြင့်
ပြုခဲ့ထွေထွေ၊ ပြုရက်လေမို့
မသွေဒုက္ခ၊ အနန္တနှင့်
ကြုံရပြန်သည်၊ နှစ်ရာချီတည့်
ဖြေဆည်မရ၊ ထိုကာလ။

❖ သမိုင်းကိုစစ်၊ အတွေးသစ်တော့
အမြစ်မြေက၊ ဤနှစ်ဝတည့်
မစ္ဆရိယ၊ ထိုဣဿာတို့
တူစွာထကြွ၊ နေမရမို့
ကိုယ်ကသာပို၊ ခြားလူလိုနှင့်
ထိုသူတစ်ပါး၊ လွန်ကြီးပွားလည်း
စိတ်ထားမကြည်၊ မရှုသည်နှင့်
တူညီနှိပ်စက်၊ ထိုသည့်တွက်ကြောင့်
ရတက်မအေး၊ စဉ်ပူဆွေး။

❖ **မာန**တွေထား၊ သူတစ်ပါးကို
ငါအားမတူ၊ ငါ့ရန်သူဟု
စဉ်ယူသုံးသပ်၊ ထုံးမမှတ်သင့်။

❖ ရယူလိုစိတ်၊ အမြဲဖိတ်၍
ကိုယ့်ရိပ် ပစ္စည်း၊ လျော့မနည်းအောင်
ထိုမီး**လောဘ** ၊ မထကြွသင့်။

❖ **မောဟ**တွေထင်၊ စိတ်ကြီးဝင်လျက်
ဆင်ခြင်သမှု၊ ရှေးမရှုဘဲ
လုပ်မှုအမှား၊ မပြုပြားသင့်။

❖ အလိုမကျ၊ စိတ်**ဒေါသ**နှင့်
မဆွကပင်၊ လောင်မီးဝင်၍
သွင်မှုဟန်ထား၊ မုန်းမပွားသင့်။

❖ တို့ပြည်တို့ရွာ၊ အေးချမ်းသာဖို့
သာယာစည်ဖြိုး၊ အလှတိုးဖို့
ဉာဏ်ကိုးသိမြင်၊ အတွေးဝင်လော့။

❖ ဖြူစင်စိတ်ထား၊ ပညာအားဖြင့်
မုန်းများဖယ်ခွာ၊ ချစ်ကြည်စွာနှင့်
ညီညာစုစည်း၊ ရှေ့ခရီးကို
"မင်း"လည်း"ငါ"ဟူ၊ ကွဲမယူဘဲ
"ငါ"မူရှေ့ထား၊ "ငါတို့"အားဖြင့်
သွေးသား"ငါတို့"၊ လှမ်းချီစို့။ ။

**မောင်ဇေယျ**

# ပြည်သူသာလျှင် အဓိက

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိကြောင်း သတင်းပို့လက်ခံဌာနများကို အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်ထားရှိသည်–

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၊

( ခ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

( ဂ ) မိမိအစီအစဉ်ဖြင့် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင် အမှတ်–၁၂ (I–12) နှင့်

(ဃ) တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (စနေနေ့) ထက်မစော၊ ဇန်နဝါရီလ ၂၄ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်၊ တနင်္လာနေ့ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန်ဖြစ်သဖြင့် **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နှင့် (၂၄) ရက်များတွင်** နေပြည်တော်သို့ ကြိုတင်ရောက်ရှိရမည်ဖြစ်သည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I–19 (အိုင်–၁၉) သို့ **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်ထက်မစော (၃၁) ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ညအပူချိန်များ အနည်းငယ် တိုးနေမည်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးနေမည်။

မိုး/ဇလ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၆**

ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)






### ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံမှ ငါးများ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှု ကျဆင်းနေသဖြင့် ပြည်တွင်းငါးစားသုံးမှု တိုးတက်စေရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်းတင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၇၃၂ ဒသမ ၁၅၆ သန်း ရှိပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၅၈ ဒသမ ၈၆၉ သန်းအထိ တိုးတက်လာပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးသည် ကိုဗစ်ရောဂါကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြည်ပသို့ ငါးအပါအဝင် ရေထွက်ပစ္စည်းတင်ပို့မှုများတွင် အခက်အခဲများ၊ အဆင်မပြေမှုများရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း ငါးနှင့်ရေထွက်ကုန်ပစ္စည်း စားသုံးမှုများ လျော့နည်းနေသဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် အစည်းအဝေးပြုလုပ်၍ နှီးနှောဖလှယ်ရခြင်းဖြစ်ပါကြောင်း။

### မည်သည့်နည်းလမ်းဖြင့်မဆို ကြိုးစား

ပြည်တွင်းငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မည်သည့်နည်းလမ်းဖြင့်မဆို ကြိုးစားသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါကြောင့် သယ်ယူပို့ဆောင်ရေးအဆင်မပြေမှုများ၊ ရောင်းချမှုအဆင်မပြေမှုများ ရှိခြင်းကြောင့် ပြည်တွင်းတွင်လည်း ငါးစားသုံးမှု တိုးတက်လာစေရေး ဝိုင်းဝန်းဆောင်ရွက်စေလိုပါကြောင်း၊ ပုံမှန်အတိုင်းသာ ရေလုပ်ငန်းကဏ္ဍကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက နှစ်နှစ်၊ သုံးနှစ်အတွင်း အလွန်တိုးတက်သော ကဏ္ဍတစ်ခုဖြစ်လာနိုင်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါကာလအတွင်း၌ပင် ကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို New Normal ပုံစံဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အားလုံးက ဦးဆောင်စည်းရုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ စီးပွားရေးသံမှူးများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံမှ ဝိုင်းဝန်းစဉ်းစားအဖြေရှာ အကြံပြုသုံးသပ်ပေးစေလိုပါကြောင်း ပြောကြားသည်။

### တက်ရောက်ဆွေးနွေးခဲ့

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ စီးပွားရေးသံမှူးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ဝန်ထမ်းတွေကို စုစည်းပြီး ပို့ဆောင်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်” ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့နယ်သို့ ထွက်ခွာသွားသည့် M.V CHARITES သင်္ဘောပေါ်တွင် ဒေသခံများ၊ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ စသည့်ခရီးသည် ၆၁ ဦးနှင့် သင်္ဘောဝန်ထမ်း ၁၁ ဦး အပါအဝင် စုစုပေါင်း ၇၂ ဦး လိုက်ပါသွားကြောင်း သိရသည်။ ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်မည့် ခရီးသည်နှင့် သင်္ဘောဝန်ထမ်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များအတိုင်း ကိုဗစ်–၁၉ ရောဂါပိုး စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုမှု ခံယူပြီးနောက် စည်းကမ်းချက်များနှင့်အညီ သွားလာခွင့် ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်ပစ္စည်းများအနေဖြင့် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ လုပ်ငန်းသုံးပစ္စည်းများ၊ အစိုးရအဖွဲ့၏ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ တပ်မတော်မှ ကုန်စည်များ၊ ဒေသအတွက် တစ်ပိုင်တစ်နိုင် စားသောက်ကုန်မှ အစပြု၍ ဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ စုစုပေါင်း တန်ချိန် ၃၅၀ ခန့် သယ်ဆောင်သွားကြောင်း သိရသည်။

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆိုလာစနစ်ဖြင့် ကိုကိုးကျွန်းမြို့နယ်အား ၂၄ နာရီ မီးလင်းရေးအတွက် ဆောင်ရွက်ပေးခဲ့သည့်အပြင် လိုအပ်ချိန်တွင် အသုံးပြုနိုင်ရန် ဒီဇယ်အင်ဂျင် မီးစက်တစ်လုံးနှင့် စက်သုံးဆီကိုပါ ယခုခရီးစဉ်အတွင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားပမာဏ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် သွားရောက်လေ့လာရန် ပညာရှင်များ လိုက်ပါသွားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှုဖြင့် စတင်ပြေးဆွဲခဲ့သော ကိုကိုးကျွန်းခရီးစဉ်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ဒုတိယမြောက်ခရီးစဉ်ကို မတ်လတွင် လည်းကောင်း၊ တတိယမြောက်ခရီးစဉ်ကို ဩဂုတ်လတွင် လည်းကောင်း ပြေးဆွဲပေးနိုင်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာဆိပ်ကမ်းအာဏာပိုင်၏ အစီအစဉ်ဖြင့် သုံးကြိမ် ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ–လင်းညွန့်**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်များနှင့်ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan – NESP) (2021–2030) ရေးဆွဲရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် ပါဝင်ဆွေးနွေးကြသည်။

### ပေါင်းစပ်ဆောင်ရွက်လျက်ရှိ

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)ကို ရေးဆွဲထားပါကြောင်း၊ စီမံကိန်းပါ လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) တွင် ပညာရေးနှင့်ပတ်သက်၍ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့် ပညာရေးလေ့ကျင့်သင်ကြားရေးဆိုသည့် လုပ်ငန်းနယ်ပယ်နှစ်ခုကို ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အရည်အသွေးပြည့်မီသော ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့ကို အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ရရှိနိုင်စေသည့်စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရေးကို အဓိကဦးတည်၍ ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

### အကျိုးခံစားခွင့် ညီမျှစွာရရှိစေရေး

ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခန်းကဏ္ဍများတွင် ကျား၊ မ ကွာဟချက်ကို လျော့နည်းစေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်တွင် ကဏ္ဍစုံမှာ ကျား၊ မရေးရာ ထည့်သွင်းဆောင်ရွက်ခြင်း နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကျိုးခံစားခွင့်ညီမျှစွာ ရရှိစေရေးကို ပံ့ပိုးပေးသည့် နည်းလမ်းတစ်ခုလည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် လက်ရှိအထိ အဖွဲ့ဝင် (၁၁) ဖွဲ့ပါရှိပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့များကွန်ရက်၊ စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နှင့် ဝိသာခါဖောင်ဒေးရှင်းတို့ ဖြစ်ကြပါကြောင်း။

အမျိုးသမီး အဖွဲ့အစည်းအသီးသီးဟာ နယ်ပယ်အသီးသီးတွင် အမျိုးသမီးများအတွက် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဘဝတစ်သက်တာ ကျန်းမာစွာ နေထိုင်မှုပုံစံရရှိခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေး ပညာပေးခြင်းနှင့် လိုအပ်သောပံ့ပိုးကူညီခြင်း စသည့် ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိကြပါကြောင်း၊ အမျိုးသမီးကော်မတီအသီးသီး၏ ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ချက်များကို ပညာရေးဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော်မှုများတွင် ချိတ်ဆက်ပူးပေါင်း ပံ့ပိုးဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

### အကျိုးပြုမည့် စီမံကိန်းတစ်ခု

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁ - ၂၀၃၀) တွင် အသက်အရွယ်အလိုက် ကလေးများအားလုံး ပညာသင်ခွင့် အခွင့်အလမ်းများရရှိစေရေး၊ ထိခိုက်လွယ်သောအုပ်စုတွင် ပါဝင်သည့် မသန်စွမ်းကလေးများရဲ့ ပညာရေး၊ အလားတူရွှေ့ပြောင်းကလေးများနှင့် လမ်းပေါ်နေကလေးများအတွက် အသက်မွေးဝမ်းကျောင်းမှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့တာဝန်များ ပခုံးပြောင်းလက်လွှဲယူမည့် လူငယ်များအတွက် ပညာရေးနယ်ပယ်သာမက အသက်မွေးဝမ်းကျောင်းမှုပညာရပ်များပါ ထည့်သွင်းထားရှိရေးနည်းဗျူဟာများကို ထည့်သွင်းရေးဆွဲမည် ဖြစ်သည့်အတွက် နိုင်ငံ့အနာဂတ်အတွက် များစွာအကျိုးပြုမည့် စီမံကိန်းတစ်ခုဖြစ်ပေါ်လာမည်ဟု ယုံကြည်မိပါကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခွင့်ရရှိခြင်းသည် သင်ယူနိုင်စွမ်းအမြင့်မားဆုံး အခြေအနေရောက်ရှိစေရန် ရှေးဦးအရွယ် ကလေးသူငယ်ဘဝကပင် စတင်ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသမီးငယ်ရွယ်သူများ၊ အမျိုးသမီးများ၏ ဘဝတစ်သက်တာ အသက်မွေးမှုဆိုင်ရာ ပညာရပ်များ လေ့လာဆည်းပူးခွင့်ရရှိနိုင်ရေး မိမိတို့ဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းဝင်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းဝင်များက ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခွင့်အလမ်းများရရှိခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများဖော်ဆောင်ရေးအတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်းနှင့် ရလဒ်ကောင်းများရရှိစေရန် ကြိုးပမ်းကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် သင်ယူခြင်းသည် တန်ဖိုးမဖြတ်နိုင်သော အနန္တရတနာသိုက် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားပညာအရည်အချင်းမူဘောင် (National Qualification Framework – NQF) သည် တစ်သက်တာသင်ယူမှုအတွက် အရေးကြီးပါကြောင်း၊ မူလတန်းသင်ယူပြီးမြောက်လျှင် Level– 1 ဖြစ်ပါကြောင်း၊ အလယ်တန်း သင်ယူပြီးမြောက်လျှင် Level–2 ဖြစ်ပါကြောင်း၊ အထက်တန်း သင်ယူပြီးမြောက်လျှင် Level–3 ဖြစ်ပါကြောင်း၊ Level–4 သည် Short Cycle တစ်နှစ်အထိ သင်တန်းလေးများဖြစ်ပြီး တက္ကသိုလ်တိုက်ရိုက်တက်၍ မရသော်လည်း Level – 5 ကို သွားလို့ရပါကြောင်း၊ Level – 5 သည် တစ်နှစ်ကနေ နှစ်နှစ်အထိရှိသည့် ဒီပလိုမာသင်တန်း၊ အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက Level – 6 သို့ ဆက်လက်ကူးပြောင်းသင်ယူလို့ ရပါကြောင်း၊ Level–6 သည် Bachelor Degree ဖြစ်ပြီး Level–3 မှ Level – 4 နဲ့ Level – 5 ကို ခုန်ကျော်ပြီး Level – 6 သို့ တိုက်ရိုက်တက်ရောက် ပညာသင်ယူနိုင်ရန်မှာ အင်္ဂလန်တွင် GCE– A စာမေးပွဲ၊ အမေရိကန်တွင် SAT စာမေးပွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဂေါင်းဂေါင်စာမေးပွဲ၊ ဂျပန်တွင် National Examination ကဲ့သို့ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (Matriculation Examination) သည် Level – 3 မှ Level – 6 တက္ကသိုလ်သို့ တိုက်ရိုက်ခုန်တက်နိုင်ရေး ကျောင်းသား ကျောင်းသူအားလုံးအတွက် တရားမျှတသော စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပါကြောင်း၊ Level – 7 သည် မဟာဘွဲ့ဖြစ်ပြီး Level – 8 သည် ပါရဂူဘွဲ့ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ မသင်မနေရ အခြေခံပညာရေးအဆင့်အပေါ် မူတည်ပြီး Level အဆင့် သတ်မှတ်ချက်မတူညီသဖြင့် ဂုဏ်သိက္ခာရှိသော ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရန်အတွက် Level သတ်မှတ်ချက်များ၊ Credit Transfer System, Quality Assurance and Accreditation သတ်မှတ်ချက်များနှင့်အညီ တစ်သက်တာသင်ယူမှု အခွင့်အလမ်းများ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ရန် အရေးကြီး

ထိုသို့ဆောင်ရွက်ရာတွင် အရည်အသွေးရှိသော ပညာရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတော်ကလည်း ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကို အားပေးနေသည့်အတွက် မည်သည့်ပေးခြင်း ယူခြင်းမျှ လုံးဝခွင့်မပြုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များ၊ ချေးငွေများကို အလေအလွင့်မရှိစေဘဲ အကျိုးရှိထိရောက် ပွင့်လင်းမြင်သာစွာ အသုံးပြု၍ ဆရာအရည်အသွေးမူဘောင် (Teacher Competency Framework) နှင့်အညီ အရည်အချင်းပြည့်ဝသည့် ဆရာများခန့်ထားရန်နှင့် Reskilling၊ Upskilling၊ Continuous Professional Development အခွင့်အလမ်းများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ တိုင်းရင်းသားဒေသများ ဦးစားပေး၍ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို အထောက်အကူပြုရန်၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းရန်၊ ဒေသအကျိုးပြု ပြည်ထောင်စုအကျိုးပြုသည့် နည်းပညာနှင့် သက်မွေးသင်တန်းများ၊ ဘွဲ့သင်တန်းများ ဖြည့်ဆည်းရန်၊ နည်းပညာခေတ်နှင့် လိုက်လျောညီထွေရှိသည့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှု နည်းလမ်းများ၊ စစ်ဆေးအကဲဖြတ်မှုများကို အားပေးပံ့ပိုးပေးရန်တို့အတွက် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပညာရေးကဏ္ဍကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်ယူသူများ၊ တိုင်းရင်းသားပြည်သူများ၏ ဆွေးနွေးချက်များနှင့် အကြံပြုချက်များကိုလည်း တန်ဖိုးထားပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

နည်းပညာအသုံးပြုသင်ယူခြင်း (High–Tech Learning)၊ သင်ကြားပို့ချသူဆရာဖြင့် သင်ယူခြင်း (High–Touch Learning)၊ ပေါင်းစပ်သင်ကြားသင်ယူခြင်း (Blended Learning) စသည့် နည်းလမ်းများဖြင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ သင်ယူသူများကို တစ်သက်တာသင်ယူမှု အခွင့်အလမ်းများရရှိစေရန်နှင့် ၂၁ ရာစု၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်အပြည့်ဖြင့် လက်တွဲညီညီပူးပေါင်းပြီး စုပေါင်းအင်အားနဲ့ တာဝန်ယူ တာဝန်ခံ၍ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

### မေးမြန်း၊ ဆွေးနွေး

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းကို မိတ်ဆက်ရှင်းလင်းကာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အခြေခံပညာကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အဆင့်မြင့်ပညာ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

■ *ကျော့ဖုံးမှ*

ထင်ရှားပေါ်လွင်လာစေရန် ရှမ်းပြည်နယ်အစိုးရ ခရီးသွားရန်ပုံငွေမှ ချမှတ်ပေးထားသော အစီအစဉ်တွင် ရှွာင်မြို့ YTOအဖွဲ့နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး ရှွာင်မြို့နယ် မြစေတီကျေးရွာအနီးရှိ အရှေ့မြင် အနောက်မြင် တောင်တက်ခရီးစဉ်ကို တောင်ထိပ်၌ သန့်စင်ခန်းများ တည်ဆောက်ခြင်းနှင့် တောင်ခြေတွင် ယာဉ်ရပ်နားနေရာများ၊ ဈေးဆိုင်ခန်းများ တည်ဆောက်ခြင်းအပြင် တောင်ခြေနှင့် မြစေတီနှစ်မိုင်ခန့်ကို ကျောက်ချောလမ်းအဖြစ် လုပ်ဆောင်လျက်ရှိကြောင်း YTO မှ ဦးကျော်သန်းက ပြောသည်။

ရှွာင်မြို့နယ် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အနေဖြင့် ရှွာင်မြို့မြောက်ပိုင်းတွင်ရှိသည့် ပေပေါင်း ၃၀၀ မြင့်သည့် တလုပ်ချရေတံခွန်စခန်း၊ ဆင်ဆာပြားဆင်လည်ရေဝင်ဂူ၊ ကျောက်ငှက်ဝန်တွင်းဂူ၊ ပြဒါးလင်းဂူ ၊ ပေပေါင်း ၇၇၅၂ ပေရှိ အရှေ့မြင် အနောက်မြင်တောင်တက်ခရီးစဉ်၊ တောင်ပိုင်းရှိရေဖြူစမ်း၊ ရေပြာအိုင် တောကျယ်ရေတံခွန်၊ အလယ်ချောင် ရှစ်ထပ်ရေတံခွန်၊ မိန်းမရဲသခင်မတောင်၊ ယူကလစ်တန်း၊ အလွမ်းတောင် View Point ၊ မြင်းမူး View Point များအပြင် အခြားလည်ပတ်စရာများ၊ လေ့လာစရာများနှင့် ကမ္ဘာ့အဆင့်မီ ရှွာင်ဒေသထွက် ကော်ဖီများကိုလည်း လေ့လာခြင်းဖြင့် အလည်အပတ်ခရီးစဉ်များ လာရောက်နိုင်ပါရန် ကိုဗစ်အလွန်ခရီးသွားဧည့်သည်များအတွက်လိုအပ်သည်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **ထွန်းထွန်းဝင်း(ရှွာင်)**

---

## မြင်းခြံမြို့နယ် ကမ်းပြိုကာကွယ်ရေး အရင်းအမြစ် ကွင်းဆင်းကြည့်ရှု

**မြင်းခြံ ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တိုင်းဒေသကြီး(၁) ကိုယ်စားလှယ် ဦးချမ်းမြွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးတို့နှင့်အတူ မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ကျောက်မျောကရစ်ကွက် အလျား ၉၀၀ ဆောင်ရွက်မည့်နေရာကို ဇန်နဝါရီ ၄ ရက်က ကွင်းဆင်းကြည့်ရှုကြသည်။

ယင်းလုပ်ငန်းအတွက် တိုင်းဒေသကြီး ခွင့်ပြုငွေကျပ် ၁၀၃ ဒသမ ၀ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

အလားတူ တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၃၂၀ ဒသမ ၀ သန်းဖြင့် မြင်းခြံမြို့နယ် လင်ကြီးတောင်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သံမဏိ အခြေပြုကျောက်စီမံ အလျား ၉၀၀ ဆောင်ရွက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# သူနာပြုနှင့်သားဖွား ဒီပလိုမာ (၃ နှစ် သင်တန်း) နှင့် သားဖွားဒီပလိုမာ (၂ နှစ် သင်တန်း) နောက်ဆုံးနှစ်များ၌ အီလက်ထရောနစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံထည့်သွင်းကာ စတင်သင်ကြားမည့် အစီအစဉ်မိတ်ဆက်မှု အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ Access to Health Fund နှင့် Jhpiego – Johns Hopkins University Affiliate တို့ ပူးပေါင်းဆောင်ရွက်သည့် သူနာပြုနှင့် သားဖွားဒီပလိုမာ (၃နှစ် သင်တန်း) နှင့် သားဖွားဒီပလိုမာ (၂ နှစ်သင်တန်း) နောက်ဆုံးနှစ်များ၌ အီလက်ထရောနစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံ (E-Learning Platform) ထည့်သွင်းကာ စတင်သင်ကြားမည့် အစီအစဉ်မိတ်ဆက်မှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ဖြစ်စဉ်ကာလ၌ ကဏ္ဍပေါင်းစုံတွင် ထိခိုက်မှုများရှိပြီး ဆေးနှင့် ဆေးပညာနီးနွယ်ပညာ သင်ကြားရေးကဏ္ဍ၌လည်း ထိခိုက်မှုများစွာ ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဖြစ်စဉ်ကာလအတွင်း၌ ဆေးနှင့် ဆေးပညာနီးနွယ်ပညာ တက္ကသိုလ် (၁၆) ခု၌ သင်ကြားမှုများ ခေတ္တရပ်ဆိုင်းထားရခြင်းကို အမြန်ဆုံးပြန်လည်စတင်နိုင်ရေးနှင့် သင်ကြားသင်ယူမှု လုပ်ငန်းများ ပိုမိုကောင်းမွန် တိုးတက်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ခေတ်မီ အီလက်ထရောနစ် နည်းပညာသုံး ပညာသင်ကြားမှုများလည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

### ကနဦးစမ်းသပ်ခြင်းလုပ်ငန်းများ ပြီးစီး

ယခုကဲ့သို့ ခေတ်မီ အီလက်ထရောနစ် နည်းပညာသုံး သင်ကြားသင်ယူမှုပုံစံကို အသုံးပြုရန်အတွက် လိုအပ်သည့် ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ ဆောင်ရွက်ပုံနည်းစနစ်များ သင်ကြားခြင်းနှင့် ကနဦးစမ်းသပ်ခြင်း လုပ်ငန်းများကို စီမံချက်ပုံစံဖြင့် ပြုလုပ်၍ စနစ်တကျ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သူနာပြုများနှင့် သားဖွားဆရာမများသည် ကျန်းမာရေးစနစ်တစ်ခု၏ အဓိကနယ်ပယ်ကြီး လေးခုဖြစ်သော ပြည်သူများ၏ ကျန်းမာရေး အဆင့်မြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးဟူသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအားလုံးတွင် ပါဝင်ဆောင်ရွက်နေသူများဖြစ်ပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့အတွက် အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း (၂၀၁၆) ခုနှစ်၊ ဧပြီလမှစ၍ အဓိကဦးစားပေး သုံးခုတွင် သူနာပြုနှင့် သားဖွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ထည့်သွင်းပြီး သူနာပြုနှင့် သားဖွားလောက ပိုမိုအဆင့်အတန်း မြင့်မားလာရေးကို ဦးတည်၍ အထူးအလေးထားကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများတွင်လည်း သူနာပြုများနှင့် သားဖွားဆရာမများသည် ရောဂါကူးစက်ခံရနိုင်ခြေ အန္တရာယ်ရှိသည့် ရှေ့တန်းနေရာမှ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်နေသည်ကို ပြည်သူများအနေဖြင့်လည်း သိရှိမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေမှုများအပေါ် ဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိမှတ်တမ်းတင်အပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝသော သူနာပြုနှင့်သားဖွားဆရာမ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစတင်ကာ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ မွမ်းမံပြင်ဆင်ရေးဆွဲခြင်း၊ ခေတ်မီ သင်ကြားသင်ယူမှု ပုံစံနည်းစနစ်များဖြင့် သင်ကြားစေခြင်း၊ သင်တန်းဝင်ခွင့်များ ပိုမိုတိုးမြှင့်ခေါ်ယူခြင်း၊ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ခေတ်မီသင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိ

၂၀၁၆ ခုနှစ်၊ ဧပြီလမှ ယခုအထိ သူနာပြုဆရာ ဆရာမ ၇၄၅၅ ဦး၊ သားဖွားဆရာမ ၃၈၄၄ ဦးနှင့် အကူသူနာပြု ၉၃၀ တို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ လက်ရှိတွင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (၅၃)ခုတွင် တက်ရောက်နေသည့် သင်တန်းသား/ သင်တန်းသူ ၉၅၃၈ ဦးနှင့် သူနာပြုတက္ကသိုလ်များတွင် တက်ရောက်နေသည့် သင်တန်းသား/သင်တန်းသူ ၁၄၉၉ ဦးရှိပြီး အဆိုပါ သင်တန်းသား/သင်တန်းသူများအတွက် သင်ကြားသင်ယူမှု လုပ်ငန်းများ အဆက်မပြတ်စေရေးသည် နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးချကာ သင်ကြားသင်ယူမှုများကို ဝန်ကြီးဌာန၏ တက္ကသိုလ်များနှင့် သင်တန်းကျောင်းများတွင် ဆောင်ရွက်လျက်ရှိခဲ့ပြီး ယခုအခါ အီလက်ထရောနစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံ (E-Learning Platform) ကို သူနာပြုတက္ကသိုလ်များနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ၏ သင်ကြားသင်ယူမှု အစီအစဉ်များတွင် ထည့်သွင်းပေါင်းစပ်ကာ စတင်ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၏ ဘာသာရပ်ဆိုင်ရာ သင်ကြားမှု ဗီဒီယိုများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် သက်ဆိုင်ရာ တက္ကသိုလ်များ၏ အင်တာနက်စာမျက်နှာများတွင် လွှင့်တင်ထားလျက်ရှိရာ သင်တန်းသား/ သင်တန်းသူများက သင်ယူလေ့လာနိုင်ရုံသာမက၊ ဆရာဝန်များ၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ အခြေခံကျန်းမာရေး ပညာရှင်များနှင့် သားဖွားဆရာမများက မြန်မာနိုင်ငံ နေရာအနှံ့မှ အင်တာနက်ကွန်ရက် အသုံးပြုကာ ပညာရပ်ဆိုင်ရာ နောက်ဆုံးပေါ် အချက်အလက်များကို လေ့လာနိုင်သဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အရည်အသွေး ပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများအားပေးလျက်ရှိပါကြောင်း။

သူနာပြုတက္ကသိုလ်များမှ ပါမောက္ခများနှင့် ဆရာ/ ဆရာမများအနေဖြင့်လည်းကောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (၅၃)ကျောင်းမှ ဆရာ/ ဆရာမများ အနေဖြင့်လည်းကောင်း ဘာသာရပ်ဆိုင်ရာ သင်ကြားမှု ဗီဒီယိုများ ပိုမိုရိုက်ကူးကာ လွှင့်တင်ထားကြရန် ကိစ္စကို ဦးစားပေးအဖြစ်ဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း၊ သင်ကြားသင်ယူမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် သင်တန်းသား/သင်တန်းသူများ၏ သင်ခန်းစာအပေါ် နားလည်သဘောပေါက်မှုနှင့် သုံးသပ်ချက်အမြင်တို့ကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး ပိုမိုနားလည်သဘော ပေါက်လွယ်စေရေးအတွက် ဆောင်ရွက်ကြစေလိုပါကြောင်း၊ သင်ရိုးညွှန်းတမ်းများကိုလည်း ဆေးနှင့်ဆေးပညာ နီးနွယ်လောကရှိ ဘာသာရပ်အလိုက် နောက်ဆုံးပေါ် အချက်အလက်များ၊ တွေ့ရှိချက်များနှင့်အညီ အမြဲတမ်းမွမ်းမံပြင်ဆင်၍ သင်ကြားရမည်ဖြစ်ပါကြောင်း။

### သင်ကြားချိန်များ ချိန်ဆဆောင်ရွက်

သင်ကြားသင်ယူမှုများပြုလုပ်ရာတွင် အပြန်အလှန် တက်ကြွစွာဆွေးနွေးခြင်း ပုံစံများဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ဘာသာရပ်သင်ခန်းစာများ သင်ကြားရာတွင် သင်ခန်းစာ အားလုံးအတွက် အချိန်တစ်ပြေးညီတည်း မဟုတ်ဘဲ တတ်ကျွမ်းရန် အရေးကြီးမှု အတိုင်းအတာ အလိုက် သင်ကြားချိန်များကို ချိန်ဆဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမများအား ဆေးရုံများတွင် လက်တွေ့သင်ကြားပြသရာတွင် ပိုမိုကောင်းမွန် တတ်မြောက်စေရေးအတွက် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆေးရုံများမှ အထူးကုဆရာဝန်ကြီးများ ဆွေးနွေးပြီး ဆောင်ရွက်စေလိုပါကြောင်း၊ စာမေးပွဲများတွင်လည်း အလွတ်ကျက်မှတ်ပြီး အကြောင်းအရာများကို မေးမြန်းဖြေဆိုရသည့် ပုံစံဖြင့် မဟုတ်ဘဲ နားလည်သဘောပေါက်နိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်းတို့ကို စစ်မေးသည့်ပုံစံဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ကျင့်သုံးနေသည့် စာအုပ်စာတမ်းများကို ကြည့်ရှုကိုးကားပြီး ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် စာအုပ်ဖွင့်ဖြေဆိုရသည့်စနစ် (open book exam system) နှင့် မေးခွန်းလွှာကို မိမိနေထိုင်ရာသို့ ယူဆောင်ဖြေဆိုရသည့်စနစ် (take home exam) တို့ကိုလည်း ထည့်သွင်းကျင့်သုံးစေလိုပါကြောင်း။

### စိန်ခေါ်မှုများ ကျော်လွှားရမည်

ဆရာ/ဆရာမများ၏ သင်ကြားမှုစွမ်းရည်များ ပိုမိုမြင့်မားစေရေး လုပ်ငန်းများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်စေလိုပါကြောင်း၊ ပိုမိုကောင်းမွန်သည့် သင်ကြားသင်ယူမှုပတ်ဝန်းကျင်များ ရရှိစေရေးအတွက်လည်း ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဆေးနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်များ၌ လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများအား ဝန်ကြီးဌာနမှ ဆက်လက်၍ ဦးစားပေးအနေဖြင့် ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ ယခု အီလက်ထရောနစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံ (E-Learning Platform) ကို အသုံးပြုရာ၌ တွေ့ကြုံနိုင်သည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို အမြဲတမ်းသုံးသပ်၍ ကျော်လွှားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အင်တာနက် အမြန်နှုန်းနှေးသည့် နေရာအနည်းငယ်၌လည်း ပုံစံတစ်နည်းဖြင့် ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည့်အတွက် အဆင်ပြေချောမွေ့မည်ဟု ထင်မြင်ပါကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံပေးနိုင်သော ကျန်းမာရေးပန်းတိုင် (UHC) ကို ရရှိအောင်မြင်စေရေးတို့အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသော သူနာပြုနှင့် သားဖွားဆရာမများ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဦးစားပေး သတ်မှတ်ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တာဝန်ရှိသူများ အနေဖြင့်လည်း စုစည်းညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Jhpiego အဖွဲ့မှ Country Director Ms. Leah Thayer က သင်ကြားသင်ယူမှုကဏ္ဍတွင် E-Learning Platform ၏ အရေးပါမှုနှင့် Jhpiego အဖွဲ့မှ E-Learning Platform ဆောင်ရွက်နိုင်ရေး ပါဝင်ကူညီခဲ့မှုများအား ပြောကြားသည်။

ယင်းနောက် Nursing Now Myanmar Video Clip ကို ပြသသည်။

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ငွေငွေလှိုင်က E-Learning Platform ၏ နောက်ခံအချက်အလက်များကိုလည်းကောင်း၊ Jhpiego အဖွဲ့၏ Deputy Technical and Program Director ဒေါ်နန်းနန်းအောင်က E-Learning Platform ကို ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (စစ်တွေ) မှ ကျောင်းအုပ်ကြီး ဒေါ်နုနုဇံက E-Learning Platform အသုံးချ သင်ကြားသင်ယူမှု အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ် (မန္တလေး) တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ သူနာပြုနှင့် သားဖွားသင်တန်းသူများ၊ UNFPA၊ UNICEF၊ Access to Health Fundနှင့် Jphiego အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့် ထိန်းသိမ်းခံ မြန်မာနိုင်ငံသား ၆၁ ဦး အပါအဝင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၄ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ဝဲပုံ)**

ထို့ပြင် စင်ကာပူနိုင်ငံတွင် စာချုပ်သက်တမ်းကျော်လွန်၍ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၇၄ ဦးအား စင်ကာပူမြို့ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားလုပ်ငန်းရှင်များ အဖွဲ့ချုပ် (MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့သောက်စို့ခဲ့ပါသည် အပိုင်း(၄)

**စန်းနီလာဝင်း**

**ဘဝမငြိမ်သက်၍ အလုအိပ်မက်က မရေရာ**

ချမ်းမြမြရှိလှသော ဂိမာန်နွေဦး၏ နံနက်ခင်းဝယ် နှင်းပုလဲဥတို့ ကြွေကျမြေခလာသော အခါ နေခြည်နုနုနှင့် ရွှေရည်ဥ ဥနေသည့် အလား တည်ငြိမ်လှသော အင်းလျားရေပြင်ပေါ်ဝယ် ရောင်ပြန်ထင်ဟပ်လျက်ရှိနေသည့် ဆောင်းလေနုအေးတို့ ဆော်သွေးစဉ် နှင်းဖွေးဖွေးအောက်ဝယ် ခပ်ရေးရေး မြင်တွေ့ရသော တက္ကသိုလ်အဆောင်နေ မောင်မယ်အချို့ကို အင်းလျားကန်က နွေးထွေးစွာ ကြိုဆိုနေဟန် ရှိသည်။

ကန်ပေါင်ရိုးတစ်လျှောက် လမ်းလျှောက်ရင်း အင်းလျားကန်သာမှ လေနုအေးကို ဖြည်းညင်းစွာ ရှူရှိုက်ရသည်မှာ ရင်နွေးလှိုက်လှိုက် ရှိလှသည်။ သို့သောအခါ တစ်ယောက် သူအား နွေကမ္ဘာဝယ် မဖြေသာသည့် ဝေဒနာက အသေအချာ တပ်လှန့်နှိုးလိုက်ဟန်တူသည်။

**ကံ့ကော်တောမှာ ရင်မောဖွယ် အလုအိပ်မက်**

❑ အင်းလျားကန်လမ်း၊ ကံ့ကော်တန်းဝယ်
လမ်းလျှောက်ရင်းဆုံ၊ ရင်မှာခုန်သည်
ဘုံဝတီသာ၊ နတ်တို့ရွာမှ
ရောက်လာရှေ့လား၊ နတ်ကလျာ
တစ်ပါး
ထင်မှတ်မှား၏ ။

❑ ကံ့ကော်ရနံ့၊ သင်းပျံ့ပျံ့နှင့်
ညှင်းညှင်းသာသာ၊ လေပြေလာခိုက်
ဝေဒနာကို၊ အသေအချာ
ဖွေရှာပါလျှင်၊ ရေတမာက သိပါသည်။

❑ ညဦးချိန်ခါ၊ လသာသာဝယ်
ကလျာမြင်တွေ့၊ အဆောင်ရှေ့ဝယ်
ပျော်မွေ့စေရန်၊ တေးသံသာနှင့်
လာရောက်ဆက်သွင်း၊
ဖျော်ဖြေခြင်းမှာ
ရင်တွင်းလှိုင်းထ၊ ခံစားရအောင်
မဟုတ်ပါ။

❑ ညဦးချိန်ခါ၊ လသာသာဝယ်
နှမကလျာ၊ စိတ်မှာရွှင်လန်း
အပန်းလည်းပြေ၊ ချမ်းမြေ့စေရန်
စိတ်ရည်သန်၍၊ တေးသံသာဖြင့်
လာရောက် ဖျော်ဖြေရပါသည်။

❑ ကျောင်းပိတ်ရာသီ၊ နွေဦးဆီမှာ
ယာယီခေတ္တ၊ ခွဲခွာရလျှင်
အလှသခင်၊ နှမရင်တွင်
ပူပင်သောက၊ ခံစားရလျှင်
ဘဝတစ်ကွေ့၊ ခဏတွေ့ရာ
မြကျွန်းသာမှာ၊ ရင်မှာစိုးထိတ်
ကံ့ကော်ရိပ်၏၊ အိပ်မက်ပမာ
ဝေဒနာဟု၊ ကလျာမှတ်ယူလိုက်ပါ
တော့၊
မြင်ပါများလည်း၊ အကြင်နာပွားရန်
မဝံ့ပြီတကား။



ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ ပထမဆုံး စာကြည့်တိုက်မှူး ဆရာဦးခင်ဇော်

ဤသည်မှာ ရွှေရတုခေတ် အမိရန်ကုန်တက္ကသိုလ် အဆောင်နေကျောင်းသား ဧကစာရီ တစ်ကိုယ်တော်သမားများ၏ မရေရာသော ဝေဒနာများထဲမှ လှမူးသခင်ကို မခင်ဝံ့ဝံ့၊ ခင်ဝံ့ဝံ့နှင့် မကြွင်ဝံ့ဝံ့၊ ကြွင်ဝံ့ဝံ့၊ မယှဉ်ဝံ့ဝံ့၊ ယှဉ်ဝံ့ဝံ့ ဖြစ်နေရာမှ နောက်ဆုံးတွင် မခင်၊ မကြွင်၊ တမင်စိမ်းသလို ဖြစ်သွားခဲ့ကြသည်များကိုလည်း တွေ့ရသည်။ ထိုစဉ်က စာရေးသူမှာ မဂ္ဂဇင်းထုတ်ဝေရေးနှင့် စာကြည့်တိုက်၊ ဂီတအနုပညာ၊ ထိုစဉ်က အမိရန်ကုန်တက္ကသိုလ်၏ အမျိုးသားရေးလုပ်ငန်းကြီး တစ်ခုဖြစ်သော စာမတတ်သူ ပပျောက်ရေးလုပ်ငန်း (ကိုလိုနီပညာရေးစနစ်၏ အမွေဆိုးကြီးတစ်ခုဖြစ်သော စာမတတ်သည့် ကျေးလက်နေ ပြည်သူအများစုအား “အသုံးလုံးဟူသော” “အရေး၊ အဖတ်၊ အတွက်” ပညာတို့ကို စေတနာဖြင့် သွားရောက်သင်ကြားပေးခြင်း)များ၌ တစိုက်မတ်မတ် နှစ်မြှုပ်ထားသောကြောင့် စာရေးသူမှာ အမိတက္ကသိုလ် မြကျွန်းညို၏ အနုအလှ သမုဒယဇာတ်လမ်းတွင် လုံးဝ မှတ်တမ်းမဝင်ခဲ့ပါ။ သို့တစေ တစ်ဆောင်တည်းနေ သူငယ်ချင်းများအတွက် မေတ္တာစာ၊ ချစ်သဝဏ်လွှာ၊ ကဗျာ၊ မျက်ဖြေအလင်္ကာ အမျိုးမျိုးကို ရေးပေးရသလို အမျိုးသမီးအဆောင်များမှ သူတို့ရည်ရွယ်ထားသူများ၊ ရည်ငံနေသူများကို ညဦးယံမှ သန်းခေါင်ယံတိုင်အောင် သွားရောက်ဖြေဖျော်တင်ဆက်သည့်အခါ စာရေးသူမှာ မယ်ဒိုလင်တီးသည့်အခါတီး၊ တယောထိုးသည့်အခါ ထိုးပြီး ပါရမီဖြည့်ပေးခဲ့ရသည်များကိုလည်း ယနေ့တိုင် မမေ့နိုင်အောင် ရှိနေသည်။



ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး ဦးသိန်းဟန် (ဆရာဇော်ဂျီ)

**ဘူမိနက်သန် အောင်မြေမှန်ရာ မြကျွန်းညိုညို့ အမိတက္ကသိုလ်**

ပညာ၏ အနှစ်သာရနှင့် စပ်လျဉ်း၍ “ပညာနရာနံ ရတနာ” ဟူသည့် “လူသားအားလုံး၏ ရတနာစစ်ရာအမှန်ဖြစ်သည်” ဟူ၍လည်းကောင်း၊ “ပညာ” သည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အလင်းရောင်ပေးသဖြင့် “ပညာသမာ အာဘာနတ္ထိ” “ပညာနှင့်တူသော အလင်းရောင်ဟူသည် မရှိနိုင်” ဟူ၍ လည်းကောင်း၊ သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားက ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။

အမိရန်ကုန်တက္ကသိုလ်ကြီး၏ “နတ္ထိ သမံ ဝိဇ္ဇာ မိတ္တံ” = “ပညာနှင့်တူသော မိတ်ဆွေဟူ၍ မရှိနိုင်” (There’s no friend like wisdom) ဟူသော ဆောင်ပုဒ်သည်လည်း အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ ပညာဆိုင်ရာ ဟောဖော်ညွှန်ပြမှုနှင့် ကိုက်ညီလျက်ရှိသဖြင့် ဂုဏ်ယူလေးစားဖွယ် ဖြစ်ပါသည်။

“တက္ကသိုလ်” ဟူသော ပါဠိဝေါဟာရမှာ “တက္က” နှင့် “သီလ” ဟူသော ဝေါဟာရ နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ရာ ဝေါဟာရတစ်ခုချင်းအလိုက် မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုမည်ဆိုပါက “တက္က” ဟူသည်မှာ “နှိုင်းချိန်ကြံဆခြင်း၊ လေ့လာဆည်းပူးသုံးသပ်ဝေဖန်ခြင်း” ဟု အဓိပ္ပာယ်ရရှိပါသည်။ “သီလ” ဆိုသည်မှာ “ကောင်းသော လေ့ကျင့်ပျိုးထောင်မှုရှိခြင်း၊ မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်း၊ ရွံ့ခြင်းဟူသော ဟိရိဩတ္တပ္ပတရားကို စောင့် ထိန်းခြင်းဟူသော ကိုယ်ကျင့်တရားကောင်းမွန်ခြင်း” ဟု အဓိပ္ပာယ် ရရှိပါသည်။ ထို့ကြောင့် “တက္ကသီလာ” သို့မဟုတ်



ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး ဆရာဦးသော်ကောင်း

“တက္ကသိုလ်” ဆို သည်မှာ အဆင့်မြင့်အသိပညာ၊ အတတ်ပညာ နည်းပညာရပ်များစွာကို သင်ကြားလေ့ကျင့် ပေးပြီး ကိုယ်ကျင့်တရားကောင်းမွန်အောင် လမ်းညွှန်ပဲ့ကိုင်ပေးရာ နေရာဌာနဖြစ်သည်ဟု အကျဉ်းဥဒ္ဒေသဖြင့် ဖွင့်ဆိုနိုင်ပါသည်။

“တက္ကသိုလ်” ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်ကျမ်းကြီးတွင် “အဆင့်မြင့်ပညာရပ်များကို သင်ကြားပို့ချပေးရာ ကျောင်းတော်ကြီးဟူ၍ လည်းကောင်း”၊ ဂန္ဓာရတိုင်းတွင် “တစ်ဆယ့်ရှစ်ပါးသော အတတ်ပညာတို့ကို သင်ကြားပို့ချပေးရာ အချက်အချာဒေသ” ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။ (“ဂန္ဓာရတိုင်း” ဆိုသည်မှာ ရှေးခေတ် အိန္ဒိယပြည် မဇ္ဈိမဒေသရှိ တိုင်းကြီး(၁၆) တိုင်းအနက် တက္ကသိုလ်ကျောင်းတော်ကြီးတည်ရှိရာ “ဂန္ဓာရတိုင်း”ကို “တက္ကသီလာမြို့တော်” ဟု သတ်မှတ် ခေါ်ဝေါ်ခဲ့ကြသည်။ ထိုအချိန် ထိုအခါက မြို့ပြနိုင်ငံများ(City States) ထွန်းကားသော ကာလဖြစ်၍ “တိုင်း” ဆိုသည်မှာ “နိုင်ငံ”ကို ဆိုလိုခြင်း ဖြစ်ပါသည်။)

အဆင့်မြင့် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များကို ပညာတံခွန်စိုက်ထူရာ အမိရန်ကုန်တက္ကသိုလ်ကြီးသည် ပညာသင်ကျောင်းသူ ကျောင်းသား အားလုံးအတွက်သာမက အသိပညာရှင်၊ အတတ်ပညာရှင်များအတွက်ပါ ပညာဘဏ္ဍာတိုက်ကြီးနှင့် ပညာဗိမာန်ကြီးသဖွယ် တည်ရှိနေပါသည်။ လူနေမှုအဖွဲ့အစည်းတွင် မည်သည့်ပညာရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပညာသင်ကြားရေးနယ်ပယ်၌ “ပညာရှင်” ရော “ပညာသင်” တို့ပါ “ပညာပြည့်ဝနလုံးလှစေ၊ ပညာလည်းတတ် ကိုယ်ကျင့်မြတ်အောင်၊ ‘သတိ’ လက်ယာ၊ ‘ပညာ’ လက်ဝဲ၊ မှတ်ယူစွဲလေ့” ဟူ၍ ဩဝါဒပြုထားခြင်းဖြစ်ပါသည်။ ထို့ပြင် ပညာနှင့် စပ်လျဉ်း၍ “သဒ္ဓါ လွန့်လျှင် ကွန့်သည်၊ ပညာလွန့်လျှင် ဆွံ့သည်၊ ဝီရိယ လွန့်လျှင် ပျံ့သည်၊ သမာဓိလွန့်လျှင် တွန့်သည်၊ သတိမူကားလွန်သည်မရှိ” ဟုလည်း သတိပေးလမ်းညွှန်ထားပါသည်။ ပညာဟူသည် သိရုံသက်သက်သာမဟုတ်၊ တတ်မြောက်ရုံ သက်သက်သာ ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ရန် လိုအပ်ကြောင်းကို သဗ္ဗညုတညာဏ်တော်ရှင် မြတ်ဗုဒ္ဓသခင်က မင်္ဂလသုတ်ဒေသနာတော်တွင် “ဗာဟုသစ္စဥ္စ သိပ္ပဥ္စ၊ ဝိနယောစ သုသိက္ခိတော” “အကြား+ အမြင်+ အသိပညာ၊ အတတ်ပညာတို့နှင့်တစ်ပါတည်း ကိုယ်ကျင့်သီလတရားကိုပါ တစ်ဆက်တစ်စပ်တည်း ယှဉ်တွဲကာ ဖော်ညွှန်းပြထားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

> **“အဆင့်မြင့် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များကို ပညာတံခွန် စိုက်ထူရာ အမိရန်ကုန်တက္ကသိုလ်ကြီးသည် ပညာသင် ကျောင်းသူ ကျောင်းသား အားလုံးအတွက်သာမက အသိပညာရှင်၊ အတတ်ပညာရှင်များအတွက်ပါ ပညာ ဘဏ္ဍာတိုက်ကြီးနှင့် ပညာဗိမာန်ကြီးသဖွယ် တည်ရှိ နေပါသည်”**

**ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝ ထူးခြားလှသော ဒုလ္လဘာ**

အမိရန်ကုန်တက္ကသိုလ်ကြီး၏ စတင်နိဒါန်းပျိုးရာ “ရန်ကုန်ကောလိပ်” “Rangoon College” ၁၈၇၈ ခုနှစ်မှသည် ၁၉၂၀ ပြည့်နှစ်အထိ အမိရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်လာခဲ့သည့် ၁၉၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း (၄၂) နှစ်တိုင်အောင် လည်းကောင်း၊ ၁၉၂၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ (၂၅) နှစ်ပြည့်မြောက်သည့် ငွေရတုကာလကိုလည်းကောင်း၊ ၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ နှစ်(၅၀)ပြည့်မြောက်သည့် ရွှေရတုကာလကိုလည်းကောင်း၊ ၁၉၇၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ (၇၅)နှစ်မြောက်ဖြစ်သည့် စိန်ရတုကာလကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ယခု ၂၀၂၀ ပြည့်နှစ်အထိ နှစ် (၁၀၀) ပြည့်မြောက်သည့်ကာလကိုလည်းကောင်း ဖြတ်သန်းခဲ့ပြီး ဖြစ်ပါသည်။

အမိရန်ကုန်တက္ကသိုလ်ကြီး၏ နှစ်(၅၀) ပြည့် ရွှေရတုသဘင်(၁၉၇၀) ကျင်းပခဲ့စဉ်က ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာမောင်မောင်ခနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ

*စာမျက်နှာ ၇ သို့*



**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

- အမည်ရင်း ဦးမောင်မောင်စန်း။
- ကလောင်အမည်များ – စန်းနီလာဝင်း၊ အယ်ဒီတာချုပ်တစ်ဦး၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)၊ မောင်ပညာကျော်၊ သတင်းစာဆရာတစ်ဦး၊ သုတေသီတစ်ဦး၊ စာရေးဆရာတစ်ဦး၊ လေ့လာသူတစ်ဦး၊ မောင်သမ္မာဒိဋ္ဌိ၊ ကိုစန်း (စစ်ကွင်းမြေ)၊ ဆြာစန်း (နက္ခတ္တဗေဒနှင့် တိုင်းရင်းဆေး)၊ မောင်မီဒီယာ၊ ဂီတသုတေသီတစ်ဦး၊ MMS ၊ MWD (အင်္ဂလိပ်ဆောင်းပါးများ)
- ပညာအရည်အချင်း – M.AII, R.L, Diploma in Traditional Medicine.
- စာပေတာဝန်များ – တက္ကသိုလ်များ မဂ္ဂဇင်းကော်မတီအတွင်းရေးမှူး (ရန်ကုန်တက္ကသိုလ်)၊ သတင်းစာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ရုပ်ရှင်စိန်ရတုသဘင်တွင် စာတမ်းပြုစုဖတ်ကြားသည့် တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ။

# ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်သော်လည်း ပြည်တွင်းရွှေဈေးနှုန်း အနိမ့်ပိုင်းဖြင့် လည်ပတ်နေ

ရန်ကုန် ဇန်နဝါရီ ၆

ကိုဗစ်–၁၉ ရောဂါ ဒုတိယအကျော့တွင် ကမ္ဘာ့ရွှေဈေးနှုန်း မြင့်နေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ နိုင်ငံခြားဈေးအောက် တစ်ကျပ်သားလျှင် ငွေကျပ် ၃၀၀၀၀ ခန့် လျော့နည်းလျက်ရှိရာ နိုင်ငံတကာ ရွှေဈေးကွက်ဖြင့် နှိုင်းယှဉ်ပါက အနိမ့်ပိုင်းဈေးဖြင့် လည်ပတ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကပ်ရောဂါကာလ၌ စားဝတ်နေရေးကြောင့် စုဆောင်းထားသော အတုံးအခဲနှင့် ရွှေထည်ပစ္စည်း ပြန်လည်ရောင်းချမှုမှာ နှစ်ကုန်ပိုင်းနှင့် ယခုနှစ်ဆန်းပိုင်းတွင် ပိုမိုသွက်လျက်ရှိပြီး ရွှေပန်းတိမ်လုပ်ငန်းများတွင်လည်း အထည်အပ်နှံမှုမရှိ၍ လုပ်ငန်းရပ်ကာ လုပ်သားများ အလုပ်ပြတ်လပ်မှုရှိသည်။

"ဇန်နဝါရီ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း နံနက်ပိုင်းအဖွင့်ဈေးက အကယ်ဒမီမီးလင်း အခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၁၃ သိန်း သုံးသောင်း၊ ၁၅ ပဲက ငွေကျပ် ၁၂ သိန်းငါးသောင်းရှိတယ်။ ကမ္ဘာ့ရွှေဈေး မြင့်တက်နေတဲ့အတွက် ကိုဗစ်




လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ရွှေဆိုင်တစ်ဆိုင် ရောင်းချနေမှုကို တွေ့ရစဉ်။

လွန်ကာလမှာ ပြည်တွင်းရွှေဈေးလည်း လိုက်ပါမြင့်တက်မယ်လို့ မြင်ပါတယ်။ ရွှေဈေးဟာ စီးပွားရေးတောင့်တင်းတဲ့ နိုင်ငံတွေအနေနဲ့ မသိသာပေမယ့် ဖွံ့ဖြိုးစနိုင်ငံတွေမှာ ကမ္ဘာ့ကပ်ရောဂါကြောင့် ရွှေဈေးကျတာလည်းပါ ပါတယ်။ လူတန်းစားအသီးသီးရဲ့ ငွေကြေးလိုအပ်ချက်အရ ထုတ်ရောင်းတဲ့အတွက် ငွေကျပ် ၃၀၀၀၀ ခန့်အထိ ဈေးလျော့နေတာပါ။ ဒီနှစ်မှာ ရွှေပြန်လည် ဝယ်ယူဖို့ အားနည်းနေမယ်ထင်တယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

### ရွှေကိုစံအဖြစ် တန်ဖိုးထား

နိုင်ငံတိုင်းတွင် ရွှေမှာ ဒုတိယငွေကြေးအဖြစ် ရပ်တည်လျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ငွေကြေးတန်ဖိုးနှင့် ရွှေဈေးနှုန်းတို့မှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို ပြသလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ရွှေထွက်ရှိ၍ ရွှေမှာအရေးကြီးကုန်ပစ္စည်းတွင် ပါဝင်သည့်အပြင် ရွှေကို စံအဖြစ် တန်ဖိုးထားသောကြောင့် ကိုဗစ်လွန်ကာလတွင် ရွှေဈေး ပြန်လည်မြင့်တက်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ခန့်မှန်းထားသည်။

### ဝယ်ယူသူထက် ရောင်းချသူများ

၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါ ချုပ်ငြိမ်းခဲ့သည့်တိုင် စီးပွားရေး ပြန်လည်ဦးမော့ရန် လုပ်ဆောင်ကြမည်ဖြစ်ရာ ရွှေကိုဝယ်ယူစုဆောင်းမှုထက် ရောင်းချမှု များနိုင်သောကြောင့် ရွှေဈေးတည်ငြိမ်နိုင်ပြီး ယခုနှစ်ဆန်းပိုင်းတွင် ဝယ်ယူသူထက် ရောင်းချသူများလျက်ရှိ၍ ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်နေချိန်၌ ပြည်တွင်းရွှေဈေးနှုန်းမှာ အနိမ့်ပိုင်းဖြင့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ – သန်းစိုး**

# တစ်ဆင့်ပြန်လည်ရောင်းချသူများ အမြဲမပြတ်ရှိသဖြင့် သနပ်ခါးဈေးကွက် ပုံမှန်လည်ပတ်နေ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့နှင့် ရွှေဘိုမြို့တို့မှ တစ်ဆင့်ပြန်လည်ရောင်းချသူများ အမြဲမပြတ်ရှိနေသဖြင့် သနပ်ခါးဈေးကွက် ပုံမှန်လည်ပတ်နေကြောင်း အရာတော်ဒေသမှ သနပ်ခါးစိုက်ပျိုးသူများထံမှ သိရသည်။

### ဈေးကွက်မပြတ်ရှိနေ

"ဈေးကွက်ကတော့ အရာတော်၊ ရွှေဘို၊ မန္တလေး၊ ရန်ကုန်မြို့တွေကို တင်ပို့ရောင်းချပါတယ်။ ရွာမှာလည်း သနပ်ခါးပွဲစားတွေ အများကြီးရှိပါတယ်။ ရွှေဘိုနဲ့ ရန်ကုန်မှာနေပြီး ရွာကသနပ်ခါးကို ဝယ်ယူကာ ပြန်လည်ရောင်းချနေတဲ့ ကျွန်တော်တို့ ငြိမ်းစံကျေးရွာ ဇာတိဖွားတွေလည်း ရှိနေတော့ ရောင်းချရတာ အဆင်ပြေပါတယ် "ဟု စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ငြိမ်းစံကျေးရွာမှ သနပ်ခါးစိုက်တောင်သူ ကိုနိုင်မိုးက ပြောသည်။

### ၅ နှစ်မှ ၁၀ နှစ်အတွင်း ခုတ်ယူနိုင်

ရောင်းတန်းဝင် သနပ်ခါးပင်တစ်ပင်လျှင် ငွေကျပ် ၅၀၀၀ မှ ၂၀၀၀၀ အတွင်း ဈေးနှုန်းရရှိကြောင်း သိရသည်။ သနပ်ခါးပင် စိုက်ပျိုးရန်အတွက် သနပ်ခါးသီးကို ဇွန်၊ ဇူလိုင်လများတွင် ဆွတ်ယူပြီး စက်တင်ဘာလတွင် စိုက်ပျိုးလေ့ရှိကြပြီး စိုက်ပျိုးပြီး ငါးနှစ်မှ ၁၀ နှစ်အတွင်း ခုတ်ယူရောင်းချနိုင်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

*စာမျက်နှာ ၆ မှ*

များ၏ ဦးဆောင်မှုဖြင့် မဂ္ဂဇင်းထုတ်ဝေရေး၊ ဖျော်ဖြေရေးအစီအစဉ်များတွင် လက်ထောက်မော်ကွန်းထိန်း ဆရာဦးစံအုန်း ဦးဆောင်သော တက္ကသိုလ်အနုပညာ အသင်းဝင်ကျောင်းသား ကျောင်းသူများထဲတွင် စာရေးသူလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ရသည်မှာ အမိတက္ကသိုလ်ကြီးအား ကျေးဇူးဆပ်ရာ ရောက်သည့်အပြင် ဘဝအတွက် ဂုဏ်ယူဖွယ် မှတ်တမ်းတစ်ခု ဖြစ်ခဲ့ရပါသည်။

ထိုကာလမှာပင် ယခင်နယ်ချဲ့အစိုးရ၏ ကိုလိုနီပညာရေးစနစ်၏ အမွေဆိုးကြီးတစ်ခုဖြစ်သော ကျေးလက်ဒေသများနေ ပြည်သူအများစု၏ စာပေမတတ် ကြက်ခြေခတ် ဘဝဆိုးကြီးမှ လွတ်မြောက်ရေးအတွက် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်များတွင် အထက်အညာအရပ်ဒေသရှိ ဝေးလံ ခေါင်းပါး ကျေးရွာများသို့ "အသုံးလုံး" (အရေး၊ အဖတ်၊ အတွက်) သင်ကြားပေးရေးအတွက် သွားရောက်ခဲ့ရသည်များမှာလည်း အမိတက္ကသိုလ်ကြီးရော ပါဝင်ဆင်နွှဲခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပါ သမိုင်းပေး တာဝန်တစ်ရပ်နှင့် အမျိုးသားရေး တာဝန်တစ်ရပ်ကို အမျိုးသားပညာရေး ဖွံ့ဖြိုးမှု အသိစိတ်ဓာတ်ဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

ရွှေရတုသဘင် ကျင်းပချိန်ကာလက တောင်ငူစာသင်ဆောင်တွင် မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ မနုဿဗေဒဌာနတို့ရှိကြရာ အင်္ဂလိပ်စာဌာနနှင့် မနုဿဗေဒဌာနတို့မှာ အဓိကဘာသာဌာနများမဟုတ်ဘဲ ဘာသာတွဲဌာနများသာ ဖြစ်ခဲ့ကြပါသည်။ ထိုစဉ်က အင်္ဂလိပ်စာနည်းပြ ဆရာ ဆရာမများ ဖြစ်ခဲ့ကြသည့် ဆရာနေအုပ်(စိန်ပေါလ်)၊ ဆရာဦးကျော်ဝင်း၊ ဆရာမ ဒေါ်နွဲ့ယဉ်ဝင်း (နိုင်ငံကျော် တေးသံရှင်) တို့၏ သင်ကြားပြသမှုအောက်ဝယ် အင်္ဂလိပ်စာ ရေးထုံးရေးနည်းများ၊ အင်္ဂလိပ်သဒ္ဒါ စည်းမျဉ်းများကို သင်ယူနာကြားခဲ့ရသဖြင့် အင်္ဂလိပ်ဆောင်းပါးများကို ရေးသားလာနိုင်ခဲ့ပါသည်။ ဆရာနေအုပ်(စိန်ပေါလ်)မှာအင်္ဂလိပ်စာ အရေးအသား အလွန်ကောင်းလွန်းလှသော တော်ဝင်ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာထင်အောင်၏ ဆွေမျိုးရင်းချာတစ်ဦးဖြစ်၍ ဆရာက ဆရာကြီး ဒေါက်တာထင်အောင်၏ အင်္ဂလိပ်စာရေးသားနည်းများကို ကြုံကြိုက်တိုင်း ပြောပြလေ့ရှိရာ ဆရာကြီး၏ လိုရင်းတိုရှင်း ရေးနည်း၊ မြန်မာကို ကမ္ဘာမှ နိုင်ငံခြားသားတိုင်း အလွယ်တကူနားလည်စေရန် ရေးနည်းတို့ကို စံပြုအတုယူခဲ့ရပါသည်။

ထိုစဉ်က မနုဿဗေဒပညာ (Anthropology) ဘာသာမှာလည်း ဘာသာတွဲတစ်ရပ်မျှသာရှိနေ၍ တိုင်းရင်းသားမျိုးနွယ်များ ၁၃၀ ကျော်ရှိနေသော စာရေးသူတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုကို အကျယ်တဝံ့ သင်ကြားလေ့လာဆည်းပူးရန် လိုအပ်မည်ဟု ယုံကြည်မိသဖြင့် ထိုစဉ်က မနုဿဗေဒပညာဌာန အချိန်ပိုင်းကထိက ဗိုလ်ဗကို(ရုပ်ရှင်သရုပ်ဆောင်)၊ ဦးစိန်ထွန်း၊ ဦးတင်အောင်တို့နှင့် တွေ့ဆုံပြီး စာရေးသူ၏ ဆန္ဒကို ဗိုလ်တထောင်သတင်းစာတွင် "ယဉ်ကျေးမှုဖော်ထုတ်ရေး မနုဿဗေဒပညာ" ခေါင်းစဉ်ဖြင့် အဓိကဘာသာအဖြစ် ပြဋ္ဌာန်းသင်ကြားပေးရန် အကြံပေးဆောင်းပါးကို ရေးသားတင်ပြခဲ့ပါသည်။ မကြာမီ ပညာရေးဝန်ကြီးဌာနမှ မနုဿဗေဒပညာကို အဓိကဘာသာရပ်အဖြစ် သင်ကြားရန် ပြဋ္ဌာန်းလိုက်သောအခါ မနုဿဗေဒဌာနမှ ဆရာ ဆရာမများအားလုံးနှင့် အမိတက္ကသိုလ်၏အဆင့်မြင့် ပညာသင်ကြားရေးဂုဏ်ကို မြှင့်တင်ရာရောက်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ခဲ့ရပါသည်။ ယဉ်ကျေးမှုနယ်ပယ်တွင် "ဘာသာစကားသည် ယဉ်ကျေးမှု၏ ယာဉ်ရထားဖြစ်သည်" ( Language is the vehicle of the culture) ဟူသော ဆိုစကားရှိနေရာ ယဉ်ကျေးမှုသမိုင်းကို လေ့လာရာ၌ တိုင်းရင်းသားလူမျိုးတိုင်း၏ ဘာသာစကား၊ ဓလေ့ထုံးစံ၊ စာပေ၊ သမိုင်းနောက်ခံတို့ကို ပြည့်စုံအောင် လေ့လာ သုတေသနပြုကြရမည် ဖြစ်ပါသည်။ ယခုဆိုလျှင် အမိရန်ကုန်တက္ကသိုလ် ရာပြည့်နှစ်အလွန်တွင် မနုဿဗေဒပညာဌာနတွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ ယဉ်ကျေးမှုအားလုံးကို သင်ကြားပေးတော့မည့် အစီအစဉ်ကို သိရ၍ အလွန်ဝမ်းမြောက်ဂုဏ်ယူကြိုဆိုရပါသည်။

ရွှေရတုနှစ်ကာလတွင် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှ တည်းဖြတ်ထုတ်ဝေသော "တက္ကသိုလ် ပညာပဒေသာ စာစောင်" ကိုလည်း အမြတ်တနိုးအားကိုးအားထား ပြုခဲ့ရပါသည်။ "သုတေသနလုပ်ငန်းသည် တိုးတက်မှု၏ မိခင်ဖြစ်သည် (Research is the mother of progress) ဟူသော ဆောင်ပုဒ်နှင့်အညီ ထိုစာစောင်မှာ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက သုတေသနစာတမ်းသဖွယ် ရှာဖွေလေ့လာရေးသားထားသည့် ရှားပါးဆောင်းပါးများဖြစ်သဖြင့် ဘွဲ့ကြိုရော ဘွဲ့လွန်ကျောင်းသားကျောင်းသူများအတွက်ပါ အလွန်အထောက်အကူပြုခဲ့ပြီး ယနေ့တိုင် အမှတ်ရနေဆဲရှိပါသည်။

အမိရန်ကုန်တက္ကသိုလ်ကြီးသည် ပညာသင်ယူဆည်းပူးစဉ်အချိန်အတွင်း ကာယဗလဖွံ့ဖြိုးမှုအတွက်လည်း အဆင်သင့်၊ ကိုယ်လက်လှုပ်ရှား အားကစားနည်းမျိုးစုံကို အဆင်သင့်လွယ်လွယ်ကူကူ ပြုလုပ်နိုင်သည်။ ဉာဏဗလ ဖွံ့ဖြိုးမှုအတွက်လည်း ကျောင်းသား ကျောင်းသူတိုင်း၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သောကြောင့် ဘွဲ့ကြိုတန်းမှ ဘွဲ့လွန်ပါရဂူတန်းအထိ စာကြည့်တိုက်မှ ရည်ညွှန်းကိုးကားစာအုပ်စာတမ်းများ၊ အခြား သင်ထောက်ကူကိရိယာပစ္စည်းများဖြင့် နိုးနိုးကြားကြား ကြိုးကြိုးစားစား သင်ယူနိုင်ကြသည်။ မိတ္တဗလအတွက်ဆိုလျှင်လည်း အနယ်နယ်အရပ်ရပ်မှ ပညာလာရောက် သင်ကြားကြသည့် ကျောင်းသား ကျောင်းသူမိတ်ဆွေများနှင့် အတူတကွ တွေ့ဆုံပေါင်းသင်းဆက်ဆံကြရသည်။ စာရိတ္တမဏ္ဍိုင် ခိုင်ခံ့နိုင်ရန် အဆင့်မြင့်တက္ကသိုလ် ကျောင်းသား ကျောင်းသူကောင်းပီသစွာ ကိုယ်ကျင့်တရားကို ထိန်းသိမ်းပြီး ကျောင်းစည်းကမ်း၊ အတန်းစည်းကမ်း၊ အဆောင်စည်းကမ်းများကို လိုက်နာကြရသည်။ စာသင် ဆရာ ဆရာမများ၊ အဆောင်မှူးများ၊ အဆောင်နည်းပြများ၊ အဆို၊ အက၊ ဂီတ နည်းပြဆရာ ဆရာမများ၊ အားကစားနည်းပြဆရာများ၏ အဆုံးအမ သွန်သင်လမ်းပြမှုတို့ကို ခံယူကြရသည်။ ထိုသို့သော ဗလလေးတန်နှင့် ပြည့်စုံဖူလုံစေရန် တက္ကသိုလ်မြကျွန်းသာတွင် ပညာရည်နို့သောက်စို့ကြသူတိုင်း ခံယူကြိုးပမ်းကြရပါသည်။ ကျန်ရှိသော 'ဘောဂဗလ' မှာ ပညာသင်ရွှယ်ဖြစ်၍ စီးပွားရေးကို ယာယီချန်လှပ်ထားရခြင်း ဖြစ်ပါသည်။

ဉာဏဗလ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလုပ်ငန်းများဖြစ်ကြသော မဂ္ဂဇင်းများ ထုတ်ဝေရေး၊ ဝါရင့်စာပေပညာရှင်ကြီးများ၊ သမိုင်းသုတေသီပညာရှင်၊ ဝါရင့်ရုပ်ရှင်ဂီတ အနုပညာရှင်များ၏ ဟောပြောပွဲများကို ဘာသာရပ်ဆိုင်ရာ အသင်းများက မကြာခဏ ဦးဆောင်ကျင်းပခြင်း၊ မဂ္ဂဇင်းစာစောင်များ ထုတ်ဝေခြင်းလုပ်ငန်းများတွင် စာရေးသူ ပါဝင်ဆောင်ရွက်ခဲ့ရသဖြင့် ထိုစဉ်ကတည်းက ဝါရင့်စာပေပညာရှင်ကြီးများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ သမိုင်းသုတေသီများ၊ ဝါရင့်ရုပ်ရှင်အနုပညာရှင်များနှင့် ထိထိဝင်ဝင် ထိတွေ့ဆက်ဆံရ၍ ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ နှစ်စဉ်ထုတ်ဝေသည့် နှစ်လည်မဂ္ဂဇင်း၊ ဘာသာရပ်ဆိုင်ရာ မဂ္ဂဇင်းများမှာလည်း အရည်အသွေးမြင့်မားပြီး မြိုင်ဆိုင်ဝေဆာ ခံ့ညားလှသည်။ ထူးခြားလှသည်မှာ ရန်ကုန်တက္ကသိုလ် စိတ်ပညာအသင်းကြီးသည် ယခုတိုင် နာယကကြီး ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) (ယခင်ပြည်ထဲရေးဝန်ကြီး–ငြိမ်း)က ဦးဆောင်၍ စိတ်ပညာမဂ္ဂဇင်းကို ထုတ်ဝေလျက်ရှိသည့်အပြင် အသင်းသူ အသင်းသားများအား လူမှုရေးအကူအညီများ ဖြည့်ဆည်းပေးလျက်ရှိသည်မှာ အလွန်ဂုဏ်ယူအားရ အားကျဖွယ်ဖြစ်ပါသည်။

စာရေးသူ ဌာနဆိုင်ရာအရာထမ်းဘဝဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ရာတွင်လည်း စာနယ်ဇင်းဆိုင်ရာ ဌာနဖြစ်သောကြောင့် မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်း စာအုပ်စာတမ်းများ ထုတ်ဝေခြင်း၊ စာတမ်းများ ရေးသားပြုစုခြင်းတို့အတွက် လိုအပ်သော အထောက်အကူပြုစာအုပ်စာတမ်း၊ စာစောင်၊ ပေစာ အထောက်အထားများကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် အမျိုးသား မော်ကွန်းတိုက်တို့ကို အဓိကအားကိုးအားထားပြုရပါသည်။ ပညာပြည့်ဝ နှလုံးလှလျက် ရှာဖွေလေ့လာသူမှန်သမျှအား စာပေပါရမီဖြည့်ဆည်းပေးရန် အဆင်သင့်ဖြစ်နေကြသော စာကြည့်တိုက်သုတေသီကြီးများဖြစ်ကြသည့် ဆရာဦးသိန်းဟန်(ဆရာဇော်ဂျီ)၊ ဆရာ ဦးသော်ကောင်း၊ ဆရာမ ဒေါ်တင်အုန်းနွယ်၊ ဆရာမ ဒေါ်တင်ဝင်းရည်၊ ဆရာမ ဒေါ်နီနီနိုင်တို့အား အမြဲအမှတ်ရ ကျေးဇူးတင်ရှိနေရပါသည်။ (ဤနေရာတွင် အမိရန်ကုန် တက္ကသိုလ်ကြီး၏ ပထမဆုံး စာကြည့်တိုက်မှူးနှင့် မြန်မာ့အသံ၏ ပထမဆုံး ညွှန်ကြားရေးဝန် တာဝန်များကို စတင်ထမ်းဆောင်ခဲ့သည့် ဆရာကြီး ဦးခင်ဇော်(ဆရာ k) ကို မမီလိုက်၍ ချန်ထားခဲ့ရပါသည်။)

စာရေးသူသည် ယခုအချိန်တိုင်အောင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီးနှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကြီးတို့နှင့် အဆက်မပြတ်ရှိနေသဖြင့် အမိရန်ကုန်တက္ကသိုလ်ကြီး၏ ဥပမိရုပ်နှင့် ပညာဝိညာဉ်တို့သည် စာရေးသူ၏ နှလုံးသားတစ်နေရာတွင် အစဉ်အမြဲနေရာယူထားသည်ဟု ဆိုချင်ပါသည်။ ထိုမျှ တက္ကသီလာ မြကျွန်းသာကျောင်းတော်မဟာကို နှေးထွေးခိုင်မြဲစွာ ခင်တွယ်မိပါသည်။ ယနေ့ ပစ္စက္ခ ကာလသည် "ပညာခေတ်" ဖြစ်ပေရာ အမိမြန်မာပြည်ကြီး၏ အဆင့်မြင့်ပညာရေးဗိမာန်ကြီးတစ်ခုဖြစ်သည့် အမိရန်ကုန်တက္ကသိုလ်သည်လည်း နှစ်(၁၀၀) ပြည့်ကာလမှသည် နောင်ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ "ကမ္ဘာ့အဆင့်မီ ပညာအခြေပြု လူ့အဖွဲ့အစည်းကြီး" ဖြစ်လာအောင် ဆတက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း နှစ် (၁၀၀)ပြည့် ဆုတောင်းစကားဖြင့် ပန်ကြားတင်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

**၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

## နိုင်ငံတော်သမ္မတထံသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာနိုင်ငံ ဆက်လက် သာယာဝပြော၍ ကြွယ်ဝတိုးတက်စေရန်အတွက်လည်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး အထူးကောင်းမွန်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များတွင် ဆက်လက်ရှင်သန် ထွန်းကားနေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ သမ္မတ အလက်ဇန္ဒား လူကာရှန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဘယ်လာရုစ်ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အဆွေတော်တို့၏နိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းရာတွင် အောင်မြင်မှုများရရှိခဲ့သည့်အတွက် နှစ်ထောင်းအားရဖြစ်ရပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သာတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုတို့အပေါ် အခြေခံသော အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ထွန်းကားမည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာအသက်ရှည်၍ လုပ်ငန်းများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ၊ သမ္မတ ဒေးဗစ် ခဘူဝါ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မာရှယ်ကျွန်းစု သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မာရှယ်ကျွန်းစုသမ္မတနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဆက်ဆံရေးအပေါ် တန်ဖိုးထားပြီး မိမိတို့နှစ်နိုင်ငံပြည်သူများအကျိုးကို ရှေးရှု၍ နှစ်ဖက်အကျိုးစီးပွားကို ဖော်ဆောင်လျက် ပိုမိုရင်းနှီးသည့်ဆက်ဆံရေးအား တည်ထောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခုကဲ့သို့သော နိုင်ငံတော်အတွက်အရေးပါသည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပသည့် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများနှင့် အစိုးရတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ယူကရိန်းနိုင်ငံ၊ သမ္မတ ဗိုလိုဒီမီးရ် ဇီလန်းစကီး ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ယူကရိန်းနိုင်ငံကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီထွန်းကားရေးနှင့် ရင်ကြားစေ့ရေးအား ရည်ရွယ်သည့် အဆွေတော်ရွေးချယ်ထားသော နိုင်ငံရေးလမ်းကြောင်းအား မြန်မာပြည်သူပြည်သားများမှ အပြည့်အဝယုံကြည်မှုမှာ မကြာသေးမီက ကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲများ ရလဒ်၌ ထင်ဟပ်ခဲ့ပါသည်။ အပြန်အလှန်လေးစားမှု၊ အာဆီယံမူဘောင်အပါအဝင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို တက်ကြွစွာ တိုးမြှင့်တည်ဆောက်သွားရန် ယူကရိန်းနိုင်ငံအနေဖြင့် အသင့်ရှိပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ကျန်းမာ၍ နိုင်ငံတော်၏ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် သာယာဝပြောမှုတို့ရရှိစေရေး ဆုမွန်ကောင်း ပို့သအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဟန်ဂေရီနိုင်ငံ၊ သမ္မတ ဂျားနို့စ် အာဒါ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဟန်ဂေရီသမ္မတနိုင်ငံတို့အကြား ၁၉၅၆ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံရေးထူထောင်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံအကြားတွင် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုအုတ်မြစ်ကို ချမှတ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကြောင့် လွန်ခဲ့သောနှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာခဲ့သည့်အပေါ် များစွာ နှစ်ထောင်းအားရဖြစ်မိပါသည်။ ဟန်ဂေရီနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် သန္နိဋ္ဌာန်ချထားသည်ကို အတည်ပြုအပ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် တာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၊ သမ္မတ ရှက်ဗ်ကတ် မီဇိုင်းယဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် ဘက်ပေါင်းစုံပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် မိမိတို့ ပြည်သူပြည်သားများနှင့် နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို အပြန်အလှန်အားဖြည့်ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် က ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူပြည်သားများထံသို့ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခုကဲ့သို့ စိန်ခေါ်မှုကာလမှာ တစ်ကမ္ဘာလုံး သာယာဝပြောရေးအတွက် နိုင်ငံ တစ်နိုင်ငံချင်းစီမှ ပါဝင်ပံ့ပိုးမှုများသည် အလွန်အရေးကြီးကြောင်း မိမိတို့အား ထပ်မံသတိပေးလိုက်ခြင်း ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရေးအတွက် မိမိတို့ အတူတကွ ပူးပေါင်းဆောင်ရွက်နေသည့်အလျောက်၊ ပိုမိုခံနိုင်ရည်ရှိပြီး၊ ရေရှည်တည်တံ့သည့် တရားမျှတသော လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်ရန် ပြန်လည်ထူထောင်မှုမှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေကို ဖြေရှင်းရန်အတွက် တိကျပြတ်သားသည့် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရမည်ဖြစ်ပြီး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များသို့ ရောက်ရှိနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများကိုလည်း မြှင့်တင်ရမည် ဖြစ်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်တွင် မိမိအနေဖြင့် ကုလသမဂ္ဂ ပိုမိုခိုင်မာမှုရှိစေရန်နှင့် အားလုံးအတွက် ပိုမိုကောင်းမွန်ပြီး ငြိမ်းချမ်းမှုရှိသည့် ကမ္ဘာတည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပူးပေါင်းပါဝင်မှုကိုလည်း အားထားပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဟန်ဂေရီနိုင်ငံ၊ ဝန်ကြီးချုပ် ဗစ်ခ်တာ အော်ဘန် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခင်နှစ်အတွင်းက ဘူဒါပတ်(စ်)မြို့သို့ လာရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုအဆင့်မြှင့်တင် တိုးတက်စေရန် အခွင့်အလမ်းများ ဖြစ်ထွန်းစေခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိန်ခေါ်မှုတို့ရှိသော်လည်း အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့အပေါ် အခြေခံသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားရန် ကတိကဝတ်ပြုအပ်ပါသည်။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ထူးကဲများပြားစွာ ပါဝင်မဲပေးခဲ့ကြသည့် မြန်မာပြည်သူများအတွက်လည်း ဂုဏ်ယူမိပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် တာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ (၇၅)ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဇန်နဝါရီ ၈ ရက် ညတွင် ပွဲစဉ် (၅)ကို ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂီတမှူး နိုင်ဇော်နှင့် Art Robots တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် မြန်မာပြည်သိန်းတန်၊ စိန်ဝင်းထွန်း၊ မေခလာ၊ Lဆိုင်းဇီ၊ မေစံပယ်ညို၊ သဲနုဝါနှင့် အေးမြဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၆**

ထူးခြားသည့် ညအပူချိန်များမှာ မိုင်းယန်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ နမ့်စန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

## ထက်လှိုင်

တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်လျက်ရှိသည့် Sharing Economy နှင့် အနာဂတ်တွင် အရေးပါမှုဆိုင်ရာ ဗဟုသုတ မျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။** ။ ဒီအစီအစဉ်မှာ တစ်ကမ္ဘာလုံးမှာ ဖြစ်ပေါ်နေတဲ့ Sharing Economy ရဲ့ အကြောင်းတွေ၊ အနာဂတ်မှာ Sharing Economy ရဲ့ အရေးပါပုံတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ ရောဝတီဘဏ်ရဲ့ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်ထွန်းဖေနဲ့ Oway Group ရဲ့ ဥက္ကဋ္ဌ ဦးနေအောင်တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံး မေးခွန်းအနေနဲ့ Sharing Economy ဆိုတာဘာလဲ၊ Sharing Economy ကို မြန်မာနိုင်ငံမှာ ဘယ်လိုအသုံးပြုနိုင်သလဲဆိုတာ ဦးချစ်ထွန်းဖေက ရှင်းပြပေးပါဦး။

**ဦးချစ်ထွန်းဖေ။** ။ Sharing Economy ဆိုတာ တကယ်တမ်းက ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝေမျှအသုံးပြုနိုင်မယ့် အရင်းအမြစ်တွေကို သုံးစွဲနေတဲ့သူအချင်းချင်း ကိုယ်တိုင်ပါဝင်ပြီး ဝန်ဆောင်မှုလုပ်ငန်းတွေမှာ မိမိက ကုန်ပစ္စည်းသုံးစွဲသူအနေနဲ့ရော၊ ထုတ်လုပ်သူအနေနဲ့ရော၊ အကျိုးဆောင်သူအနေနဲ့ရော ပူးပေါင်းပြီး ပါဝင်နိုင်တဲ့ လူမှုအသိုက်အဝန်း အခြေပြုတဲ့ စီးပွားရေးပုံစံ တစ်ခုဖြစ်ပါတယ်။

သီအိုရီကို ရှင်းပြတာက နည်းနည်းခက်ပါတယ်။ ဒါကြောင့် ဥပမာတစ်ခုနဲ့ ရှင်းပြချင်ပါတယ်။ မြန်မာနိုင်ငံက လယ်သမားကြီး ဦးသိန်းမောင် ဆိုကြပါစို့၊ သူ့မှာ လယ်ယာပိုင်ဆိုင်မှုတွေရှိတယ်။ သို့သော် ရာသီအလိုက် စိုက်ပျိုးထားတာတွေ ရိတ်သိမ်းဖို့အတွက် ရိတ်သိမ်းခြွေလှေ့စက်တွေ ဝယ်ထားတယ်။ သူ့အနေနဲ့ ဝယ်ယူထားတဲ့ စက်တွေကို တစ်နှစ်မှာ နှစ်ကြိမ်စိုက်ပျိုးတဲ့ သီးနှံတွေအတွက် အသုံးပြုပါတယ်။ ကျန်တဲ့အချိန်မှာ စက်တွေကို ဒီအတိုင်းထားပါတယ်။

ဒီလိုအခြေအနေမျိုးမှာ လယ်သမားကိုဖိုးထောင်က လယ်သမားကြီး ဦးသိန်းမောင်မှာ စက်တွေ ရှိတာကို သိတယ်။ ကိုဖိုးထောင်အနေနဲ့ လယ်ယာမြေတွေရှိတယ်။ သူ့ရဲ့လယ်ယာမြေမှာ စိုက်ပျိုးတဲ့အခါ အသုံးပြုဖို့အတွက် စက်တွေကို မဝယ်ယူဘဲ၊ ၎င်းအစား လယ်သမားကြီး ဦးသိန်းမောင်စီကနေ ငှားရမ်းအသုံးပြုဖို့ ကြိုးစားပါတယ်။ ဒါက Sharing ကို စတင်အသုံးပြုလာခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ကိုဖိုးထောင်အနေနဲ့ ဒီထက်တစ်ဆင့်ပိုပြီး အသုံးပြုချင်တာက သူ့လို လိုအပ်နေတဲ့ တခြားလယ်သမားတွေကို ဒီလိုစက်မျိုးအသုံးပြုနိုင်ဖို့နဲ့ လယ်သမားကြီး ဦးသိန်းမောင်ကဲ့သို့ စက်တွေ ပိုနေတဲ့လယ်သမားကြီးတွေအတွက် ကြားကနေ ဝန်ဆောင်မှုပေးချင်တာဖြစ်ပါတယ်။ စက်တွေပိုနေတဲ့ လယ်သမားတွေဆီကနေ စက်တွေကို ပိုက်ဆံပေး ငှားရမ်းပြီး လိုအပ်နေတဲ့ လယ်သမားတွေအတွက် ဝန်ဆောင်မှုပေးတဲ့စနစ်မျိုး ဖြစ်ပါတယ်။

ဒါကို မြန်မာနိုင်ငံမှာ အိုးဝေ (Oway)၊ Grab စတဲ့ တက္ကစီအငှားယာဉ်လုပ်ငန်းတွေမှာ Sharing Economy ကို တွေ့နေရပါပြီ၊ အားလုံးမြင်သာဖို့အတွက် စိုက်ပျိုးရေးကဏ္ဍကနေ ဥပမာပေးခဲ့ခြင်း ဖြစ်ပါတယ်။

Sharing လို့ပြောတဲ့အခါ ရုံးအဆောက်အအုံတွေ၊ စက်ပစ္စည်းယန္တရားတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပိုနေတဲ့ အရင်းအမြစ်တွေကို မိမိသာမက တခြားသူတွေကိုလည်း ဒါတွေကို ဝေမျှရောင်းချခြင်း၊ တခြားသူတွေကလည်း ပိုနေတာတွေကို စနစ်တခုထဲမှာထည့်ပြီး ပိုမိုရောင်းချနိုင်တယ်ဆိုရင် စီးပွားရေးရဲ့ အသုံးချမှုက ပိုမိုထိရောက်မှုရှိပါတယ်။ အရေးကြီးဆုံးက ပြည်တွင်းမှာ အလုပ်အကိုင်နဲ့ ဈေးမျှတပြီး တန်ဖိုးရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ရရှိနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်က Sharing Economy ၏ အခြေခံသဘောတရားဖြစ်ပါတယ်။




ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ရောဝတီဘဏ် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်ထွန်းဖေနှင့် Oway Group ဥက္ကဋ္ဌ ဦးနေအောင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

> **“Sharing Economy ဆိုတာ နာမည်အတိုင်းပါပဲ။ မိမိမှာရှိတဲ့ ပစ္စည်းတွေကို ဝေမျှအသုံးပြုတာပါ။ မိမိမှာ အိမ်တွေရှိတယ်ဆိုရင် တစ်နှစ် သို့မဟုတ် တစ်လ ငှားရမ်းပေးတယ်။ ဒီလိုပဲ မိမိမှာ မော်တော်ယာဉ်တွေ အများကြီးရှိပြီး ပိုနေတယ်ဆိုရင် ပြန်ပြီးငှားလို့ ရပါတယ်။ တစ်ချိန်တည်းမှာ အချိန်ပိုတွေရှိ”**

**အစီအစဉ်မှူး ။** ။ Sharing Economy နဲ့ပတ်သက်ပြီး ဦးနေအောင်ရဲ့ အမြင်ကို ဆွေးနွေးပေးပါဦး။

**ဦးနေအောင် ။** ။ Sharing Economy ဆိုတာ နာမည်အတိုင်းပါပဲ။ မိမိမှာရှိတဲ့ ပစ္စည်းတွေကို ဝေမျှအသုံးပြုတာပါ။ မိမိမှာ အိမ်တွေရှိတယ်ဆိုရင် တစ်နှစ် သို့မဟုတ် တစ်လ ငှားရမ်းပေးတယ်။ ဒီလိုပဲ မိမိမှာ မော်တော်ယာဉ်တွေ အများကြီးရှိပြီး ပိုနေတယ်ဆိုရင် ပြန်ပြီးငှားလို့ ရပါတယ်။ တစ်ချိန်တည်းမှာ အချိန်ပိုတွေရှိလာတယ်။ ဒါတွေကို တခြားလုပ်ငန်းတွေမှာ အချိန်ပိုင်းအနေနဲ့ ဝင်ရောက်လုပ်ကိုင်ပြီး မိမိတတ်ကျွမ်းနားလည်တဲ့ Expertise ကို Sharing လုပ်လာကြပါတယ်။

အဓိက ဂလိုဘယ်မှာဖြစ်နေတာက ပေါက်မြောက်အောင်မြင်နေတဲ့ဈေးအကြီးဆုံးဖြစ်တဲ့ Auto Sharing ဆိုတဲ့ မော်တော်ကား sharing ပါ။ မိမိမှာရှိနေတဲ့ကားတွေ၊ ပိုနေတဲ့ကားတွေ ပြန်ငှားကြတာပါ။ နောက် မိမိမှာ ဝင်ငွေအပိုရှိနေတယ် ဆိုပါစို့၊ မိမိက ဘဏ်တစ်ခု ပြန်ဖြစ်သွားပါတယ်။ ဘဏ်ရဲ့ အဓိကလုပ်ငန်းက ငွေချေးပေးတာဖြစ်ပါတယ်။ ဒီလိုမျိုး ပလက်ဖောင်းတွေ ရှိလာတဲ့အခါ မိမိမှာ ပိုနေတဲ့ ငွေတွေကို ပြန်ချေးပေးတာရှိလာတယ်။ ဒါက မိမိမှာရှိတဲ့ အရင်းအမြစ်တွေကို ပြန်ပြီး အသုံးချပေးတာပါ။

နောက်တစ်ဆင့်က ဒစ်ဂျစ်တယ်အင်တာနက်နဲ့ ဘယ်လိုမျိုး ပြန်ပြီးကိုက်ညီလဲဆိုတာကို စဉ်းစားရပါမယ်။ တကယ့်အင်တာနက်ရဲ့ အဓိကအချက်က ဘာလုပ်ပေးလဲဆိုရင် အင်တာနက်က လူတွေအများကြီးကို ဈေးနှုန်းသက်သက်သာသာနဲ့ ထိရောက်အောင် လုပ်ပေးတာပါ။ အင်တာနက်ကနေ လူတွေအများကြီးက ဈေးနှုန်းသက်သက်သာသာနဲ့ ကြည့်လို့ရတယ်။ ဒီဘက်မှာ မိမိရဲ့ ပိုနေတဲ့ ပစ္စည်းတွေရှိတယ်၊ ဝန်ဆောင်မှုတွေရှိတယ်။ ဒီနှစ်ခုကို ချိတ်ဆက်လိုက်တဲ့အခါမှာ Sharing Economy ဆိုတာ ဖြစ်လာတာပါ။

ဒါပေမယ့် ဘာကို ပြန်ခက်လာလဲဆိုတော့ ဥပမာ – ဟိုတယ်တစ်ခုမှာ ဝန်ဆောင်မှုအမျိုးမျိုးရှိပေမယ့် မိမိအနေနဲ့ တစ်ရက် သို့မဟုတ် နှစ်ရက် သွားရောက်ငှားရမ်းတဲ့အခါမှာ ဘယ်ဟိုတယ်က ဘယ်လိုမျိုး ဝန်ဆောင်မှုမျိုးရှိပြီး မိမိတို့ ငှားရမ်းမှုလိုတဲ့ပုံစံနဲ့ ကိုက်ညီမှု ရှိ / မရှိဆိုတဲ့ အခက်အခဲတစ်ခု ရှိလာပါတယ်။ ဒါကို ဖြည့်ဆည်းပြီး ချိတ်ဆက်ဆောင်ရွက်ပေးမယ့် Market Place ဆိုတဲ့ ပလက်ဖောင်းတစ်ခု ပေါ်ပေါက်လာပါတယ်။

ဒါက အိမ်တစ်လုံး ငှားရမ်းလိုတဲ့အခါ သူတို့ကနေပြီး အိမ်ငှားရမ်းပေးမယ့်သူရဲ့ အိမ်ပုံစံ ဓာတ်ပုံတွေ၊ အချက်အလက်တွေကို တောင်းယူပြီး ဒါတွေက အမှန်တကယ်ဟုတ် / မဟုတ် ဆိုတာကို လိုက်လံစစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးပြီး မှန်ကန်တယ်ဆိုရင် လာရောက်နေထိုင်မယ့်သူတွေရဲ့ အချက်အလက်တွေကို အိမ်ပိုင်ရှင်တွေကို ပြသပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ညှိနှိုင်းဖြေရှင်းပေးတဲ့ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးပါတယ်။

ဒီလိုမျိုး ဆောင်ရွက်ပေးတဲ့ လုပ်ငန်းတွေအနေနဲ့ မော်တော်ကားအငှားဝန်ဆောင်မှု၊ အိမ်အငှား ဝန်ဆောင်မှု စတဲ့ အောင်မြင်တဲ့လုပ်ငန်းတွေအနေနဲ့ ရှိပါတယ်။ ဒါပေမယ့် ဒီလုပ်ငန်းတွေက Limited မဖြစ်နေပါဘူး။ ဒီဘက်က အင်တာနက်နဲ့ မိမိမှာရှိနေတဲ့ ပစ္စည်းတွေနဲ့ ပေါင်းလိုက်ရင် Sharing Economy ဆိုတာ ဖြစ်လာပါတယ်။

**အစီအစဉ်မှူး ။** ။ တစ်ကမ္ဘာလုံးမှာ ဖြစ်ပေါ်နေတဲ့ Sharing Economy ရဲ့ အကြောင်းနဲ့ အနာဂတ်မှာ Sharing Economy ရဲ့ အရေးပါမှုတွေကို ဦးချစ်ထွန်းဖေက ဆွေးနွေးပေးပါဦး။

**ဦးချစ်ထွန်းဖေ။** ။ လက်ရှိခန့်မှန်းထားတာက ၂၀၂၅ ခုနှစ်အထိမှာ Sharing Economy စုပေါင်းဝေငှဆောင်ရွက်တဲ့စီးပွားရေးစနစ်က အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၃၅ သန်းအထိ ကြီးမားတဲ့ပမာဏ ရှိမယ်လို့ ခန့်မှန်းထားကြပါတယ်။ အမေရိကန်လို နိုင်ငံမျိုးမှာ လူဦးရေသန်းပေါင်း ၈၀ ကျော်လောက်အထိ Sharing Economy ကို အခု ၂၀၂၁ ခုနှစ်မှာ စတင်သုံးစွဲနေကြတာကို သုတေသန အချက်အလက်တွေအရ သိကြရပါတယ်။

တစ်ကမ္ဘာလုံးသာမက အခု မြန်မာနိုင်ငံမှာလည်း ရောက်ရှိနေပါပြီ။ အခုဆိုရင် Oway တို့၊ Grab တို့နဲ့ အခြားကုန်စည်တွေဆိုရင် ဒီပလက်ဖောင်းတွေကို သုံးစွဲနေပြီဖြစ်ပါတယ်။ မိမိရဲ့ ရုံးနေရာကို ရေရှည်ငှားစရာမလိုဘဲ၊ လိုမှစားပွဲခုံယူပြီး ငှားလို့ရတယ်ဆိုတဲ့ စနစ်မျိုးတွေ ကျွန်တော်တို့ နိုင်ငံမှာ ပေါ်နေပါပြီ။ ဒါက အနာဂတ်မှာ ဒီထက်ပိုပြီး သုံးစွဲမှုတွေ မြင့်လာမယ့်သဘောလို့ ကျွန်တော်ထင်ပါတယ်။

ဘာကြောင့် Sharing Economy က အနာဂတ်မှာ အရေးပါနိုင်သလဲဆိုတော့ နံပါတ်တစ်က ကိုဗစ်-၁၉ ဖြစ်ပွားတဲ့အခါမှာ လူတော်တော်များများက ဒစ်ဂျစ်တယ်၊ အင်တာနက်၊ ဖုန်းဘွတ်တွေပေါ်ကို ပိုမိုရောက်ရှိလာကြပါတယ်။ ဘာပဲလုပ်လုပ် မိုလ်ဘိုင်းဖုန်းနဲ့ ဝယ်မယ်၊ ပေးမယ်။ ကျွန်တော် ထင်တယ် ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ ဒစ်ဂျစ်တယ်သုံးစွဲမှုက ပိုပြီးများပြားလာမှာ ဖြစ်ပါတယ်။

ဒီအခါမှာ Sharing Economy က ဘာအခွင့်အလမ်းတွေ ပေးသလဲဆိုတော့ တစ်ဖက်ကလည်း အရင်းအမြစ်တွေ ရှိနေတယ်။ ဒါကို ထိထိရောက်ရောက်နဲ့ ဝေမျှနိုင်ဖို့နဲ့ ပါဝင်တဲ့သူတွေအားလုံး အကျိုးကျေးဇူးရရှိဖို့ပါ။ အဓိက ကျွန်တော်တို့နိုင်ငံမှာ နေထိုင်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရဖို့ လိုအပ်ပါတယ်။ Sharing Economy ရဲ့ အားသာချက်တစ်ခုက ပြည်တွင်းမှာ ထိုက်သင့်တဲ့ အလုပ်အကိုင်တွေ ဖန်တီးပေးဖို့ ပါပါတယ်။

စနစ်တစ်ခုဖြစ်တဲ့အတွက် ဒါတွေအားလုံးကို ဘယ်သူက ရောင်းတယ်။ ဘယ်သူ့ကို ရောင်းတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့အတွက် ဒီစနစ်က Check and Balance လုပ်နိုင်မှာ ဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေမှာ မျှတတဲ့ ပြိုင်ဆိုင်မှုဖြစ်လာပြီး အခွင့်အလမ်းသစ်တွေ ပေါ်လာနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် သုံးစွဲမှုအနေအထားက ပိုပြီးများပြားလာနိုင်ပါတယ်။

နောက်ပြီး ပြည်တွင်းလုပ်ငန်းရှင်တွေအတွက် အခွင့်အရေးတွေ ရလာနိုင်တယ်။ တချို့ ဟာတွေမှာ ကျွန်တော်တို့က Crowd Funding , Crowd Sourcing လို့ခေါ်ပါတယ်။ ကျွန်တော်တို့က ငွေကြေးမတတ်နိုင်ဘူး၊ ပစ္စည်းတစ်ခု ဝယ်ချင်တယ်။ စုပေါင်းပြီးဝယ်နိုင်တဲ့ စနစ်မျိုး၊ စုပေါင်းငွေချေးတဲ့စနစ်လိုမျိုးတွေ ဖြစ်လာပါတယ်။ အရင်က မရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမယ့် စနစ်တစ်ခု မရှိတဲ့အတွက် လိမ်သွားမှာ၊ သူ့ကိုစောင့်ကြည့်ရမှာ ရှိပါတယ်။ ဒီနေ့ခေတ်မှာ နည်းပညာတွေ ပေါ်လာပြီး ပိုမိုကောင်းမွန်တဲ့ ထိန်းကျောင်းတဲ့စနစ်တွေ ပါလာတဲ့အတွက် စုပေါင်းဆောင်ရွက်တဲ့ စနစ်တွေက Sharing Economy မှာ သုံးစွဲမှု ပိုမိုများပြားလာမှာဖြစ်ပါတယ်။

နောက်တစ်ခု အရေးကြီးတဲ့အပိုင်းက တီထွင်ကြံဆခြင်းဖြစ်ပါတယ်။ Sharing Economy မှာ Gig Economy လို့ခေါ်ပါတယ်။ ပစ္စည်းတွေ ရောင်းရုံမဟုတ်ပါဘူး။ လူတွေရဲ့ အစွမ်းအစ၊ အရည်အချင်း၊ ဥပမာ – ကွန်ပျူတာသမားတွေဆိုရင် ပရိုဂရမ်မာလိုမျိုး၊ စီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ အကြံပေးတဲ့သူတွေ၊ စာရင်းအင်းပညာရှင် ဖြစ်မယ်။ ဒီလိုလူတွေက သူတို့ရဲ့ ပိုနေတဲ့အချိန်ကို သူတို့ရတဲ့ လုပ်ငန်းတွေက အတွေ့အကြုံတွေကို ဒီလိုပလက်ဖောင်းတွေ၊ အွန်လိုင်းတွေကနေတစ်ဆင့် မျှဝေနိုင်ပါတယ်။ လူတွေရဲ့ ကျွမ်းကျင်မှုတွေကို ရနိုင်ပါတယ်။

ဈေးကြီးကြီးတွေနဲ့ လုပ်ရမယ့်အစား လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်နဲ့ ရနိုင်ပါတယ်။ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုဆိုရာမှာ လူတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေကို Sharing Economy မှာ ပလက်ဖောင်းပေါ်ကနေ ဝေမျှချင်တဲ့သူကလည်း ဝေမျှနိုင်ပါတယ်။ ဒါကို ဒီနေ့ခေတ် သင်ကြားမှုတွေမှာ အများကြီးတွေ့နေရပါတယ်။

Marketing ဆရာတွေ၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပတ်သက်တဲ့ပုဂ္ဂိုလ်တွေ၊ Management နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အွန်လိုင်းကနေ သင်ကြားမှုတွေကို လွယ်လွယ်ကူကူနဲ့ ကိုယ်သိတဲ့အရာကို မျှဝေပြီး ပိုက်ဆံရှာလို့ရသလို သူများရဲ့သင်ကြားမှုကို ကျွန်တော်တို့က သက်သက်သာသာနဲ့ ဒစ်ဂျစ်တယ်ပေါ်ကနေ သင်ကြားလို့ ရပါတယ်။

ဒါတွေက Sharing Economy ရဲ့ အစိတ်အပိုင်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပညာရေးကို ဦးစားပေးကြတဲ့သူတွေ များတဲ့အတွက်ကြောင့် Sharing Economy လို့ပြောရင် ကုန်ပစ္စည်းတွေသာမက ဒါတွေကို လုပ်ဆောင်လာကြပါတယ်။ အနာဂတ်ကို တွေးထားတာက တီထွင်ကြံဆမှုတွေ၊ ပြည်တွင်းမှာ အလုပ်အကိုင်ဖန်တီးမှုတွေ၊ ပညာရပ်ပိုင်းဆိုင်ရာတွေကို အသုံးချပြီး ဥပမာ – Uber နဲ့ Grab တို့က နိုင်ငံပေါင်း ၈၀ ကျော်လောက်မှာ Operate လုပ်ပါတယ်။

မြန်မာနိုင်ငံအတွင်း သာမက အာဆီယံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ စတဲ့ဒေသတွင်းနိုင်ငံတွေနဲ့ပါ ချိတ်ဆက်ထားတဲ့ Value Chain တန်ဖိုးရှိတဲ့အရာကို အသုံးချပြီး Sharing Economy ကို တစ်စိတ်တစ်ဒေသအနေနဲ့ ပြည်တွင်းစီးပွားရေးတွေကို ဖန်တီးနိုင်မယ့် အနာဂတ်မျိုးလို့ ကျွန်တော်ထင်ပါတယ်။

*စာမျက်နှာ ၁၄ သို့*

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၁**
**၁၃၈၂ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၆ ရက်**
**( ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတ က အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

*ယမန်နေ့မှ အဆက်*

## ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တမာလာ၊ သဒ္ဓမ္မဂီရိတောရဓမ္မရိပ်သာကျောင်းတိုက်၊ နဝဒေးရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တပညာဝံသ၊ဇမ္ဗူရတနာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ သံတံတားရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တသြဘာသ၊ အုံ့တုံးတောင်တောရဓမ္မရိပ်သာကျောင်းတိုက်၊ စိုင်ဒူးကျေးရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တကေလာသ၊ ရတနာဝေပုလ္လကျောင်းတိုက်၊ အရှေ့ထူးမကျေးရွာ၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဓမ္မပီယ၊ ငါးဆင့်အရှေ့ကျောင်းတိုက်၊ ရွှေအိုး(၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တကုမာရ ၊ ပင်မမိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တအဂ္ဂဝံသ၊ သီရိမင်္ဂလာသိမ်ကုန်းဓမ္မရိပ်သာကျောင်းတိုက်၊ သီရိမင်္ဂလာရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တခေမာစာရ၊ ပုပ္ပါးရုံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မြို့မတောင်ရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တစန္ဒာသီရိ၊ မိုးကုတ်ဝိပဿနာမဟာစေတျာရာမချောင်းပတ်ကျောင်းတိုက်၊ ချောင်းပတ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တတေဇဝန္တ၊ သဲကုန်းမိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်၊ သဲကုန်းစံပြကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကုသလ၊ ဆင်ဖြူကုံကျောင်းတိုက်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တစန္ဒိမာ၊ မေတ္တာစွမ်းရည်ရွှေသိမ်တော်ကျောင်းတိုက်၊ ကသဲကုန်း-ရှမ်းရွာကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဥက္ကံသ၊ ဖားအောက်တောရသာသနာ့ရိပ်သာ(ပင်မ)ကျောင်းတိုက်၊ ဖားအောက်ကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်
၁၄။ ဘဒ္ဒန္တသုန္ဒရ ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဟင်္သာတကျောင်းတိုက်၊ တိုးချဲ့(၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဇောဂရိယ၊ မိုးကုတ်ဝိပဿနာရွှေခြံဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဒေါက်တာဘဒ္ဒန္တနေမိန္ဒ၊ ရွှေမင်းမဟာ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ထိန်စွန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တမေဃိယ၊ ရွှေသန်လျင်သာသနာ့ရိပ်သာ လဟာရက်ကျောင်းတိုက်၊ လဟာရက်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဒေါက်တာဘဒ္ဒန္တနန္ဒာစာရ၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ အမှတ်(၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏိသရ၊ ရွှေမေတ္တာမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရွာသာကြီးရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဒေါက်တာဘဒ္ဒန္တဝါယာမိန္ဒ ၊ မြတ်ပါရမီဓမ္မရိပ်သာ၊ ဆင်ဖုန်-ဒက္ခိဏာရုံကျောင်းတိုက်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသုမန၊ သထုံ(မူလ) မင်းကွန်းဇေတဝန်သာသနာ့မာရ်အောင်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ တောင်ကွက်သစ်ရပ်ကွက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဓမ္မသုခတောရဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ လွယ်လုံကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်
၂၃။ ဘဒ္ဒန္တစန္ဒိမာ၊ သထုံ(မူလ) မင်းကွန်းသာသနာ့မာရ်အောင်ပိန္နဲပင်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပိန္နဲပင်ကျေးရွာ၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်
၂၄။ ဘဒ္ဒန္တတိက္ခဉာဏ၊ မန္တလေးကျောင်းတိုက်၊ အမှတ်(၆)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တနန္ဒောဘာသ၊ ဇမ္ဗူအေးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ ပတ်ပြဲကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံဆရာတော်ကြီး

၂၆။ ဒေါက်တာဘဒ္ဒန္တဇနိတ၊ သဲအင်းဂူဓမ္မဝိဟာရကျောင်းတိုက်၊ 1360 Western Port Highway, Cranbournes South, VIC 3977 ၊ သြစတြေးလျနိုင်ငံ

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးအောင်အောင်၊ အမှတ်(၂၇၃-က)၊ လမ်း (၈၀)၊ (၃၂x၃၃)လမ်းကြား၊ ကဠုနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးလှထွန်း၊ အမှတ်(၅၄၁)၊ အောက်လမ်းမကြီး၊ သိမ်ကုန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၃။ ဦးမောင်ကျင်၊ အမှတ်(၁၀၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဦးသန်းဝင်း၊ အမှတ် (အေ/၃၉)၊ နှောင်ရိုးလမ်း၊ အမှတ်(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဒေါက်တာတင့်စိုးလင်း၊ အမှတ်(၁၁၉)၊ သံလွင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးတင်မောင်၊ အမှတ်(၂၃၈/၂၄၀)၊ ကုန်ဈေးတန်းလမ်း(အလယ်ဘလောက်)၊ အမှတ်(၄) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဦးသက်လင်း၊ အမှတ်(I-18)၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဒေါက်တာလှဝင်းအောင် ၊ အမှတ် (၆၉)၊ အခန်း (၅၀၇)၊ ယုဇနကွန်ဒိုတာဝါ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဦးစိုးသန်းထွန်း ၊ အမှတ်(၅၂၀)၊ A3/ A4၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဦးဇေယျာသူရမွန်၊ အမှတ်(၉)၊ ခြံအမှတ်(၁၀)၊ ပန်းကော့ဗီလာ၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ အမှတ်(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဦးလီကျိုန်းချန် (ခ) ဦးလျှိုအားပေါက်၊ အမှတ်(၃)၊ ကျင်းရွှေထန်လမ်း၊ ရပ်ကွက်(၂)၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

## အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်မြင့်ဦး၊ နှောင်ကိုင်တော်ရပ်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်
၂။ ဒေါ်မေသက်မော်၊ တရုတ်တန်းရပ်၊ လမ်း(၈၀)၊ (၂၈x၂၉)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဒေါ်ခင်ရွှေ၊ အမှတ်(၁၂၃)၊ (၃၄)လမ်း၊ (၇၇x၇၈)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ရွှေဥ ၊ အမှတ်(စ-၃၀)၊ ကျွဲဆည်ကန်(၆)လမ်း၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ခင်အုန်းမြင့်၊ ရွှေသူဌေးရပ်၊ ကူမဲမြို့၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်မြင့်မြင့်သန်း၊ အမှတ်(၅၆)၊ (၇၂)လမ်း၊ (၂၈x၂၉)လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်သန်းသန်းနွဲ့၊ အမှတ်(၂၁/၂၈)၊ (၈၉) လမ်း၊ (၂၂x၂၃)လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဒေါ်နွဲ့နွဲ့စန်း ၊ အမှတ်(၂)၊ (၆၂)လမ်း၊ (၃၈x၃၉)လမ်းကြား၊ မဟာမြိုင်(၂) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါ်ငွေငွေသိန်း ၊ အကွက်အမှတ်(၂၇၀)၊ စမွန်းရပ်၊ (၃၄)လမ်း၊ (၈၆x၈၇) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါ်မြစန္ဒာဝင်း၊ တိုက်(၃၁) ၊ (၂၅) လမ်း၊ (၈၁x၈၂) လမ်းကြား၊ ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါ်ကြည်ပြာခိုင် ၊ အမှတ်(ဏ-၁/၇၄)၊ (၆၄)လမ်း၊ (၁၀၄x၁၀၅)လမ်းကြား၊ (ဏ-၁) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဒေါ်ညွှန့်ညွှန့်၊ အမှတ် (၂၉၃/C)၊ ဝေဇယန္တာလမ်းနှင့် (၁၀) လမ်းထိပ်၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်ခမ်းဆာ၊ အမှတ် (၈၁-ဒီ)၊ အင်းယားမြိုင်စုပေါင်းလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်ခင်လှ (ခ) ဒေါ်ခင်လှလှ၊ အမှတ်(F-46)၊ ရွှေစံပယ်(၄)လမ်း၊ F.M.I City၊ အမှတ်(၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်ကြည်ခင်၊ အမှတ်(၁၈/စီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဒေါ်သန်းသန်းဦး(ခ)မကြီး ၊ အမှတ်(၃)၊ လှိုင်ရတနာမွန်အိမ်ရာ၊ (၂)လမ်း၊ အမှတ်(၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါ်သန်းသန်းစိန် ၊ အမှတ်(၈-က)၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဒေါ်သန်းမြ၊ အမှတ်(၂၀-၂၁)၊ ပြည်သာယာအိမ်ရာ၊ မြိုင်မာလာလမ်း၊ အမှတ်(၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဒေါ်နန်းခင်ညွှန့်၊ အမှတ်(၉၁/အေ)၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဒေါ်ဝင်းမြင့်၊ အမှတ်(၁၁၂၆)၊ ဇောတိက(၁)လမ်း၊ (၁၆/၄) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဒေါ်ခင်ချိုဦး၊ အမှတ်(၃၀၁)၊ ဦးဝိစာရလမ်း၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါ်သီတာစန်း၊ အမှတ်(၁၀/ဒီ)၊ ကော့သောင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ အမှတ်(၁၄) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဒေါ်သီသီတင် ၊ အမှတ်(၁၂)AA၊ အင်းလျားလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဒေါက်တာငွေငွေရီ၊ အမှတ်(4) C/A၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၅။ ဒေါ်ခင်သန့်ဇင်၊ အမှတ်(၁/A)၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၆။ ဒေါ်နန်းဝါ ၊ အမှတ်(၅)၊ အောင်သုခလမ်း၊ (၉)မိုင်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၇။ ဒေါက်တာစောနေနွယ်၊ အမှတ်(၅၂၅/ဘီ)၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၈။ ဒေါ်အိသန္တာဘို ၊ အမှတ်(၄၃/ ၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။ ဒေါ်ရင်ရင်ဝင်း ၊ အမှတ်(၁၅၂/၁၅၄)၊ (၁၉)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်ဇေယျ၊ No.P.S.H.M(3) တစ်ဧကအထူးမြေကွက်၊ ရာဇသင်္ဂဟလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၂။ ဦးကျော်မင်းထွန်း ၊ အမှတ်(PO-၀၀၇-၀၀၈)၊ ပဒုမ္မာလမ်း၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၃။ ဦးမောင်စိုး၊ အင်တုံစုရပ်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဦးသိန်းငွေ ၊ အမှတ် (၃၇၆/၃၇၇/ ၃၇၈/ ၃၇၉)၊ မဟာဂန္ဓာရုံလမ်း၊ ၄၈(U-10) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဦးနိုင်ဖေတင်၊ အမှတ်(၁၇-အေ)၊ သုခဝတီလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးလွင်အောင်အေး၊ အမှတ်(၁၁)၊ ပါရမီ - မြစပါယ်ရိပ်သာလမ်း၊ ကမ္ဘာအေး၊ အမှတ်(၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဦးတင်ဦး၊ အမှတ်(၂၈၉)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူ ၊ အမှတ်(၇၀)၊ လ/၁၊ ငွေဝတ်မှုံရိပ်သာ၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဦးမျိုးဇော်ထွန်း၊ အမှတ်(၂၃၂)၊ အခန်း(၂၂)၊ Orchid Condo၊ အလုံလမ်းမကြီး၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဦးဇော်မင်းခိုင်၊ အမှတ်(၃၃/ခ)၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဦးမျိုးမြင့်၊ အမှတ်(၁၀)၊ ပါရမီလမ်း၊ ငွေကြာရံရိပ်သာ၊ အမှတ်(၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဦးနိုင်အေး၊ အမှတ်(၄၉) ၊ မိုးကောင်းလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီရိသုဓမ္မသီင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်မြသိန်း၊ အမှတ် (၂၆၉)၊ (၂၈) လမ်း၊ (၈၂x၈၃) လမ်းကြား၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါ်ထွေးထွေး(ခ)ဒေါ်လှထွေး ၊ အမှတ်(၁၁၅/၂၄)၊ ဗလလမ်း၊ (၁၉x၂၀) လမ်းနှင့် (၆၃x၆၄) လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဒေါ်ညွှန့်ယဉ်ဝင်း ၊ အမှတ်(၄၁၃/၄)၊ (၆၂)လမ်း၊ (၃၆x၃၇)လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်အေးအေးအောင်၊ အမှတ်(B-26)၊ ရတနာပုံလမ်း၊ (၆၅x၆၆) လမ်းကြား၊ အမှတ်(၁) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်အေးသီတာ၊ အမှတ်(၄၆၊ ၅၃)၊ မင်္ဂလာအိမ်ရာ၊ (၇၃)လမ်း၊ သဇင်လမ်းနှင့်ငုရွှေဝါလမ်းကြား၊ မြို့သစ်အမှတ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်အေးမော်စီ(ခ) ဒေါ်မော်စီ၊ အမှတ်(၁၁၂)၊ (၈၉)လမ်း၊ (၂၁x၂၂) လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၇။ ဒေါ်သန်းသန်း ၊ အမှတ်(၆/၈)၊ ဇေယျာသီရိလုံးချင်းအိမ်ရာ၊ (၃၅)လမ်း၊ (၈၈x၈၉) လမ်းကြား၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်ခင်မိုးမိုးဝင်း ၊ သီရိမင်္ဂလာရပ်၊ ရန်ကုန်-မန္တလေးလမ်း၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၉။ ဒေါ်ရူပါအေးသန်းဝင်း၊ အောင်ရုံဝင်း၊ (၈၄)လမ်း၊ (၃၇x၃၈)လမ်းကြား၊ ရတနာဘုမ္မိ အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဒေါ်သဲမဉ္ဇူမြင့်၊ လမ်းမတော်လမ်း၊ ဝက်ကြီးအင်းရပ်၊ အမှတ်(၇) ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဒေါ်မီမီအေး၊ အမှတ်(၂)၊ စံရိပ်ငြိမ် (၅) လမ်း၊ အမှတ်(၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်တင်တင်ဝင်း၊ အမှတ်(၃)၊ သုခိတာလမ်း၊ ဘောက်ထော်(၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါက်တာနီလာသိန်း၊ အမှတ်(၃၀)၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်း (မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်ကြည်ကြည်လွင်(ခ)ဒေါ်ကြူကြူ ၊ အမှတ်(၂၄၃)၊ ရွှေဘုံသာလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်သီတာအောင်၊ အမှတ်(၂၅)၊ အခန်း(၃၀၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း (တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်ချစ်စုဝင်း၊ အမှတ်(၁၂၁/စီ)၊ သံလွင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါ်မြတ်ကြည်ပြာထက်၊ အမှတ် (၁၄၀/၁၄၁-A)၊ ခတ္တာလမ်း၊ ဘုရင့်နောင်၊ အမှတ်(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါ်သန္တာဝင်း၊ အမှတ်(၂၀/၁)၊ မင်းဓမ္မလမ်း၊ Nature Park အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဒေါ်မိုးပြည့်ပြည့်ဖြိုး (ခ) ဒေါ်ပြည့်ပြည့်၊ အမှတ်(၃၅၆) ၊ မေဓာဝီလမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်သန်းဇော် ၊ ဗန္ဓုလရပ်ကွက်၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဦးဝင်းဖေမြင့်၊ အကွက်(၃၄၅)၊ (၃၇) လမ်းနှင့် တာရိန်လမ်း၊ စိန်ပန်း၊ ဖောင်တော်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးသန်းငွေအောင်၊ အမှတ်(၁၃၄)၊ (၂၈)လမ်း၊ (၇၆x၇၇)လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးဘရန်မိုင်၊ အမှတ်(၁၆၂)၊ (၂၂)လမ်းနှင့် (၈၂)လမ်းထောင့်၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဦးမျိုးမင်းစိုး၊ အမှတ်(၃၀)၊ လမ်း(၄၀)၊ (၈၀x၈၁)လမ်းကြား၊ အကွက်(၅၂၀)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဦးဝင်းကိုကို(ခ)ဦးမြဖူး၊ အမှတ်(၂၁)၊ အနောက်မင်္ဂလာလမ်း ၊ ဘိုးရာဇာရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်

၇။ ဦးမောင်မောင်လေး၊ အမှတ်(၅၃)၊ ရေကျော်လမ်းမကြီး၊ အမှတ်(၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးသိန်းလွင်၊ အမှတ်(၁၄၉/၁၅၁)၊ လမ်း(၅၀)၊ အမှတ်(၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဦးအောင်မျိုးထွန်း ၊ အမှတ်(၆၃)၊ ဇေယျဝတီ(ဗဟိုလမ်း)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဦးနေဝင်း၊ အမှတ်(၃၀၄)၊ အမှတ် (၇) ရပ်ကွက်၊ နောက်မီးကျေးရွာအရှေ့၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်ဝင်းစိန်၊ ကုန်သည်ရပ်၊ အမှတ်(၂)ရပ်ကွက်၊ ဝက်လက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်အေးအေးမြင့် ၊ ဗန္ဓုလရပ်ကွက်၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဒေါ်မူမူစန်း၊ အမှတ် (၈၂၉/၈၃၀)၊ ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဒေါ်မြမြသန်း၊ အကွက်(၃၄၅)၊ (၃၇) လမ်းနှင့် တာရိန်လမ်း၊ စိန်ပန်း၊ ဖောင်တော်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ညွန့်ညွန့်အောင်၊ မြို့မဈေးအရှေ့ဘက်၊ အမှတ်(၂) မြို့သစ်ရပ်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်ဥမ္မာစောဝင်း၊ (၇၁)လမ်း၊ ၁၀၉(ခိုင်ရွှေဝါ) လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ခင်နှင်းဦး (ခ) ဒေါ်စုရင်၊ အမှတ်(စ-၂/၁၄-၁၅)၊ ဒေလီယာလမ်း၊ (၆၆x၆၇)လမ်းကြား၊ မြို့သစ်(၂)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်သန်းလှိုင်၊ အမှတ်(၆၁)၊ ဗန္ဓုလလမ်း၊ အမှတ်(၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်သိဂီ၊ အမှတ်(၁၁၄)၊ ခရေပင်လမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်ခင်ဝင်းမာ၊ အမှတ်(၁၂၇/ဘီ-၁)၊ သံလွင်လမ်း၊ ဝင်ဒါမီယာ၊ အမှတ် (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ကြူကြူမြင့် ၊ အမှတ်(၃၁၇)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်အေးအေးနွယ် ၊ အမှတ်(၁၁၅၅)၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ်(၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်အေးမြင့် (ခ) Lim Pou Kin ၊ အမှတ်(၁၃၀၁)၊ တာဝါ-အေ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်အေးအေးမော် ၊ အမှတ်(ဘီ/၃၆)၊ ရွှေကိန္နရီအိမ်ရာ၊ နာနတ်တောလမ်း၊ အမှတ်(၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်အေးအေးသွယ်၊ အမှတ်(၄၅၂)၊ မြရတနာ(၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်ညိုညိုဝေလွင်၊ အမှတ်(၁၁၈)၊ ရိပ်သာ(၃) လမ်း၊ မိကျောင်းကန်အပိုင်း(၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါ်ခက်ခက်ခိုင်၊ အမှတ်(၅၂၄)၊ အဝေရာ(၄)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါ်သင်းသင်းလှိုင်၊ အမှတ်(၁၅၉/၁၆၀)၊ ကျောက်စိမ်းရတနာ(၂)လမ်း၊ သန်လျင်ရတနာအိမ်ရာ၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဒေါ်မိုးမိုးလွင်၊ အမှတ် (၅၃၄)၊ သုဓမ္မာလမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဒေါ်အေးမြလွင်၊ အမှတ်(၄၉/၅၀)၊ ဗဟိုရိစည်အိမ်ရာ၊ အမှတ်(၁၀)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဒေါ်နန္ဒာဝေဒီ၊ အမှတ် (၄-အီး၊ ၁/၂ အေ)၊ ဂန္ဓာမာ(၆)လမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးဝင်းသိန်း၊ အမှတ်(၃၄)၊ အမှတ်(၂)ရပ်ကွက်၊ ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဦးသန်းငွေ၊ အင်ကြင်းလမ်း၊ ဈေးသစ်ရပ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းဘူး (စကု)မြို့၊ မကွေးတိုင်းဒေသကြီး

၃။ ဦးမျိုးချစ်၊ အမှတ်(၂)နယ်မြေ၊ အနော်ရထာလမ်း၊ ဘုရင့်နောင်ရပ်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးထွန်းဦး၊ အမှတ်(၄၂၈)၊ ပုဂံလမ်းမ၊ အမှတ်(၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဦးနေဝင်းမောင်၊ တိုက်(A)၊ အခန်း(၂)၊ (၇)လွှာ၊ အမှတ်(၃)ရပ်ကွက်၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဦးနိုင်မျိုးလွင်၊ အမှတ်(၁)၊ ရွှေနှင်းဆီရိပ်သာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဦးတင်စိုး(ခ)ဦးဖိုးရီ၊ အမှတ်(၃၂/၃၄)၊ (၆)လွှာ၊ ဘုန်းကြီးလမ်း၊ အမှတ်(၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးစိုးမိုးအောင်၊ အမှတ်-၉၇(E)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဦးငွေဦး၊ အမှတ်(၆၉)၊ အောင်ရိပ်သာလမ်း၊ အမှတ်(၂၈) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဦးစိုးနိုင်၊ အမှတ်(၆၈၃-A1)၊ မြကန်သာ(၂)လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဦးဝင်းကျော်စွာ(ခ) ဦးကျော်စွာ၊ အမှတ် (၂၁/က)၊ ပန်းလှိုင်လမ်းမကြီး (အောက်လမ်း)၊ ထီးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်ဥ(ခ)ဒေါ်ဦး၊ နှင်းတောရပ်၊ ညောင်ပင်ကြီးကျေးရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်ခင်စန်းလွင်၊ အမှတ်(၆၅)၊ ညဈေးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဒေါ်ဝါဝါကျော်၊ အောင်တေဇလမ်း၊ အမှတ်(၁၅)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၄။ ဒေါ်ရီရီမြင့်၊ ဈေးမြောက်ဘက်၊ အမှတ်(၄) ကျောင်းကြီးရပ်ကွက်၊ သာစည်မြို့၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ဝင်းဝင်းခိုင်(ခ) ဒေါ်အလင်း၊ အမှတ်(၁၁၂)၊ ပထမလမ်းမတော်၊ ရန်ကုန်-မန္တလေးလမ်း၊ မြို့မ(၄) ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်အမာသိန်း(ခ)ဒေါ်မာမာသိန်း ၊ အမှတ်(၁၂၆)၊ (၆၂)လမ်း၊ (၁၈x၁၉) လမ်းကြား၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ဇာခြည်ဝင်း ၊ အမှတ်(ဒ-၃/၅၅)၊ (၆၃)လမ်း၊ (၃၇x၃၈)လမ်းကြား၊ မဟာမြိုင်အပိုင်း(၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်ကျင်ဟုန်၊ အမှတ်(၁၂၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၉။ ဒေါ်စန်းမြိုင်(ခ) ဒေါ်စန်းစန်းမြိုင် ၊ အမှတ်(၂၄/က)၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာအိသဉ္ဇာလွင်၊ အမှတ် (၄၇၂)၊ အောင်သုခလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ချမ်းငြိမ်းဆု ၊ အမှတ်(၃၆/C)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ အမှတ်(၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်မာဂရက် (ခ) ဒေါ်စောနန်းပန်၊ အမှတ်(၁) စောမဟာလမ်း၊ မန်ကောင်းရပ်ကွက်၊ ဟိုပန်မြို့၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ်

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*❖ ကျောဖုံးမှ*

ပိတ်တာ လေးလလောက် ကြာသွားတယ်။ ခုလို ပြန်ဖွင့်ဖြစ်တာကလည်း စီးပွားရေးတွေက ကျပ်တည်းလာကြတယ်၊ ပြန်လုပ်ဖို့ လိုလာပြီ။ ကျန်းမာရေးက ထုတ်ပြန်တာကလည်း ကိုဗစ်-၁၉ နဲ့ ယှဉ်တွဲပြီး စီးပွားရေးလုပ်သွားဖို့ဆိုတော့ အခုလို ဖွင့်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့တာပါ" ဟု ယုဇနပလာဇာဈေး အုပ်ချုပ်မှုတာဝန်ခံ ဦးမင်းမင်းစိုးက ပြောသည်။

ယုဇနပလာဇာဈေးကို ဈေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ဒုတိယအကျော့တွင် မိမိတို့အသိစိတ်ဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ဒုတိယပတ်တွင် ပိတ်သိမ်းခဲ့ပြီး ယနေ့ပြန်လည်ဖွင့်လှစ်ချိန်တွင် လေးလကြာမြင့်ခဲ့ကာ ယခုလို ပြန်လည်ဖွင့်လှစ်နိုင်ရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ကိုဗစ်-၁၉ ကော်မတီသို့လည်းတင်ပြခဲ့၍ လာရောက်စိစစ်ကာ ခွင့်ပြုချက်ရသောကြောင့် ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ရောဂါကတော့ မလျော့သေးဘူး။ ကမ္ဘာမှာ ပြင်းထန်နေဆဲဆိုတာ သိတယ်။ စီးပွားရေးကလည်း လုံးဝပစ်ထားလို့မရတော့ ဒီရောဂါကြားကပဲ ကြိုးစားဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်နဲ့ ပြန်ဖွင့်တာဖြစ်တယ်။ ဒီထဲမှာကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်၊ ပတ်ဝန်းကျင်ကိုလည်း ကာကွယ်ရင်းနဲ့ အရောင်း၊ အဝယ်လည်း ဖြစ်အောင် ဒီမူနဲ့ သွားရမှာပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ စည်းကမ်းချက်နဲ့ အညီတော့ လုပ်ဆောင်သွားမှာပါ၊ ဒီဈေးမှာက ဆိုင်ခန်းပေါင်း ၂၇၀၀ ကျော်မှာ ဒီမနက် ဆိုင်ခန်း ၅၀၀ လောက် လာဖွင့်တယ်။ ဘယ်ဆိုင်ဖွင့်ပါ။ ပိတ်ပါလို့တော့ ကန့်သတ်ထားတာမရှိဘူး။ တချို့ကျတော့လည်း စိုးရိမ်ပြီး လာမဖွင့်တာ ရှိတယ်။ ဈေးကိုတော့ နေ့စဉ်ပိုးသတ်ဆေးဖျန်းတာတွေ လုပ်ပါတယ်။ အားလုံးက စည်းကမ်းတကျနဲ့ သတိရှိရှိ ရောင်း/ဝယ်သွားမယ်ဆိုရင်တော့ အရင်လို ရေရှည်ဖြစ်သွားမှာပါ" ဟု ဦးမင်းမင်းစိုးက ဆက်လက်ပြောသည်။

### စည်းကမ်းချက်များချထား

ဈေးစီမံခန့်ခွဲမှုကော်မတီက ဈေးကြီးပြန်လည်ဖွင့်လှစ်ရာတွင် ဈေးရောင်းချသူများနှင့် ဆိုင်ခန်းဝန်ထမ်းများ လိုက်နာရန် စည်းကမ်းချက်များချထားပြီး အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ဈေးရောင်းချသူများနှင့် ဆိုင်ဝန်ထမ်းများကို ပါးစပ်နှင့် နှာခေါင်းစည်းများ လုံးဝ (လုံး၀) တပ်ဆင်ရမည်ဖြစ်ပြီး ဖျားနာ၊ ချောင်းဆိုး၊ နှာချေပါက အိမ်တွင်နေရမည်ဖြစ်ကာ ဈေးသို့လာရောက်ရောင်းချခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

အလားတူ ဈေးရောင်းချသူနှင့် ဝယ်သူများအကြား လူချင်းနီးကပ်စွာနေခြင်းမျိုး ရှောင်ကြဉ်ရမည်ဖြစ်ပြီး ဈေးရောင်းချသူနှင့် ဝန်ထမ်းများအတွင်း ပိုးတွေ့လူနာရှိပါက (သို့မဟုတ်) သံသယလူနာ တွေ့ရှိပါက ဆိုင်ခန်းများ ယာယီပိတ်သိမ်းကာ အိမ်တွင် ခုနစ်ရက်နေထိုင်ရမည်ဖြစ်သည်။ ဈေးဝယ်သူများအတွက် အသုံးပြုနိုင်မည့် လက်သန့်ဆေးရည်၊ တစ်သျှူးများ ထားရှိပေးထားကာ ဈေးရောင်းသူများအနေဖြင့် ဈေးသို့ လာရောက်တိုင်း သက်သေခံလည်ဆွဲကတ်များ ဆွဲလာရမည် စသည်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လမ်းညွှန်မှုများပေးထားကြောင်း ဈေးစီမံခန့်ခွဲမှုကော်မတီ မှ သိရသည်။

"ဈေးကြီးပိတ်တာ ကျန်းမာရေးရှုထောင့်က ကြည့်ရင်တော့ မှန်တယ် ။ ဒါပေမယ့် တကယ်ကျတော့ စီးပွားရေးက အဆင်မပြေဘူး။ ပထမအကျော့တုန်းကလည်း တစ်ခါပိတ်၊ ဒုတိယအကျော့လည်းပိတ်ဆိုတော့ အဆင်မပြေဘူးပေါ့။ ဒီမှာက နယ်သမားတွေလည်း ဆင်းမဝယ်ကြတော့ဘူး။ သူတို့ အားပြုပြီး ရောင်းနေရတာ။ တရုတ်မှာ စဖြစ်ကတည်းက နယ်သမားတွေ မဆင်းတော့ဘူး။ ဆိုင်ခန်းခလည်းထိခိုက်၊ အလုပ်သမားခလည်း ထိခိုက်၊ ဝင်ငွေလည်း ထိခိုက်တယ်။ အားလုံး အထွက်နဲ့ပဲ ရင်ဆိုင်နေရတာ။ အခုလည်း သိပ်မမျှော်လင့်ရဲဘူး။ အလုပ်လုပ်မယ်လည်းကြံရော အရှိန်ရရင် ထပ်ပိတ်၊ ထပ်ပိတ်နဲ့။ ကျန်းမာရေးအတွက် လုပ်ပေးတာဖြစ်တော့ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ပါဘူး။ ကံကြမ္မာလို့ပဲ သတ်မှတ်ရမှာပဲ" ဟု ယုဇနပလာဇာမှ အထည်ရောင်းချသူတစ်ဦးက ပြောသည်။

### ရောင်းဝယ်ခွင့်ပြုထား

ရန်ကုန်မြို့ ယုဇနပလာဇာ ဈေးကြီးသည် ၁၉၉၉ ခုနှစ်ကစတင်ဖွင့်လှစ်ခဲ့ပြီး အထပ်ငါးထပ်ရှိကာ အထူးသဖြင့် အထည်အလိပ်၊ ဖုန်းနှင့် ဖုန်းအပိုပစ္စည်းဆိုင်များ၊ ပရိဘောဂပစ္စည်းများကို နိုင်ငံတစ်ဝန်းသို့ လက်လီ၊ လက်ကား ရောင်းဝယ်ဖောက်ကားနေသော ဈေးကြီးဖြစ်သည်။ ဈေးကြီးကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အပတ်စဉ်တနင်္လာနေ့တွင် ဈေးကြီး၏ မြေညီထပ် တစ်ထပ်တည်းသာ ပိတ်ပြီး ကျန်အထပ်များကို နေ့စဉ်ပိတ်သိမ်းခြင်းမရှိဘဲ ရောင်းဝယ်ဖောက်ကားခွင့်ပြုထားသည်။ ယနေ့ ပြန်လည်ဖွင့်လှစ်ချိန်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိသာ ရောင်းဝယ်ခွင့်ပြုထားကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ရေနံတင်သင်္ဘော အသိမ်းခံရခြင်းအတွက် အီရန်နှင့်ဆွေးနွေးမှု ပြုလုပ်ရန် တောင်ကိုရီးယားမှကိုယ်စားလှယ်များ စေလွှတ်မည်

**ဆိုးလ် ဇန်နဝါရီ ၆**

သိမ်းဆည်းထားသည့် တောင်ကိုရီးယားရေနံတင်သင်္ဘောပေါ်မှ သင်္ဘောသားများအား ပြန်လွှတ်ပေးရေးအတွက် အီရန်နှင့်စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် တောင်ကိုရီးယား အစိုးရကိုယ်စားလှယ်အဖွဲ့ကို အမြန်ဆုံးစေလွှတ်မည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

ပင်လယ်ကွေ့ရေပြင်တွင် တောင်ကိုရီးယား အလံတပ်ဆင်ထားသည့် Hankuk Chemi သင်္ဘောကို ဇန်နဝါရီ ၄ ရက်တွင် သိမ်းဆည်းထားကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်က ပြောသည်။ ပင်လယ်ရေကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ဖြင့် သင်္ဘောကို သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်္ဘောသည် ရေနံဓာတုဗေဒပစ္စည်းတန်ချိန် ၇၂၀၀ ကိုသယ်ဆောင်လာသည်ဟု ပြောသည်။ ဖမ်းဆီးခံထားရသည့် သင်္ဘောအမှုထမ်းများမှာ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံသားများ ပါဝင်သည်။

နှစ်နိုင်ငံ စေ့စပ်ညှိနှိုင်းမှုဖြင့် ယင်းပြဿနာကို ဖြေရှင်းရန်အတွက် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို အစောဆုံး စေလွှတ်မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချိုက်ယန်းဆန်က ပြောသည်။ တောင်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချိုက်ဂျုံကွန်ကလည်း လာမည့်သီတင်းပတ်အတွင်း အီရန်နိုင်ငံ တီဟီရန်မြို့သို့ သုံးရက်ကြာ သီးခြားသွားရောက်ရန် အစီအစဉ်ရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

တောင်ကိုရီးယားရှိ အီရန်ပိုင်ပစ္စည်းများ ပိတ်ဆို့ထားမှုကို ဖြေလျှော့ပေးရန် အစီအစဉ်ရှိ မရှိ ခန့်မှန်းချက်များနှင့် ပတ်သက်ပြီး တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးကန်ကျောင်းဝှာ က မည်သည့်မှတ်ချက်မှ ပြောဆိုခဲ့ခြင်းမရှိပေ။ အချက်အလက်များကို သေချာစွာ အတည်ပြုရန်နှင့် သင်္ဘောအမှုထမ်းများ၏ လုံခြုံစိတ်ချရရေးမှာ အရေးကြီးသည်ဟု ၎င်းက သတင်းထောက်များကိုပြောသည်။

**အေအက်ဖ်ပီ**




သိမ်းဆည်းခံထားရသည့် တောင်ကိုရီးယားအလံလွှင့်ထားသည့် သင်္ဘောကို တွေ့ရစဉ်။



ရောမမြို့လယ်တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

# ရေနံထုတ်လုပ်မှုအနည်းငယ်တိုးမြှင့်ရန် ရေနံတင်ပို့သည့်နိုင်ငံများ သဘောတူညီမှုရရှိ

**မော်စကို ဇန်နဝါရီ ၆**

ဈေးကွက်တိုးတက်မှုအခြေအနေအရ ရေနံထုတ်လုပ်မှုကို အနည်းငယ်တိုးမြှင့်ရန် ရေနံတင်ပို့ရောင်းချနေသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက သဘောတူလိုက်ကြောင်း သိရသည်။

ရုရှား၊ အိုပီအီးစီအဖွဲ့ဝင်နိုင်ငံများနှင့် အခြားရေနံထုတ်လုပ်သည့်နိုင်ငံများသည် ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် အွန်လိုင်းကွန်ဖရင့် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အစည်းအဝေးကျင်းပမှုအတွင်း လာမည့် ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ရုရှားနှင့် ကာဇက်စတန်နိုင်ငံ၏ ရေနံထုတ်လုပ်မှုကို တိုးမြှင့်ရန် သဘောတူခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာမှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်သည့် အလားအလာကောင်းများကြောင့် စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများကို ပြန်လည်ကောင်းမွန်လာစေနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရေနံဈေးနှုန်းများ ဖြည်းဖြည်းချင်း ပြန်လည်မြင့်တက်လာခဲ့သည်။ သို့ရာတွင် ရေနံထုတ်လုပ်သည့်နိုင်ငံများအနေဖြင့် အနာဂတ်ရေနံဝယ်လိုအားနှင့်ပတ်သက်၍ သံသယရှိနေဆဲဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံက ရေနံစိမ်းဈေးနှုန်း ပြန်ကောင်းလာစေရန်အတွက် ရေနံထုတ်လုပ်မှု ထပ်မံလျှော့ချရန် သဘောတူခဲ့သည်။ ပြီးခဲ့သည့်နှစ် မေလကတည်းက ရေနံဈေးနှုန်း ပြန်ကောင်းလာစေရန်အတွက် ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများက ထုတ်လုပ်မှုကို လျှော့ချခဲ့ရာမှ ယခုအခါ ရေနံထုတ်လုပ်မှုကို အနည်းငယ်တိုးမြှင့်ရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# အီတလီနိုင်ငံတွင် ဗိုင်းရပ်စ်နှိမ်နင်းရေး အချိန်ထပ်တိုးပြီး အထက်တန်းကျောင်းများ ပြန်ဖွင့်မည့်အချိန် နှောင့်နှေး

**ရောမ ဇန်နဝါရီ ၆**

အီတလီနိုင်ငံတွင် ကိုဗစ် - ၁၉ ကန့်သတ်ချက် အသစ်အဖြစ် အထက်တန်းကျောင်းများ ပြန်ဖွင့်မည့်ရက်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ဆယ်ကျော်သက် ကျောင်းသားများမှာ ဇန်နဝါရီ ၇ ရက်က ကျောင်းပြန်တက်ရမည့်အစား ဇန်နဝါရီ ၁၁ ရက်တွင် ကျောင်းပြန်တက်ရမည်ဖြစ်ပြီး ကလေးငယ်များမှာမူ နေ့တစ်ဝက်ကျောင်းတက်နေရပြီဖြစ်သည်။

အချို့သော ဒေသများတွင် အထက်တန်းကျောင်းများ ပြန်ဖွင့်မည့်ရက်ကို ဇန်နဝါရီလကုန်အထိ ရွှေ့ဆိုင်းထားသဖြင့် နောက်ထပ်နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရသည်။ အီတလီနိုင်ငံသည် ကိုဗစ် -၁၉ ကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည့်နိုင်ငံဖြစ်ပြီး ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၇၅၀၀၀ ကျော်အထိ ရှိပြီဖြစ်သည်။

ကပ်ရောဂါကြောင့် လူငယ်များ၏ အသက်ဆုံးရှုံးရပြီး အဝေးမှ ပညာသင်ကြားသည့် စနစ်သည် ကျောင်းသားများအတွက် အဆင်မပြေသည်မှာဖြစ်နိုင်ကြောင်း Save the Children အဖွဲ့က ပြောသည်။ အဝေးမှပညာသင်ကြားသည့်စနစ်ဖြင့် သင်ကြားပြီးနောက် ကျောင်းမှ ထွက်သွားသည့် ကျောင်းသားပေါင်း ထောင်နှင့်ချီ၍ရှိကြောင်း သတိပေးခဲ့သည်။

**အေအက်ဖ်ပီ**

# လာအိုနိုင်ငံတွင် သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၁၃ ဦးရှိ

**ဗီယင်ကျန်း ဇန်နဝါရီ ၆**

၂၀၂၀ ပြည့်နှစ်အတွင်း လာအိုနိုင်ငံ တစ်ဝန်း၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၃ ဦး ရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ သွေးလွန်တုပ်ကွေးရောဂါကူးစက် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် လူနာ ၁၉၁၂ ဦး ရှိကာ တစ်နိုင်ငံလုံးရောဂါဖြစ်ပွားမှု၏ ၂၃ ရာခိုင်နှုန်း ရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန လက်အောက် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် အသိပညာပေးစင်တာမှ နောက်ဆုံးဖော်ပြသည့် အစီရင်ခံစာအရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၃ ဦးအနက် လေးဦးမှာ ဗီယင်ကျန်းမြို့မှဖြစ်ပြီး နှစ်ဦးမှာ ဘိုလီခမ်ဆေနှင့် ခမ်မူအန်တို့မှဖြစ်ကာ ဆာရာဘိုရီ၊ စီယန်ချောင်၊ ဆာဗန်နာ ခက်၊ ဖွန်ဆာလီနှင့် အူဒမ်ဆေတို့တွင် တစ်ဦးစီ သေဆုံးခဲ့သည်။

ပြည်သူများအနေဖြင့် ဖျားနာခဲ့လျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်း ဟုတ်မဟုတ် သိရှိနိုင်ရန် ဆေးရုံ၌ သွေးစစ်ဆေးခြင်း ခံယူကြရန် လာအိုကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအား တိုက်တွန်းထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သွေးလွန်တုပ်ကွေးရောဂါကို ကူးစက်မှုအမြန်ဆုံး ရောဂါများအနက်တစ်ခုဖြစ်ကြောင်း ဖော်ပြထားပြီး ထိုင်း၊ လာအို၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့တွင်လည်း ဖြစ်ပွားမှုရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဂျင်တီးနားနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၁၃၇၉၀ ရှိ

**ဗျူနိုအေးရိစ် ဇန်နဝါရီ ၆**

အာဂျင်တီးနားနိုင်ငံတွင် ဇန်နဝါရီ ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၇၉၀ ရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၆၆၂၇၃၀ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် နောက်ထပ် ၁၅၁ ဦး သေဆုံးခဲ့ကြောင်းနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၄၃၇၈၅ ဦး ရှိလာကြောင်း အဆိုပါ ဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။

နွေရာသီအားလပ်ရက်ရာသီအတွင်း ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို လျှော့ချကာကွယ်ရန် အာဂျင်တီးနားအစိုးရသည် အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# သတင်းသမားများကို ကာကွယ်ဆေးဦးစားပေးထိုးပေးသင့်ကြောင်း ပီအီးစီထုတ်ပြန်ကြေညာချက်တွင် ဖော်ပြ

**ဂျီနီဗာ ဇန်နဝါရီ ၆**

လွန်ခဲ့သော ၁၀ လတာကာလအတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးခဲ့သည့် သတင်းသမား ၆၀၂ ဦးထက်မနည်းရှိခဲ့ကြောင်း၊ အဆိုပါသေဆုံးနှုန်းမှာ ၂၀၂၀ ပြည့်နှစ် မတ် ၁ ရက်မှစကာ တစ်လလျှင် သတင်းသမား ၆၀ သို့မဟုတ်တစ်ရက်လျှင်သတင်းသမားနှစ်ဦးနှုန်းသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂျီနီဗာအခြေစိုက် Press Emblem Campaing (PEC)အဖွဲ့က ယမန်နေ့က ပြောကြားလိုက်သည်။

ပီအီးစီအဖွဲ့၏ ကြေညာချက်တစ်စောင်တွင် ထိုသို့သေဆုံးမှုများကို ကာကွယ်နိုင်ရန် သတင်းမီဒီယာနယ်ပယ်တွင် လုပ်ကိုင်နေကြသူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ဦးစားပေးထိုးနှံမှု ရရှိသင့်ကြောင်းနှင့် အဆိုပါသေဆုံးသွားသော သတင်းသမားများ၏ မိသားစုဝင်များအနေဖြင့် ငွေကြေးဆိုင်ရာ အကူအညီအထောက်အပံ့ရရှိသင့်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

ကွင်းဆင်းသတင်းရယူနေသည့် သတင်းထောက်များ၊ အလွတ်တန်းသတင်းထောက်များနှင့် ဓာတ်ပုံသတင်းထောက်များအပါအဝင် မီဒီယာသမားများသည် အိမ်မှနေ၍ လုပ်ကိုင်၍မရကြောင်း၊ ထို့အတွက်ကြောင့် ၎င်းတို့အား ဗိုင်းရပ်စ်ကူးစက်ရန် အခွင့်အရေးပေးလိုက်သလို ဖြစ်ကြောင်း ပီအီးစီအဖွဲ့ အထွေထွေအတွင်းရေးမှူး ဘလေ့စ်လမ်ပန်က ပြောကြားလိုက်သည်။

သတင်းသမားများထဲတွင် ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးခဲ့ရသူအရေအတွက် ထက်ဝက်ကျော် ၃၀၃ ဦးသည် လက်တင်အမေရိကနိုင်ငံများမှဖြစ်ကြောင်း၊ ထိပ်ဆုံးတွင် ပီရူးနိုင်ငံက သေဆုံးသူ ၉၃ ဦးရှိခဲ့ပြီး ထို့နောက် ဘရာဇီးနိုင်ငံက ၅၅ ဦးနှင့် အီကွေဒေါနိုင်ငံက ၄၂ ဦးစီ အသီးသီးဖြစ်ကြောင်း ပီအီးစီ ထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ နှင့် ဆက်စပ်၍ သတင်းသမားများသေဆုံးခဲ့ရသည့် အခြားသောနိုင်ငံများမှာ အိန္ဒိယနိုင်ငံမှ ၅၃ ဦး၊ မက္ကဆီကိုမှ ၄၅ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၄၁ ဦး၊ အီတလီနိုင်ငံမှ ၃၇ ဦးနှင့် အမေရိကန်နိုင်ငံမှ ၃၁ ဦး တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါကိန်းဂဏန်းအချက်အလက်များကို မတူညီသော အရင်းအမြစ်များပေါ်တွင် အခြေခံထားခြင်းဖြစ်ကြောင်း သိရသည်။ ယခုဖော်ပြခဲ့သည်မှာ ကိုဗစ်-၁၉ ရောဂါဖြင့် သတင်းသမားများ အမှန်တကယ်သေဆုံးခဲ့ရသည့်အရေအတွက်ထက် လျော့နည်းဖွယ်ရှိကြောင်း ပီအီးစီက ထုတ်ပြန်ဖော်ပြထားသည်။

ပီအီးစီအဖွဲ့ကို ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ သတင်းသမားများ ဘေးကင်းလုံခြုံမှုနှင့်



အီတလီနိုင်ငံ ရောမမြို့ရှိ ကလိုစီယမ် ပြန်လည်ဖွင့်လှစ်မှုတွင် သတင်းရယူနေသော သတင်းသမားများကိုတွေ့ရစဉ်။

အထူးသဖြင့် ပဋိပက္ခဇုန်များအတွင်းနှင့် လူမှုမငြိမ်မသက်ဖြစ်သည့်နေရာများ သို့မဟုတ် အန္တရာယ်ရှိသောနေရာများတွင် သတင်းရယူနေသော သတင်းသမားများ အတွက် ဘေးကင်းလုံခြုံမှုရှိစေရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# တိုကျိုတွင် အရေးပေါ်ကြေညာချက်မထုတ်ပြန်ရသေးသည့်အချိန်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀၀ ကျော်ရှိကြောင်းဖော်ပြ

တိုကျို ဇန်နဝါရီ ၆

**ကိုဗစ်-၁၉ ကူးစက်မှု တတိယလှိုင်းမြင့်လာသောကြောင့် တိုကျိုနှင့် အနီးဝန်းကျင်ခရိုင်သုံးခု၌ အရေးပေါ်ကြေညာချက် မထုတ်ပြန်ရသေးခင် တိုကျိုတွင် ဇန်နဝါရီ ၆ ရက်က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်သူ ၁၅၉၁ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့ကြောင်း သိရသည်။**



တိုကျိုမြို့ ဂင်ဇာဒေသတွင် ခရစ္စမတ်အားလပ်ရက်၌ ပြည်သူများကို တွေ့ရစဉ်။

တိုကျိုတွင် ယခင်နေ့များက ကိုဗစ်-၁၉ ကူးစက်နှုန်းတိုးလာမှုသည် လွန်ခဲ့သောသီတင်းပတ် ကြာသပတေးနေ့ကဲ့သို့ စံချိန်တင်ခဲ့ပြီး တိုကျိုအပါအဝင် ဆိုင်တာမာ၊ ချီဘာ၊ ကာနာဂါဝါခရိုင်တို့တွင် ကိုဗစ်-၁၉ ကူးစက်မှုသည် ၁၃၃၇ ဦး ရှိခဲ့သည်။

တစ်နိုင်ငံလုံးအနေဖြင့် ဇန်နဝါရီ ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၉၁၂ ဦးရှိခဲ့ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၃၄၃၇ ဦးရှိခဲ့သည်။ အဆိုပါကိန်းဂဏန်းဖော်ပြမှုတွင် လွန်ခဲ့သောနှစ်က တိုကျိုအနီးဇိမ်ခံသင်္ဘောပေါ်တွင် ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်မှုများ မပါဝင်ကြောင်း သိရသည်။

တိုကျိုဒေသတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဂျပန်နိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု၏ ထက်ဝက်နီးပါးခန့်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါရိုရှီဟိဒဲက ဇန်နဝါရီ ၅ ရက်က နောက်ထပ်အရေးပေါ်ကြေညာချက်ထုတ်ပြန်ကြေညာရန် ဆုံးဖြတ်ချက်ကို ဇန်နဝါရီ ၇ ရက်တွင် ချမှတ်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပြည်သူများအနေဖြင့် အစိုးရထံမှ မည်သည့်အရာများမျှော်လင့်ထားသလဲဆိုသည်နှင့် အာဏာရပါတီသည် လုံခြုံရေးနှင့် မျှော်လင့်ချက်ဖြစ်ကြောင်း ဆူဂါက ဆက်လက်ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ တုံ့ပြန်ရေးကို ပထမဆုံး ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆူဂါက လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အစည်းအဝေးတွင် ပြောကြားလိုက်သည်။

ဆင်ဟွာ

# ရုရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄၂၁၇ ဦးတိုးလာ

**မော်စကို ဇန်နဝါရီ ၆**

ရုရှားနိုင်ငံတွင် ဇန်နဝါရီ ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄၂၁၇ ဦး တိုးလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးဌာနက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားလိုက်သည်။

**သေဆုံးသူ ၅၉၉၅၁ ဦးရှိ**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခုအခါ ၃၃၀၈၆၀၁ ဦးအထိ ရှိလာကြောင်းသိရပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၉၉၅၁ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၆၈၅၇၂၃ ဦးရှိလာပြီဖြစ်ကြောင်း ကိုဗစ်-၁၉ တုံ့ပြန်ရေးဌာနက ပြောကြားလိုက်သည်။

**ကူးစက်မှုအဆိုးဆုံးဖြစ်**

မော်စကိုမြို့သည် ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုအဆိုးဆုံး မြို့တစ်မြို့ဖြစ်သည်။ လွန်ခဲ့သောရက်က ကိုဗစ်-၁၉ ဖြစ်သူ ၅၁၄၂ ဦး ရှိလာမှုနှင့်အတူ မော်စကိုမြို့တွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၃၈၅၅၄ ဦး ရှိလာခဲ့သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၉၂ ဒသမ ၃ သန်းအထိ ပြုလုပ်ပြီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောင့်ကြည့်ရန် လုံခြုံရေးတပ်ဖွဲ့ဝင် ၈၃၅၆၆ ဦးကို အင်ဒိုနီးရှား တပ်ဖြန့်ချထား

**ဂျကာတာ ဇန်နဝါရီ ၆**

အင်ဒိုနီးရှားနိုင်ငံ ဆိုကာနို-ဟက်တာ လေဆိပ်သို့ရောက်ရှိနေသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို စောင့်ကြည့်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သား ၈၃၅၆၆ ဦးကို တပ်ဖြန့်ချထားကြောင်း သိရသည်။ အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အနောက်ဂျာဗားပြည်နယ်ရှိ နိုင်ငံတော်ကာကွယ်ဆေးထုတ်လုပ်ရေး ကုမ္ပဏီ ဘိုင်အိုဖားမားသို့ ပို့ဆောင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဒေသအများအပြားသို့ ဖြန့်ဝေသွားမည်ဖြစ်သည်။

ထိုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် အခြားအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် ကျန်းမာရေး လုပ်ထုံးလုပ်နည်းများကို ထိန်းသိမ်းရန်နှင့် အမျိုးသားကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်အောင်မြင်စေရန် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ရက်စ်ဒီ ဟာတိုနိုက ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း စတင်မည်ဖြစ်သည်။

အင်ဒိုနီးရှားပြည်သူ ၁၈၁ ဒသမ ၅ သန်းအတွက် ရည်ရွယ်ထားသည့် လွှမ်းခြုံကာကွယ်ဆေး ထိုးနှံခြင်းကို လာမည့်နှစ်အထိ လုပ်ဆောင်မည်ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံခြင်း ပထမကာလသည် ဇန်နဝါရီလမှ ဧပြီလအထိဖြစ်ပြီး ကျန်းမာရေးဝန်ထမ်း ၁ ဒသမ ၃ သန်း၊ အစိုးရဝန်ထမ်း ၁၇ ဒသမ ၄ သန်းနှင့် သက်ကြီးရွယ်အို ၂၁ ဒသမ ၅ သန်းကို ကာကွယ်ဆေး




ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

ထိုးနှံပေးသွားမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံခြင်း ဒုတိယကာလကို ၂၀၂၁ ခုနှစ် ဧပြီလမှ ၂၀၂၂ ခုနှစ် မတ်လအထိ လုပ်ဆောင်မည်ဖြစ်ပြီး ရောဂါကူးစက်နိုင်ခြေများသောပြည်သူ ၆၃ ဒသမ ၉ သန်းနှင့်အတူ ကျန်ရှိသောပြည်သူ ၇၇ ဒသမ ၄ သန်းကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။

**ဆင်ဟွာ**

# လူမှုဖူလုံရေး - ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (အထက်ဘလောက်)ရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ယနေ့ နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

ရှေးဦးစွာ လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ လွှတ်တော်ကိုယ်စားလှယ်နှင့် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**ယာပုံ**) တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆေးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က အမှာစကား ပြောကြားသည်။

ယင်းနောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးနှင့် ကဲဝဲလ်မက်ဒီကယ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးတို့က လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအရ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှုနှင့် ရင်းနှီးမြှုပ်နှံမှုအလားအလာကောင်းများ ဖော်ဆောင်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးတွင် စီးပွားရေးလုပ်ငန်းများ တိုးတက်များပြားလာပြီး အလုပ်လုပ်ကိုင်သည့် လုပ်သားဦးရေ အများဆုံးရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ လူမှုဖူလုံရေးအကျုံးဝင်လုပ်ငန်းဌာနပေါင်း ၁၄၂၂၀ ဌာနမှ လုပ်သားအင်အားပေါင်း ၉၄၈၉၅၉ ဦးရှိသဖြင့် တစ်နိုင်ငံလုံးတွင်ရှိသည့် အာမခံအလုပ်သမားများ၏ ၇၀ ဒသမ ၅၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ COVID-19 Antigen Test Kit များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် KYOBO Life Insurance မှ COVID–19 Antigen Test Kit များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission/ Minister Counsellor Mr. Hahm Jeonghan တို့က အမှာစကား ပြောကြားပြီး KYOBO Life Insurance မှ Mr. Songchul Yoon က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission /Minister Coun-sellor Mr. Hahm Jeonghan နှင့် KYOBO Life Insurance မှ Mr. Songchul Yoon တို့က COVID–19 Antigen Test Kit များ ပေးအပ်လှူဒါန်းပြီး(**ယာပုံ**) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID–19 Antigen Test Kits များ ပေးအပ်လှူဒါန်းရာတွင် KYOBO Life Insurance မှ အမေရိကန်ဒေါ်လာ ၃၇၀၀၀ နှင့် ညီမျှသော COVID–19 Antigen Test Kits အခု ၅၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



# ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေး ဝယ်ယူရန်အတွက် ရောဝတီဖောင်ဒေးရှင်းက ကျပ်နှစ်ဘီလီယံ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီက စီမံဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ် နှစ်ဘီလီယံ လှူဒါန်းခဲ့သည်။

ရောဝတီ ဖောင်ဒေးရှင်းသည် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အတူ လက်တွဲ၍ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ကိုဗစ်–၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့် မတ်လကတည်းက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ ရောဂါကာကွယ်ဆေးများ ဝယ်ယူရန် အလှူငွေများ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရောဝတီ ဖောင်ဒေးရှင်းသည် မတ်လကတည်းက ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ လိုအပ်သည့်နေရာများသို့ ရောဂါကာကွယ်ကုသရေး ပစ္စည်းများကို လှူဒါန်းပေးလျက်ရှိသည်။ ထို့ပြင် ရောဂါကူးစက်မှု မြင့်တက်လာသည့်အချိန်တွင် ရောဂါကူးစက်ခံထားရသူများအား ကုသပေးရန် ခုတင် ၁၀၀၀ ဆံ့ ရောဝတီစင်တာ (ရန်ကုန်)နှင့် ၃၇၅ ခုတင်ဆံ့ ရောဝတီစင်တာ (မန္တလေး)ကို တည်ဆောက်ပေးခဲ့သည့်အပြင် လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ နေ့စဉ် စားသောက်နေထိုင်မှုများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ရောဝတီစင်တာများတွင် ကိုဗစ်ရောဂါပိုးကူးစက်ခံရသူ ၁၀၀၀၀ ကျော်ကို လက်ခံကုသပေးနိုင်ခဲ့ပြီး လူဦးရေ ၂၀၀၀၀ ကျော်ကို ရောဂါပိုး ရှိ မရှိ စစ်ဆေးပေးနိုင်ခဲ့သည်။ ရောဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်သည် ရောဂါကာကွယ် ကုသရေးလုပ်ငန်းများအတွက် ကျပ် ၁၅ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေ ၅ ဒသမ ၇ ဘီလီယံအပါအဝင် စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၂ ဘီလီယံ အသုံးပြုထားပြီးဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး**

*စာမျက်နှာ ၉ မှ*

အနာဂတ်မှာ တစ်ကမ္ဘာလုံးနဲ့ပတ်သက်တဲ့ အခွင့်အလမ်းတွေဖြစ်သလို မြန်မာနိုင်ငံအတွက် နည်းပညာတွေနဲ့အတူ ပွင့်လင်းလာပြီး အထူးသဖြင့် အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေအတွက် ပိုမိုကောင်းမွန်တဲ့ ချမ်းသာမှုကို ဖော်ဆောင်ပေးနိုင်တဲ့အရာတွေထဲမှာ Sharing Economy က တစ်ခုအပါအဝင် ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**အစီအစဉ်မှူး ။** ။ ဒစ်ဂျစ်တယ်စီးပွားရေးနဲ့ပတ်သက်ပြီး လက်တွေ့ကျတဲ့ ရှုထောင့်၊ အမြင်တွေကို ဆွေးနွေးပေးပါဦး။

**ဦးနေအောင် ။** ။ အခုက မြန်မာနိုင်ငံမှာ Sharing Economy တစ်ခုကို အောင်မြင်အောင် ဘယ်လိုထမ်းဆောင်မလဲ၊ အချိန်တစ်ခု သတ်မှတ်ပြီး ဒီနှစ်ကို ဘယ်လိုလုပ်မယ်၊ နောင်နှစ်ကို ဘယ်လိုလုပ်မယ်၊ ဘယ်လိုအခက်အခဲတွေ ဖြစ်တတ်သလဲဆိုတော့ ကျွန်တော်တို့မှာ အလားအလာရှိပါတယ်။ တကယ်လုပ်ဆောင်ရမှာက ဘယ်လိုအခက်အခဲတွေ ဖြစ်လာနိုင်သလဲဆိုတာ ဖြစ်ပါတယ်။

e – Commerce အကြောင်း နည်းနည်းပြောချင်ပါတယ်။ Trend က အတူတူပါ။ အခုက ဘယ်လိုဖြစ်နေသလဲဆိုတော့ အင်တာနက်က လူတွေအများကြီးအထိ ပျံ့နှံ့နိုင်တယ်။ ဝန်ဆောင်မှုတွေပေးနိုင်တယ်။ ဈေးရောင်းချမှုတွေလည်း ဖြစ်လာနိုင်တယ်။ ငွေပေးချေမှုတွေကလည်း ပေါ်လာတယ်။ အခုထိ အခက်အခဲဖြစ်နေတာက ယုံကြည်စိတ်ချမှု၊ ပွင့်လင်းမြင်သာမှု ဒါတွေက အရေးကြီးနေပါတယ်။

ဒါတွေကို ပိုပြီး လွယ်လွယ်ကူကူဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ။ ဒါက အရေးကြီးတဲ့တစ်ခု ဖြစ်နေပါတယ်။ e – Commerce နောက်ပိုင်းမှာ ဝယ်တဲ့ဘက်မှာရော၊ ရောင်းတဲ့ဘက်မှာပါ အခက်အခဲ တော်တော်များများကို တွေ့ရပါတယ်။ ဒါက မြန်မာနိုင်ငံသာမက နိုင်ငံတိုင်းမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုက Register မလုပ်ထားလို့ဖြစ်ဖြစ်၊ ဘယ်သူက ရောင်းတယ်ဆိုတာ မသိထားလို့ဖြစ်ဖြစ် အခက်အခဲ ဖြစ်တတ်တာမျိုးတွေ ရှိပါတယ်။

Industry တစ်ခုပေါ်လာဖို့ဆိုရင် Role တစ်ခု လိုအပ်ပါတယ်။ နှစ်ဖက်စလုံးအတွက် ညီမျှတဲ့ Regulation တစ်ခုလိုအပ်ပါတယ်။ အစိုးရဘက်က ဘယ်လိုထိန်းကျောင်းမှုတွေ လုပ်မလဲ။ ဒီလို မဟုတ်ရင် ကိုယ်တိုင်ဘယ်လိုထိန်းကျောင်း ဆောင်ရွက်မလဲ။ ဒီလိုလုပ်ခြင်းဖြင့် ယုံကြည်စိတ်ချမှုတွေ ပိုများလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုယုံကြည်စိတ်ချမှုတွေမရှိရင် အလုပ်တွေက မအောင်မြင်နိုင်ပါဘူး။

Over Regulation ဖြစ်နေရင် Industry တိုးတက်ဖို့ခက်ခဲနိုင်သလို Under Regulation ဖြစ်နေရင် Indu-stry အတွက် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖြစ်တတ်ပါတယ်။ ဒါက အစိုးရအနေနဲ့ ထိန်းကျောင်းပေးဖို့လိုတာက နှစ်ဖက်စလုံး Transparent ရှိရှိ အလုပ်လုပ်နိုင်ဖို့နဲ့ စနစ်တွေရှိဖို့ လိုပါတယ်။

ဥပမာ – တစ်ရက်ကို အခု ၁၀၀ ရောင်းရတယ်။ ဝန်ဆောင်မှုတွေလည်းပေးနိုင်တယ်။ ဒါပေမယ့် တစ်ခု/နှစ်ခုလောက် ဆုံးရှုံးနစ်နာမှုတွေဖြစ်သွားရင် အဲဒီစီးပွားရေးအကုန်လုံးက အခက်အခဲဖြစ်သွားတာမျိုး ရှိတတ်ပါတယ်။ အလားအလာလည်းရှိနေပါတယ်။

အခုက Sharing Economy ဆိုတာက လူတိုင်း၊ လူတိုင်း ဘယ်သူမဆို ကိုယ်က အကုန်မသုံးဘူး။ အထူးသဖြင့် ကားဆိုရင် ဝယ်မှာလား၊ ခဏပဲငှားသုံးမှာလား ဒီလိုအတွေ့အကြုံတွေ ဖြစ်လာပါတယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်/ နှစ်နှစ်အတွင်းမှာ ဝန်ဆောင်မှုတွေ ပိုပြီးပေးနိုင်မယ်ဆိုရင် Private Economy နဲ့ Market Place မှာ တကယ်လုပ်ဆောင်နေတဲ့သူတွေရော၊ အစိုးရရော အားလုံးအတူတူတွဲပြီး လုပ်ဆောင်လိုက်မယ်ဆိုရင် အောင်မြင်မှုပိုပြီးမြန်ဆန်လာတာကို တွေ့ရပါတယ်။ အခုအခြေအနေ ဆိုရင်ပိုပြီး အလားအလာကောင်းတာကို မြင်တွေ့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

# နှစ်သစ်ဆုတောင်း



တစ်ခါက နှစ်သစ်ကူးချိန်မှာ ကျွန်မဘာအတွက်များ ဆုတောင်းပါသလဲလို့ အမေးခံခဲ့ရပါတယ်။ စဉ်းစားလိုက်တော့ ခေါင်းထဲပေါ်လာတဲ့ အတွေးအတိုင်းပဲ "ပြည်သူ တစ်ဦးချင်းစီ တာဝန်ကျေစေချင်တယ်" လို့ ပြန်ပြောခဲ့ပါတယ်။ ယခုဒီအဖြေအပေါ်မှာ အဓိပ္ပာယ် နည်းနည်းချဲ့ပြီး ပြောချင်ပါတယ်။

တာဝန်ကျေဖို့ရာ ပထမလိုအပ်ချက်က တာဝန်သိဖို့ပဲ ဖြစ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟ ရဲ့တွန်းပို့မှုက ပေါ်လာတဲ့ လိုအင်ဆန္ဒတွေဟာ ကိုယ့်ရဲ့တာဝန်တွေပဲလို့ မှားပြီး မထင်မိဖို့ အင်မတန်အရေးကြီးပါတယ်။ တာဝန်ကိုအမှန်သိဖို့ ကြိုးစားကြပါ။ ကိုယ့်ရဲ့လိပ်ပြာ ကြေးမုံရှေ့မှာ တည့်တည့်ရပ်ပြီး ကိုယ်ကတာဝန်ပါလို့ သတ်မှတ်ထားတာဟာ ကိုယ့်အတွက်လား၊ အခြား၊ အများအတွက်လား၊ ယူဖို့အတွက်လား၊ ပေးဖို့အတွက်လား၊ သတ္တိရှိရှိနဲ့ အဖြေမှန်ကို လက်ခံပြီး၊ တာဝန်ကျေပွန်ဖို့အတွက် ကျွန်မတို့ ပြည်သူတွေ လုပ်ဆောင်နိုင်မယ်ဆိုရင် ၂၀၂၁ ခုနှစ်မှာသာမက၊ နောင်လာမည့်နှစ်တွေ မြောက်မြားစွာမှာလည်း ကျွန်မတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် စိတ်ချရမှာဖြစ်ပါတယ်။

**( အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁–၁–၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၉၆ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၆–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၅–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၂၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၉၆) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၆၄၈) ခု | (၅၂) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၉၄) ခု | (၈၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၃၇၇) ခု | (၄၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၅၀) ခု | – |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၃၃) ခု | (၁၀) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၇၂) ခု | (၁၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၈) ခု | (၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄၁) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၀) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၁) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၄) ခု | (၁၀၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၄၂၉) ခု | (၂၆၉) ဦး |
| **စုစုပေါင်း** | **(၁၇,၂၇၉) ခု** | **(၅၉၆) ဦး** |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၂၈–၁၂–၂၀ | ၂၉–၁၂–၂၀ | ၃၀–၁၂–၂၀ | ၃၁–၁၂–၂၀ | ၁–၁–၂၁ | ၂–၁–၂၁ | ၃–၁–၂၁ | ၄–၁–၂၁ | ၅–၁–၂၁ | ၆–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၄ | ၃.၄ | ၃.၅ | ၃.၇ | ၂.၆ | ၃.၆ | ၄.၁ | ၃.၅ | ၃.၃ | ၃.၅ |

**မှတ်ချက်။** COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၈–၁၂–၂၀၂၀) ရက်နေ့မှ (၆–၁–၂၀၂၁) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅)ခုမှ အများဆုံး (၂၄,၀၀၇) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၈,၁၆၃) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၆–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၂၇၉) ဦး | (၁,၉၂၁,၆၆၈) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၉၆) ဦး | (၁၂၈,၁၇၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၉၆) ဦး | (၁၁၁,၄၀၁) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၂,၇၈၅) ဦး |

- ယနေ့ **သေဆုံးသူ (၁၉) ဦး**အနက် ရောဂါအခံရှိသူ (၁၅) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၉၆) ဦးတွင် –
  - o ဆေးရုံများ – (၄၀၈) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၈၈) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၉၉) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၆-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆) နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၅-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၇,၅၈၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၅-၁-၂၁) အထိ | (၂၃-၁၂-၂၀၂၀) ရက်နေ့မှ (၅-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၃-၁၂-၂၀ | ၂၄-၁၂-၂၀ | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | သင်္ဃန်းကျွန်း | ၄,၄၁၉ | ၁၉ | ၅ | ၄၂ | ၁၇ | ၂၈ | ၇ | ၈ | ၂၁ | ၄ | ၆ | ၂၂ | ၁၀ | ၁၃ | ၃၆ |
| ၂ | တာမွေ | ၂,၉၃၈ | ၂၁ | ၉ | ၃ | ၂၄ | ၉ | ၃ | ၁၂ | ၆ | ၇ | ၅ | ၁၀ | ၁၅ | ၃ | ၁၈ |
| ၃ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃,၁၁၁ | ၁၂ | ၃၄ | ၆ | ၁၉ | ၂ | ၁၃ | ၁၄ | ၈ | ၁၆ | ၁၄ | ၆ | ၅ | ၃ | ၁၆ |
| ၄ | မင်္ဂလာဒုံ | ၅,၈၈၇ | ၂၁ | ၁၂ | ၂၁ | ၂၀ | ၃၀ | ၁၇ | ၂၅ | ၂၅ | ၂၁ | ၉ | ၁၃ | ၂၁ | ၉ | ၁၄ |
| ၅ | မြောက်ဥက္ကလာပ | ၅,၇၁၈ | ၂၅ | ၁၉ | ၆ | ၁၇ | ၆ | ၁၈ | ၂၈ | ၂၀ | ၆ | ၁၂ | ၁၁ | ၅ | ၃ | ၁၄ |
| ၆ | တောင်ဥက္ကလာပ | ၂,၉၀၅ | ၂၂ | ၁၇ | ၈ | ၈ | ၇ | ၁၅ | ၁၂ | ၅ | ၅ | ၂ | ၃ | ၇ | ၁၄ | ၁၀ |
| ၇ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂,၂၂၁ | ၁၂ | ၁၅ | ၈ | ၃ | ၂ | ၉ | ၈ | ၁၄ | ၁၃ | ၆ | ၁၉ | ၅ | ၆ | ၉ |
| ၈ | မှော်ဘီ | ၂,၀၂၂ | ၁၄ | ၂၆ | ၆ | ၁၉ | ၁၁ | ၁၂ | ၁၈ | ၁၀ | ၇ | ၂၁ | ၁၁ | ၂၁ | ၁၄ | ၇ |
| ၉ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁,၈၉၁ | ၁ | ၉ | ၂ | ၄ | ၉ | ၄ | ၃ | ၁၁ | ၇ | ၄ | ၂ | ၀ | ၄ | ၇ |
| ၁၀ | လှိုင်သာယာ | ၄,၇၂၇ | ၁၆ | ၆ | ၉ | ၆ | ၂၃ | ၇ | ၇ | ၉ | ၁၃ | ၄ | ၃ | ၅ | ၁၃ | ၆ |
| ၁၁ | ရန်ကင်း | ၁,၂၄၅ | ၅ | ၂ | ၆ | ၄ | ၁ | ၁ | ၄ | ၄ | ၂ | ၄ | ၃ | ၀ | ၄ | ၆ |
| ၁၂ | မရမ်းကုန်း | ၃,၇၅၇ | ၁၄ | ၁၇ | ၃ | ၃ | ၃ | ၈ | ၇ | ၄ | ၁၄ | ၆ | ၆ | ၅ | ၉ | ၅ |
| ၁၃ | မင်္ဂလာတောင်ညွန့် | ၁,၈၀၂ | ၆ | ၄ | ၆ | ၃ | ၁ | ၂ | ၄ | ၂ | ၂ | ၂ | ၅ | ၂ | ၁ | ၅ |
| ၁၄ | ဒဂုံဆိပ်ကမ်း | ၁,၂၄၁ | ၁၄ | ၄ | ၄ | ၃ | ၉ | ၄ | ၃ | ၄ | ၁ | ၀ | ၁ | ၃ | ၈ | ၄ |
| ၁၅ | ဒေါပုံ | ၁,၀၈၅ | ၅ | ၁ | ၆ | ၁ | ၁ | ၀ | ၀ | ၈ | ၁ | ၀ | ၆ | ၄ | ၀ | ၄ |
| ၁၆ | ကျောက်တန်း | ၉၀၄ | ၁၂ | ၄ | ၄ | ၅ | ၁ | ၃ | ၁ | ၂ | ၃ | ၁ | ၁၀ | ၀ | ၆ | ၄ |
| ၁၇ | ကမာရွတ် | ၂,၄၃၈ | ၁၃ | ၂ | ၅ | ၇ | ၁၁ | ၉ | ၄ | ၁၀ | ၆ | ၁ | ၄ | ၆၅ | ၃ | ၃ |
| ၁၈ | သာကေတ | ၂,၃၄၉ | ၈ | ၉ | ၃ | ၉ | ၄ | ၅ | ၃ | ၁၂ | ၂ | ၃ | ၆ | ၃ | ၅ | ၃ |
| ၁၉ | စမ်းချောင်း | ၁,၉၇၄ | ၁၁ | ၄ | ၁၇ | ၇ | ၁ | ၂၀ | ၆ | ၂ | ၁၅ | ၂ | ၃ | ၅ | ၁၁ | ၃ |
| ၂၀ | ဗဟန်း | ၁,၅၁၂ | ၄ | ၉ | ၁ | ၅ | ၀ | ၉ | ၆ | ၇ | ၃ | ၂ | ၄ | ၆ | ၃ | ၃ |
| ၂၁ | တိုက်ကြီး | ၆၄၀ | ၇ | ၁၃ | ၉ | ၁၁ | ၁၅ | ၉ | ၄ | ၄ | ၂ | ၁ | ၃ | ၂ | ၀ | ၃ |
| ၂၂ | ဆိပ်ကြီးခနောင်တို | ၄၃၁ | ၄ | ၅ | ၆ | ၀ | ၀ | ၅ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၃ |
| ၂၃ | ခရမ်း | ၄၃၀ | ၁ | ၁ | ၀ | ၃ | ၄ | ၀ | ၁ | ၄ | ၁ | ၀ | ၂ | ၁ | ၁ | ၃ |
| ၂၄ | ကွမ်းခြံကုန်း | ၂၈၄ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၃ |
| ၂၅ | အင်းစိန် | ၄,၅၄၄ | ၁၉ | ၁၃ | ၅ | ၉ | ၆ | ၂၃ | ၁၅ | ၁၉ | ၁၃ | ၁ | ၂၈ | ၈ | ၅ | ၂ |
| ၂၆ | ရွှေပြည်သာ | ၃,၇၅၀ | ၁၄ | ၁၂ | ၉ | ၂၅ | ၁၁ | ၆ | ၁၀ | ၅ | ၁၇ | ၂ | ၈ | ၅ | ၁ | ၂ |
| ၂၇ | လှိုင် | ၂,၉၁၅ | ၇ | ၂၆ | ၁၃ | ၅ | ၃ | ၁၂ | ၁၂ | ၂ | ၃ | ၁၄ | ၀ | ၂ | ၁ | ၂ |
| ၂၈ | သန်လျင် | ၂,၈၀၃ | ၅ | ၁၁ | ၂ | ၇ | ၅ | ၆ | ၆ | ၅ | ၁၆ | ၅ | ၁ | ၆ | ၃ | ၂ |
| ၂၉ | ကြည့်မြင်တိုင် | ၂,၀၀၆ | ၆ | ၂ | ၉ | ၄ | ၁ | ၆ | ၄ | ၀ | ၅ | ၀ | ၃ | ၁ | ၂ | ၂ |
| ၃၀ | အလုံ | ၁,၀၇၀ | ၂ | ၀ | ၁ | ၃ | ၁ | ၄ | ၁ | ၃ | ၀ | ၀ | ၆ | ၄ | ၃ | ၂ |
| ၃၁ | ပန်းဘဲတန်း | ၈၆၃ | ၀ | ၁ | ၀ | ၁၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၃၂ | ဒဂုံ | ၆၈၂ | ၁ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၂ | ၃ | ၂ | ၁ | ၁ | ၂ | ၂ |
| ၃၃ | ဗိုလ်တထောင် | ၁,၁၅၀ | ၂ | ၁ | ၀ | ၄ | ၀ | ၂ | ၂ | ၁ | ၁ | ၃ | ၃ | ၀ | ၂ | ၁ |
| ၃၄ | လှည်းကူး | ၁,၀၆၈ | ၃၄ | ၅ | ၆ | ၁၁ | ၃ | ၂ | ၆ | ၃၀ | ၃ | ၁ | ၀ | ၆ | ၄ | ၁ |
| ၃၅ | ပုဇွန်တောင် | ၈၀၀ | ၄ | ၂ | ၄ | ၁ | ၅ | ၅ | ၇ | ၁၀ | ၀ | ၂ | ၂ | ၀ | ၀ | ၁ |
| ၃၆ | ထန်းတပင် | ၆၃၆ | ၅ | ၃ | ၀ | ၁ | ၆ | ၃ | ၂ | ၁၃ | ၁ | ၀ | ၃ | ၁ | ၂ | ၁ |
| ၃၇ | သုံးခွ | ၄၁၃ | ၃ | ၄ | ၄ | ၄ | ၃ | ၃ | ၁ | ၂ | ၀ | ၁ | ၂ | ၁ | ၀ | ၁ |
| ၃၈ | ဒလ | ၁,၄၀၄ | ၄ | ၁ | ၁ | ၀ | ၁ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၀ |
| ၃၉ | လမ်းမတော် | ၁,၂၄၇ | ၇ | ၆ | ၂ | ၃ | ၁ | ၁ | ၁ | ၁ | ၃ | ၀ | ၁ | ၂ | ၇ | ၀ |
| ၄၀ | တွံတေး | ၉၀၀ | ၃ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၁ | ၀ |
| ၄၁ | လသာ | ၇၆၆ | ၁ | ၃ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၄ | ၀ |
| ၄၂ | ကျောက်တံတား | ၆၂၆ | ၈ | ၄ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၆ | ၁ | ၃ | ၁ | ၁ | ၀ |
| ၄၃ | ကော့မှူး | ၃၁၄ | ၇ | ၃ | ၆ | ၀ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | * | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈၃,၉၀၉ | ၃၉၉ | ၃၂၆ | ၂၄၆ | ၂၉၄ | ၂၂၉ | ၂၅၇ | ၂၅၃ | ၂၈၇ | ၂၂၈ | ၁၃၈ | ၂၁၇ | ၂၃၀ | ၁၇၄ | ၂၁၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | မဟာအောင်မြေ | ၂,၃၃၇ | ၂၉ | ၃၀ | ၂၈ | ၂၁ | ၃၀ | ၂၃ | ၂၃ | ၅ | ၅၁ | ၇ | ၁၅ | ၁၅ | ၂၂ | ၂၀ |
| ၄၅ | ချမ်းအေးသာစံ | ၂,၅၀၃ | ၄၃ | ၄၂ | ၁၂ | ၃၀ | ၂၀ | ၂၄ | ၂၀ | ၃ | ၃၈ | ၁၂ | ၂၂ | ၃၃ | ၁၂ | ၁၉ |
| ၄၆ | တောင်သာ | ၁၈၉ | ၂ | ၅ | ၉ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၁ | ၄ | ၃ | ၂ | ၁၄ |
| ၄၇ | အောင်မြေသာစံ | ၂,၃၀၁ | ၃၈ | ၃၁ | ၂၉ | ၂၈ | ၁၉ | ၂၃ | ၁၈ | ၄ | ၃၇ | ၁၃ | ၁၁ | ၂၆ | ၁၀ | ၁၃ |
| ၄၈ | ချမ်းမြသာစည် | ၁,၇၄၆ | ၅၉ | ၄၃ | ၂၉ | ၃၆ | ၂၀ | ၃၄ | ၁၅ | ၇ | ၃၀ | ၁၀ | ၂၄ | ၆ | ၃၀ | ၁၃ |
| ၄၉ | အမရပူရ | ၁,၄၈၂ | ၁၇ | ၂၅ | ၁၄ | ၁၇ | ၄ | ၁၄ | ၁၇ | ၂ | ၁၈ | ၁၂ | ၁၉ | ၁၃ | ၁၃ | ၁၂ |
| ၅၀ | ပြည်ကြီးတံခွန် | ၈၄၀ | ၁၀ | ၁၂ | ၁၇ | ၇ | ၁၁ | ၁၉ | ၂၁ | ၃ | ၃၁ | ၁ | ၁၄ | ၇ | ၁၃ | ၉ |
| ၅၁ | စဉ့်ကိုင် | ၂၆၈ | ၂ | ၈ | ၁၁ | ၅ | ၀ | ၀ | ၁ | ၉ | ၇ | ၀ | ၀ | ၃ | ၃ | ၉ |
| ၅၂ | မြင်းခြံ | ၄၁၅ | ၅ | ၁၆ | ၁၁ | ၀ | ၅ | ၂၁ | ၂ | ၇ | ၁၇ | ၆ | ၆ | ၀ | ၉ | ၈ |
| ၅၃ | ပုသိမ်ကြီး | ၅၉၀ | ၃ | ၉ | ၈ | ၆ | ၁ | ၁၁ | ၁၄ | ၁ | ၃၉ | ၄ | ၁၂ | ၂၄ | ၁၈ | ၇ |
| ၅၄ | ပြင်ဦးလွင် | ၁၆၄ | ၄ | ၃ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၄ |
| ၅၅ | မိတ္ထီလာ | ၂၁၅ | ၁ | ၁ | ၁ | ၁ | ၁ | ၃ | ၂ | ၁ | ၆ | ၀ | ၂ | ၁ | ၀ | ၂ |
| ၅၆ | ကျောက်ပန်းတောင်း | ၁၂၆ | ၀ | ၁ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၄ | ၀ | ၀ | ၂ | ၈ | ၂ |
| ၅၇ | မြစ်သား | ၈၂ | ၁ | ၃ | ၂ | ၀ | ၂ | ၁ | ၂ | ၀ | ၄ | ၀ | ၁ | ၄ | ၀ | ၂ |
| ၅၈ | တံတားဦး | ၇၄ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၄ | ၀ | ၀ | ၁ | ၃ | ၂ |
| ၅၉ | ကျောက်ဆည် | ၁၅၇ | ၁ | ၀ | ၅ | ၄ | ၃ | ၁ | ၂ | ၁ | ၆ | ၀ | ၉ | ၂ | ၁ | ၁ |
| ၆၀ | မိုးကုတ် | ၄၁ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၁ |
| ၆၁ | ညောင်ဦး | ၁၂၈ | ၀ | ၁ | ၄ | ၀ | ၂ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၆၂ | သာစည် | ၁၁၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၆၃ | ပျော်ဘွယ် | ၁၀၄ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၄ | မတ္တရာ | ၉၈ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ |
| ၆၅ | ရမည်းသင်း | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၆ | နွားထိုးကြီး | ၉၁ | ၃ | ၁ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၂ | ၀ |
| ၆၇ | ဝမ်းတွင်း | ၇၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၀ |
| ၆၈ | ငါန်းဇွန် | ၆၉ | ၆ | ၁ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ |
| ၆၉ | မလှိုင် | ၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၇၀ | သပိတ်ကျင်း | ၃၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၇၁ | စဉ့်ကူး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၄,၃၈၁ | ၂၂၇ | ၂၃၄ | ၁၉၄ | ၁၅၈ | ၁၂၁ | ၁၈၄ | ၁၄၈ | ၄၉ | ၂၉၈ | ၆၉ | ၁၄၃ | ၁၅၀ | ၁၄၉ | ၁၃၈ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပဲခူး | ၂,၈၇၄ | ၃၀ | ၄၀ | ၅၆ | ၃၆ | ၃၈ | ၂၄ | ၂၂ | ၄၇ | ၄၆ | ၄၄ | ၂၅ | ၇၁ | ၅၀ | ၂၇ |
| ၇၃ | ဖြူး | ၃၈၇ | ၃ | ၂ | ၂၆ | ၀ | ၀ | ၁၁ | ၀ | ၃ | ၄ | ၄ | ၄ | ၁၃ | ၂ | ၁၀ |
| ၇၄ | ဝေါ | ၄၂၆ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၁ | ၅ |
| ၇၅ | ညောင်လေးပင် | ၂၂၈ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၃ | ၄ | ၁ | ၁ | ၅ |
| ၇၆ | အုတ်ဖို | ၁၉၀ | ၂ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၂ |
| ၇၇ | ဒိုက်ဦး | ၂၀၅ | ၂ | ၉ | ၂ | ၃ | ၀ | ၁ | ၄ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၁ |
| ၇၈ | တောင်ငူ | ၁၈၁ | ၁ | ၁ | ၁ | ၄ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၂ | ၁ |
| ၇၉ | ရေတာရှည် | ၁၆၉ | ၀ | ၂ | ၁ | ၁ | ၀ | ၁ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၁ |
| ၈၀ | မိုးညို | ၁၁၅ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၈၁ | သာယာဝတီ | ၅၀၁ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁၁ | ၀ | ၀ |
| ၈၂ | လက်ပံတန်း | ၄၅၁ | ၀ | ၇ | ၁ | ၁၀ | ၁ | ၁ | ၀ | ၀ | ၉ | ၁၁ | ၂ | ၀ | ၃ | ၀ |
| ၈၃ | ကဝ | ၃၇၃ | ၂ | ၄ | ၁၀ | ၁ | ၀ | ၁ | ၃ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၈၄ | ကျောက်တံခါး | ၃၂၀ | ၀ | ၁ | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၂ | ၀ | ၂ | ၀ | ၃ | ၀ |
| ၈၅ | မင်းလှ | ၂၃၁ | ၄ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၈၆ | ပြည် | ၁၉၉ | ၅ | ၁ | ၀ | ၂ | ၁ | ၁ | ၂ | ၀ | ၀ | ၄ | ၁ | ၁ | ၀ | ၀ |
| ၈၇ | သနပ်ပင် | ၁၆၆ | ၄ | ၅ | ၁ | ၁ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၈၈ | ရွှေတောင် | ၁၆၅ | ၀ | ၇ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၉ | နတ်တလင်း | ၁၂၆ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ |
| ၉၀ | ကြို့ပင်ကောက် | ၁၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၁ | ပေါင်းတည် | ၁၁၂ | ၀ | ၀ | ၁ | ၆ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၂ | အုတ်တွင်း | ၁၁၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၉၃ | ပန်းတောင်း | ၉၉ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | သဲကုန်း | ၉၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၅ | ဇီးကုန်း | ၇၇ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၆ | ရွှေကျင် | ၇၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉ | ၀ |
| ၉၇ | ကျောက်ကြီး | ၄၆ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ထန်းတပင် | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ |
| ၉၉ | ပေါက်ခေါင်း | ၄၇ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| | **စုစုပေါင်း** | ၈,၁၃၃ | ၆၀ | ၈၁ | ၁၀၉ | ၆၄ | ၅၆ | ၆၁ | ၃၇ | ၆၈ | ၇၃ | ၆၉ | ၄၁ | ၁၁၀ | ၈၁ | ၅၃ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | လပွတ္တာ | ၂၄၂ | ၀ | ၇ | ၁၉ | ၂ | ၀ | ၂ | ၀ | ၁ | ၁၁ | ၀ | ၀ | ၂ | ၂ | ၁၄ |
| ၁၀၁ | ပုသိမ် | ၆၆၁ | ၃၀ | ၁၁ | ၁၁ | ၂၄ | ၄ | ၆ | ၆ | ၄ | ၁၁ | ၈ | ၁၅ | ၁၂ | ၆ | ၁၂ |
| ၁၀၂ | ဟင်္သာတ | ၅၂၀ | ၄ | ၂၇ | ၆ | ၁ | ၁ | ၈ | ၄ | ၁၁ | ၅၄ | ၁၂ | ၂ | ၅ | ၂၇ | ၄ |
| ၁၀၃ | မအူပင် | ၅၀၂ | ၁၁ | ၉ | ၂ | ၂ | ၂၃ | ၃ | ၂ | ၀ | ၁ | ၂ | ၀ | ၁ | ၁ | ၂ |
| ၁၀၄ | မော်လမြိုင်ကျွန်း | ၄၈၁ | ၅ | ၈ | ၀ | ၀ | ၁၃ | ၉ | ၀ | ၁၁ | ၀ | ၂ | ၀ | ၉ | ၀ | ၁ |
| ၁၀၅ | ဘိုကလေး | ၂၀၃ | ၄ | ၁ | ၁ | ၀ | ၃၂ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၁ | ၁ |
| ၁၀၆ | ဓနုဖြူ | ၉၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၀၇ | ကျောင်းကုန်း | ၇၈ | ၂ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၈ | ဒေးဒရဲ | ၄၀၈ | ၁ | ၀ | ၁ | ၀ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၀၉ | ကျုံပျော် | ၂၆၉ | ၅ | ၀ | ၂ | ၀ | ၂ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၀ | ကျိုက်လတ် | ၂၃၆ | ၁ | ၂ | ၅ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၁ | ညောင်တုန်း | ၂၃၉ | ၀ | ၀ | ၂ | ၂ | ၁ | ၀ | ၅ | ၀ | ၁ | ၀ | ၀ | ၀ | ၉ | ၀ |
| ၁၁၂ | ဖျာပုံ | ၂၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၃ | မြောင်းမြ | ၂၀၁ | ၆ | ၀ | ၃ | ၂ | ၀ | ၁ | ၀ | ၅ | ၀ | ၀ | ၃ | ၅ | ၀ | ၀ |
| ၁၁၄ | ရေကြည် | ၁၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၅ | ဝါးခယ်မ | ၁၀၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၆ | ကန်ကြီးထောင့် | ၆၇ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | အိမ်မဲ | ၆၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၈ | လေးမျက်နှာ | ၄၃ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၉ | အင်္ဂပူ | ၅၇ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၆ | ၁ | ၃ | ၀ | ၁ | ၁၅ | ၁ | ၀ |
| ၁၂၀ | မြန်အောင် | ၄၀ | ၀ | ၀ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၂၁ | ဇလွန် | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၂၂ | ပန်းတနော် | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၂၃ | ကြံခင်း | ၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ |
| ၁၂၄ | သာပေါင်း | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၄,၉၈၄ | ၇၃ | ၆၇ | ၅၆ | ၃၉ | ၈၅ | ၃၅ | ၂၉ | ၃၄ | ၈၅ | ၂၇ | ၂၂ | ၅၆ | ၅၀ | ၃၆ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ | ၁,၅၂၇ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၈ |
| ၁၂၇ | တောင်ကုတ် | ၁၇၈ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၄ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၃ |
| ၁၂၈ | ကျောက်ဖြူ | ၄၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၁ |
| ၁၂၉ | မောင်တော | ၃၉၈ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၀ | ကျောက်တော် | ၂၆၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၃၁ | မြောက်ဦး | ၂၅၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၁၃၂ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | အမ်း | ၁၆၇ | ၃ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁၈ | ၂ | ၀ | ၀ |
| ၁၃၄ | ရသေ့တောင် | ၁၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | ပေါက်တော | ၁၂၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | သံတွဲ | ၁၁၄ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၈၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၄,၁၇၈ | ၆ | ၆ | ၈ | ၀ | ၁ | ၁ | ၄ | ၂ | ၆ | ၃ | ၂၁ | ၅ | ၃ | ၁၂ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | စလင်း | ၂၄၅ | ၁ | ၀ | ၀ | ၁၅ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၁၄ | ၆ | ၁ | ၁၉ |
| ၁၄၄ | မကွေး | ၃၆၂ | ၈ | ၅ | ၁ | ၈ | ၆ | ၁ | ၀ | ၈ | ၀ | ၀ | ၈ | ၁ | ၉ | ၆ |
| ၁၄၅ | မင်းဘူး | ၂၀၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၁ | ၆ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၅-၁-၂၁) အထိ | (၂၃-၁၂-၂၀၂၀) ရက်နေ့မှ (၅-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၃-၁၂-၂၀ | ၂၄-၁၂-၂၀ | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ |
| ၁၄၆ | မြိုင် | ၈၁ | ၀ | ၂ | ၀ | ၅ | ၀ | ၃ | ၂ | ၁ | ၂ | ၀ | ၃ | ၁ | ၀ | ၃ |
| ၁၄၇ | အောင်လံ | ၅၆၁ | ၆ | ၈ | ၀ | ၉ | ၂ | ၃ | ၂ | ၉ | ၁ | ၁ | ၁၀ | ၃ | ၄ | ၂ |
| ၁၄၈ | တောင်တွင်းကြီး | ၂၄၀ | ၂ | ၁၆ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၄ | ၅ | ၅ | ၂ |
| ၁၄၉ | ရေနံချောင်း | ၁၃၅ | ၂ | ၁ | ၃ | ၀ | ၂ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၂ |
| ၁၅၀ | ပခုက္ကူ | ၁၂၆ | ၀ | ၀ | ၀ | ၄ | ၀ | ၃ | ၂ | ၂ | ၁ | ၀ | ၃ | ၁ | ၃ | ၂ |
| ၁၅၁ | ချောက် | ၁၂၁ | ၀ | ၁ | ၀ | ၅ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၁၁ | ၂ |
| ၁၅၂ | နတ်မောက် | ၁၉၇ | ၀ | ၀ | ၀ | ၃ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ |
| ၁၅၃ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၅၄ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၅၅ | မြို့သစ် | ၂၃၁ | ၀ | ၆ | ၀ | ၂ | ၀ | ၁၁ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၅၆ | ပွင့်ဖြူ | ၇၉ | ၂ | ၀ | ၀ | ၈ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၁၅၇ | ဂန့်ဂေါ | ၆၈ | ၁ | ၀ | ၀ | ၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ |
| ၁၅၈ | သရက် | ၆၆ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၁၅၉ | ဆင်ပေါင်ဝဲ | ၃၈ | ၀ | ၀ | ၀ | ၇ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၆၀ | ဆိပ်ဖြူ | ၃၃ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၁ | ရေစကြို | ၃၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၁၆၂ | မင်းလှ | ၃၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ပေါက် | ၃၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၆၄ | ငဖဲ | ၁၄ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | ဆော | ၁၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | စေတုတ္တရာ | ၉ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂,၉၄၂ | ၃၀ | ၄၂ | ၇ | ၇၅ | ၁၅ | ၃၄ | ၂၀ | ၂၄ | ၆ | ၂ | ၅၆ | ၂၀ | ၄၀ | ၄၇ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် | ၁,၀၉၁ | ၁၁ | ၁၃ | ၀ | ၂၆ | ၄ | ၁၀ | ၁၁ | ၁၃ | ၁၅ | ၁၇ | ၁၀ | ၄၂ | ၂၀ | ၂၈ |
| ၁၆၉ | သထုံ | ၄၇၁ | ၃ | ၃ | ၁ | ၃ | ၁ | ၃ | ၄ | ၂ | ၂ | ၀ | ၁ | ၂ | ၀ | ၂ |
| ၁၇၀ | ကျိုက်ထို | ၃၀၈ | ၁ | ၇ | ၀ | ၃ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၁ |
| ၁၇၁ | ဘီးလင်း | ၁၆၃ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၂ | ပေါင် | ၁၂၅ | ၂ | ၀ | ၀ | ၄ | ၁ | ၁ | ၃ | ၄ | ၀ | ၄ | ၀ | ၃ | ၁ | ၄ |
| ၁၇၃ | ရေး | ၁၀၀ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇၄ | သံဖြူဇရပ် | ၆၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၇၅ | မုဒုံ | ၅၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၆ | ကျိုက်မရော | ၅၉ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၇၇ | ချောင်းဆုံ | ၄၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| | စုစုပေါင်း | ၂,၄၇၉ | ၁၉ | ၂၆ | ၂ | ၃၈ | ၈ | ၁၈ | ၂၁ | ၂၂ | ၂၃ | ၂၁ | ၁၂ | ၄၉ | ၂၂ | ၃၈ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | ရွှေဘို | ၁၉၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၈ |
| ၁၇၉ | ကလေး | ၃၉၃ | ၆ | ၅ | ၂ | ၃ | ၀ | ၁ | ၇ | ၁ | ၆ | ၀ | ၃ | ၂ | ၁ | ၄ |
| ၁၈၀ | ဆားလင်းကြီး | ၅၈ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၁၀ | ၀ | ၀ | ၁၁ | ၄ | ၀ | ၀ | ၃ |
| ၁၈၁ | စစ်ကိုင်း | ၄၆၀ | ၂၀ | ၁ | ၁၁ | ၀ | ၃၁ | ၁ | ၉ | ၂ | ၁၈ | ၀ | ၁ | ၁ | ၉ | ၂ |
| ၁၈၂ | တမူး | ၈၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၂ |
| ၁၈၃ | ချောင်းဦး | ၃၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၂ | ၁ |
| ၁၈၄ | မြင်းမူ | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၁ | ၀ | ၁ |
| ၁၈၅ | အင်းတော် | ၃၂ | ၂ | ၁ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၁၀ | ၁ |
| ၁၈၆ | မုံရွာ | ၁၄၅ | ၀ | ၄ | ၃ | ၂ | ၂ | ၁၁ | ၂ | ၄ | ၂ | ၄ | ၅ | ၁ | ၅ | ၀ |
| ၁၈၇ | ယင်းမာပင် | ၈၃ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၈ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၈၈ | ကန့်ဘလူ | ၇၁ | ၀ | ၀ | ၂ | ၂ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၈၉ | တန့်ဆည် | ၄၇ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၅ | ၁ | ၀ | ၁ | ၀ | ၀ |
| ၁၉၀ | ဒီပဲယင်း | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၁ | ပုလဲ | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၂ | ရေဦး | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၃ | မင်းကင်း | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၄ | ဝက်လက် | ၃၀ | ၀ | ၁ | ၅ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၅ | ဟုမ္မလင်း | ၂၉ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၃ | ၀ | ၀ |
| ၁၉၆ | ကောလင်း | ၂၅ | ၀ | ၃ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၇ | ခင်ဦး | ၂၅ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၈ | ကနီ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | ဘုတလင် | ၂၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၀၀ | ကသာ | ၂၅ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၃ | ၁ | ၁ | ၀ |
| ၂၀၁ | ကျွန်းလှ | ၁၉ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၀၂ | အရာတော် | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၃ | မြောင် | ၁၅ | ၁ | ၃ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၀၄ | ကလေးဝ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၇ | ၀ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၆ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၄ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | | ၂ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လယ်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| | စုစုပေါင်း | ၂,၀၁၇ | ၄၀ | ၂၉ | ၃၀ | ၁၇ | ၃၉ | ၂၆ | ၃၄ | ၂၀ | ၅၆ | ၂၀ | ၃၀ | ၁၄ | ၃၁ | ၂၂ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | ဘားအံ | ၄၉၆ | ၁၈ | ၅ | ၁ | ၀ | ၁ | ၃ | ၀ | ၁၃ | ၀ | ၉ | ၀ | ၁ | ၂ | ၃၂ |
| ၂၁၅ | မြဝတီ | ၃၅၂ | ၁၃ | ၂၅ | ၀ | ၆ | ၁၃ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁၂ | ၂ | ၁ |
| ၂၁၆ | ကော့ကရိတ် | ၂၁၆ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၇ | လှိုင်းဘွဲ့ | ၇၂ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | ကြာအင်းဆိပ်ကြီး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁,၁၅၉ | ၃၅ | ၃၃ | ၃ | ၆ | ၁၄ | ၁၀ | ၀ | ၁၈ | ၀ | ၉ | ၀ | ၁၃ | ၄ | ၃၃ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၄၁၁ | ၀ | ၄၄ | ၅၆ | ၂၈ | ၁၄ | ၁ | ၄၀ | ၃၀ | ၃၇ | ၃၀ | ၁၃ | ၂၅ | ၀ | ၂၆ |
| ၂၂၂ | တပ်ကုန်း | ၄၃ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၆ |
| ၂၂၃ | ဇမ္ဗူသီရိ | ၂၂၁ | ၁ | ၀ | ၁ | ၅ | ၃ | ၀ | ၀ | ၃ | ၂ | ၀ | ၀ | ၁ | ၂ | ၁ |
| ၂၂၄ | ပုဗ္ဗသီရိ | ၁၁၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၂၅ | ပျဉ်းမနား | ၉၆ | ၁ | ၂ | ၃ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၂၆ | လယ်ဝေး | ၉၈ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | * | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁,၀၅၇ | ၅ | ၄၆ | ၆၁ | ၃၆ | ၁၉ | ၂ | ၄၇ | ၃၄ | ၄၁ | ၃၁ | ၁၄ | ၂၇ | ၃ | ၃၅ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၂၉ | မြစ်ကြီးနား | ၉၈ | ၀ | ၆ | ၇ | ၃ | ၁ | ၀ | ၀ | ၂ | ၄ | ၄ | ၁ | ၀ | ၁၀ | ၃ |
| ၂၃၀ | ဖားကန့် | ၄၀၉ | ၄ | ၁ | ၂၂ | ၁ | ၃ | ၃ | ၂ | ၁၀ | ၂ | ၀ | ၀ | ၀ | ၄ | ၁ |
| ၂၃၁ | မိုးညှင်း | ၄၂ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၂၃၂ | မိုးကောင်း | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၃ | ဗန်းမော် | ၁၄ | ၀ | ၀ | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၃၄ | ရွှေကူ | ၂၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ |
| ၂၃၅ | ဝိုင်းမော် | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ပူတာအို | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၂၁ | ၄ | ၈ | ၃၃ | ၅ | ၇ | ၃ | ၆ | ၁၂ | ၆ | ၄ | ၃ | ၁၀ | ၁၆ | ၄ |
| ၁၂။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၄၀ | တီးတိန် | ၈၅ | ၁ | ၁ | ၀ | ၀ | ၀ | ၁၁ | ၂ | ၀ | ၀ | ၁၄ | ၀ | ၅ | ၄ | ၂ |
| ၂၄၁ | မင်းတပ် | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၄၂ | မတူပီ | ၂၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ |
| ၂၄၃ | ပလက်ဝ | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၄၄ | တွန်းဇံ | ၂၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၅ | ဟားခါး | ၂၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | ဖလမ်း | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကန်ပက်လက် | ၅ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ထန်တလန် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၄၈ | ၅ | ၁ | ၀ | ၄ | ၀ | ၁၁ | ၂ | ၀ | ၃ | ၁၄ | ၈ | ၇ | ၄ | ၂ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၉ | မြိတ် | ၂၉၉ | ၁ | ၉ | ၄ | ၁ | ၁ | ၀ | ၁ | ၁ | ၁၇ | ၀ | ၀ | ၅ | ၀ | ၃ |
| ၂၅၀ | ထားဝယ် | ၁၀၉ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၁ | လောင်းလုံ | ၄၃ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၂ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၃ | ၀ | ၀ |
| ၂၅၃ | ရေဖြူ | ၂၇ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၄ | ကော့သောင်း | ၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၅ | သရက်ချောင်း | ၁၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၈ | တနင်္သာရီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၈၆ | ၁၁ | ၉ | ၄ | ၁ | ၃ | ၁ | ၁၆ | ၁ | ၂၃ | ၀ | ၀ | ၉ | ၀ | ၃ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၉ | တောင်ကြီး | ၂၀၂ | ၁ | ၃ | ၂ | ၂ | ၀ | ၀ | ၁ | ၂ | ၃၁ | ၂ | ၄ | ၁ | ၃ | ၉ |
| ၂၆၀ | ညောင်ရွှေ | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ |
| ၂၆၁ | ရွာငံ | ၄၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ |
| ၂၆၂ | ကလော | ၉၄ | ၃ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၃ | ရပ်စောက် | ၂၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | ပင်လောင်း | ၂၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၆၅ | လွိုင်လင် | ၁၉ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | ဆီဆိုင် | ၁၆ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | ပင်းတယ | ၁၄ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၆၈ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၉ | ဟိုပုံး | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | ဖယ်ခုံ | ၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၇၁ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၈၂ | ၁၃ | ၃ | ၄ | ၃ | ၄ | ၀ | ၁ | ၁၂ | ၃၄ | ၅ | ၅ | ၁ | ၆ | ၁၂ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | မူဆယ် | ၅၅ | ၀ | ၄ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၇၈ | နမ္မတူ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၇၉ | လားရှိုး | ၃၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၀ | နောင်ချို | ၃၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၈၁ | ကျောက်မဲ | ၂၆ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | ကွတ်ခိုင် | ၉ | ၁ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၄ | သီပေါ | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၈၅ | နမ့်ခမ်း | ၈ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | မိုးမိတ် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၁၈ | ၂ | ၇ | ၀ | ၁ | ၅ | ၄ | ၀ | ၄ | ၄ | ၀ | ၀ | ၀ | ၄ | ၂ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၉၃ | မိုင်းယောင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

စာမျက်နှာ ၁၈ သို့

## ၆-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၁၅၇၉၆၄၁ | ၁၂၈၆၂၂၁၆ | ၃၆၅၆၆၄ |
| ၂။ | အိန္ဒိယ | ၁၀၃၇၅၄၇၈ | ၉၉၉၇၂၇၂ | ၁၅၀၁၅၁ |
| ၃။ | ဘရာဇီး | ၇၈၁၂၀၀၇ | ၆၉၆၃၄၀၇ | ၁၉၇၇၇၇ |
| ၄။ | ရုရှား | ၃၃၀၈၆၀၁ | ၂၆၈၅၇၂၃ | ၅၉၉၅၁ |
| ၅။ | ပြင်သစ် | ၂၇၇၄၄၇၉ | စိစစ်ဆဲ | ၇၆၃၀၅ |
| ၆။ | ယူကေ | ၂၆၈၀၂၃၉ | ၁၉၇၅၀၃ | ၆၆၂၈၂ |
| ၇။ | တူရကီ | ၂၂၇၀၁၀၁ | ၂၁၅၅၃၃၈ | ၂၁၈၇၉ |
| ၈။ | အီတလီ | ၂၁၈၁၆၁၉ | ၁၅၃၆၁၂၉ | ၇၆၃၂၉ |
| ၉။ | စပိန် | ၁၉၈၂၅၄၄ | စိစစ်ဆဲ | ၅၁၄၃၀ |
| ၁၀။ | ဂျာမနီ | ၁၈၁၄၅၆၅ | ၁၄၅၁၀၀၀ | ၃၇၁၈၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆- ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၈၈၄၀၂ | ၆၅၂၅၁၃ | ၂၃၂၉၆ |
| ဖိလစ်ပိုင် | ၄၈၀၇၃၇ | ၄၄၈၇၀၀ | ၉၃၄၇ |
| မြန်မာ | ၁၂၈၁၇၈ | ၁၁၁၄၀၁ | ၂၇၈၅ |
| မလေးရှား | ၁၂၅၄၃၈ | ၁၀၀၅၇၈ | ၅၁၃ |
| စင်ကာပူ | ၅၈၇၈၀ | ၅၈၅၁၇ | ၂၉ |
| ထိုင်း | ၉၃၃၁ | ၄၄၁၈ | ၆၆ |
| ဗီယက်နမ် | ၁၅၀၅ | ၁၃၅၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၈၃ | ၃၆၂ | ၀ |
| ဘရူနိုင်း | ၁၇၂ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၄၀ | ၀ |

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၂၉၉ | လွိုင်ကော် | ၄၄ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၄ | ၀ | ၂ | ၀ | ၁ | ၀ |
| ၃၀၀ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | ဒီမောဆို | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| | စုစုပေါင်း | ၄၈ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၄ | ၀ | ၂ | ၀ | ၂ | ၀ |
| | စုစုပေါင်း | ၁၂,၇၅၈၂ | ၉၃၀ | ၉၁၉ | ၇၅၈ | ၇၄၁ | ၆၀၆ | ၆၄၈ | ၆၂၀ | ၅၈၇ | ၈၉၀ | ၄၁၂ | ၅၇၄ | ၇၀၁ | ၅၉၀ | ၆၄၇ |

မှတ်ချက်။ - (၅-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁) မြို့နယ်ရှိပြီဖြစ်ပါသည်။
- အထက်ဖော်ပြပါ စာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ဓာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး ၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၆**

COVID-19 ရောဂါဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည် လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာ မျှဝေပေးမည့် “ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်” ကို နိုဝင်ဘာ ၂၅ ရက်မှ စ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။




ဇန်နဝါရီ ၇ ရက် (ကြာသပတေးနေ့) ညနေတွင် Sharing Economy အသုံးပြုရာတွင် လိုက်နာသင့်သည့် အချက်များနှင့် နယ်ပယ်အသီးသီးရှိ Digital Platform အခွင့်အလမ်းများနှင့် ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေး အကြောင်း သိကောင်းစရာ အစီအစဉ်အား Myanandar Resi- dence Hotel & Yankin Heights Restaurant ၏ Executive Direc- tor ဦးသော်ဇင်အောင်ကြီးနှင့် (ကုန်စည်၏ Co-founder and CEO) ဒေါ်ဇာဖြူတင့်လွင်တို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်း ဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ) နောက်ဆက်တွဲအတန်း ဇန်နဝါရီလ တတိယပတ်တွင် ဖွင့်လှစ်နိုင်ရန်စီစဉ်

**နေပြည်တော် ဇန်နဝါရီ ၆**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယာယီ ရပ်နားထားသည့် ဆေးတက္ကသိုလ် သင်တန်းများမှ နောက်ဆုံးနှစ် အပိုင်း(ခ) နောက်ဆက်တွဲအတန်းကို ဇန်နဝါရီလ တတိယပတ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြန်လည် ဖွင့်လှစ်သွားမည်ဖြစ်ပြီး တက်ရောက်မည့် ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက ယခုကဲ့သို့ ပြောကြားသည်။

“ကျွန်တော်တို့ ဆေးတက္ကသိုလ်တွေက နောက်ဆုံးနှစ်မှာ အပိုင်း(က)နဲ့ (ခ)ဆိုပြီး ရှိပါတယ်။ အဲဒီမှာ နောက်ဆုံးနှစ် အပိုင်း(ခ)က တကယ်တော့ တစ်နှစ်ခွဲ တက်ရပါတယ်။ ဒါပေမယ့် အဲဒီမှာ ဆပ်ပလီဆိုတဲ့ အတန်းတစ်တန်း ကျန်နေပါသေးတယ်။ ဆပ်ပလီဆိုတာ သူ့ရှေ့က လူတွေက အောင်သွားတယ်။ ပုံမှန်စာမေးပွဲအောင်ပြီး အခုဟောက်စ်ဆင်းလို့ ပြီးသွားပြီ။ အဲဒီဟာနဲ့ အတူတူက ကျန်ခဲ့တာ ဆပ်ပလီတန်း၊ နောက်ဆက်တွဲတန်း ဖြစ်ပါတယ်။

“အဲဒါက ကျွန်တော်တို့ကျောင်းမှာဆိုရင် ၂၇ ယောက် ရှိပါတယ်။ ကျောင်းသား တစ်ယောက်ချင်းစီကို ကျွန်တော်တို့ အကြောင်းကြားပါတယ်။ တချို့ကလည်း ခရီးလွန်နေတာဆိုတော့ သူတို့ကို အကြောင်းကြားတာတွေ လုပ်နေပါတယ်။ ရောက်လာတဲ့အခါ ဆေးစစ်တာတွေ လုပ်ပြီးရင် သူတို့ကို စာသင်မယ်။ နှစ်ပတ်သင် တစ်ပတ်နားပြီးတော့ နောက်တစ်ပတ်ကျရင် စာမေးပွဲ စစ်ပါမယ်။

“သူတို့က တကယ်တမ်းတော့ ကျောင်းတက်ပြီးသားတွေ ဖြစ်ပါတယ်။ နောက်ဆက်တွဲဆိုတာက ပုံမှန်ကျောင်းတက်ပြီးသား စာမေးပွဲ ဖြေဖို့ပဲ ကျန်တော့တဲ့သူတွေ ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် အထူးသဖြင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်က အရေးကြီးပါတယ်။ အဲဒါတွေရဖို့ အတွက် ဒီသင်တန်းတွေက တစ်ခုပြီးတစ်ခု ဆက်ပြီးဖွင့်သွားမှာ ဖြစ်ပါတယ်။

“ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအတွက်ကလည်း အရေးကြီးပါတယ်။ ကျောင်းတွေဖွင့်တာကို ကျွန်တော်တို့က ကြိုဆိုပါတယ်။ အကောင်းဆုံးနဲ့ အဆင်ပြေဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဖို့ လိုပါတယ်။ ကိုဗစ် Negative ဖြစ်တဲ့ နေရာတွေမှာပဲ သူတို့ကို သင်ကြားဖို့ ပြင်ဆင်ထားပါတယ်။ ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ သင်ကြားနိုင်အောင်၊ အွန်လိုင်းကနေ သင်ကြားနိုင်အောင် ပြင်ဆင်ထားပါတယ်။ အွန်လိုင်းနဲ့ Face to Face နဲ့ပေါင်းပြီး သင်တဲ့နည်းနဲ့ သင်ဖို့ ပြင်ဆင်ထားပါတယ်” ဟု ၎င်းက ပြောသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် ပြန်လည်ဖွင့်လှစ်ပေးမည့် ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ) နောက်ဆက်တွဲအတန်းကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ရန် ရှိနေကြောင်း၊ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း(ခ) ပုံမှန်အတန်းကိုလည်း ဖွင့်လှစ်ပေးနိုင်ရန် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ တစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံ တင်ပြထားကြောင်း သိရသည်။

**ထက်လျှံ**

❍ *ကျောဖုံးမှ*

ကြုံတွေ့နေရခြင်းဖြစ်သည်။ ပရီမီယာလိဂ် အမှတ်ပေးဇယား ရပ်တည်မှုကိုကြည့်လျှင် ၁၇ ပွဲတွင် ခုနစ်ပွဲသာ နိုင်ပွဲရရှိထားသေးပြီး ငါးပွဲသရေကျကာ ငါးပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၂၆ မှတ်ဖြင့် အဆင့် (၉) နေရာတွင် ရပ်တည်နေသည်။ ထို့ကြောင့် ချယ်ဆီးအသင်းသည် ယခုနှစ်ရာသီတွင် အဆင့် (၆)၊ (၇) နှင့် (၈) နေရာတွင် ရပ်တည်နေသည့် ဆောက်သမ်တန်၊ အဲဗာတန်နှင့် အက်စ်တွန်ဗီလာအသင်းတို့ထက်ပင် စွမ်းဆောင်ရည်ပိုင်း ကျဆင်းနေသည်ကို တွေ့ရသည်။

ချယ်ဆီးအသင်းသည် လိဂ်ဖလားပြိုင်ပွဲ ပွဲစဉ် (၄) ၌ စပါးအသင်းနှင့် တွေ့ဆုံပြီး ပယ်နယ်တီ အဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရသည်။ ထို့အပြင် ယခုနှစ်ရာသီတွင် လီဗာပူး၊ အာဆင်နယ်၊ မန်စီးတီးစသည့် အသင်းကြီးသုံးသင်းနှင့် တွေ့ဆုံခဲ့ရာတွင်လည်း သုံးပွဲစလုံး ဂိုးပြတ်ရှုံးနိမ့်ထားသည်။ လမ်းပတ်သည် ချယ်ဆီးကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပွဲပေါင်း ၈၀ တွင် ၄၁ ပွဲ နိုင်၊ ၁၇ ပွဲသရေနှင့် ၂၂ ပွဲရှုံးနိမ့်ထားကြောင်း မှတ်တမ်းများအရ သိရသည်။

ချယ်ဆီးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် အက်ဖ်အေဖလားပြိုင်ပွဲတွင် မော်ကမ်ဘီအသင်း၊ ပရီမီယာလိဂ်တွင် ဖူလ်ဟမ်၊ လက်စတာ၊ ဝုဖ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် နည်းပြလမ်းပတ်အနေဖြင့် နည်းပြနေရာ တည်မြဲနိုင်ရေးအတွက် အဆိုပါပွဲစဉ်များတွင် ရလဒ်ကောင်းများ ဖော်ဆောင်ရန် မဖြစ်မနေ လိုအပ်နေသည်။ ဖိအားများနှင့် ရင်ဆိုင်နေရသည့် နည်းပြလမ်းပတ် အနီးစပ်ဆုံး ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် မော်ကမ်ဘီအသင်းကို အနိုင်ယူပြီး ဖိအားလျှော့ချသွားနိုင်မလား သို့တည်းမဟုတ် ရှုံးပွဲဆက်လက်ကြုံတွေ့ကာ ဖိအားများနှင့် ထပ်မံရင်ဆိုင်သွားရမလား စိတ်ဝင်စားဖွယ်ရာပင်။

**အောင်ဇော်**

# ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် ဒေင်အုပ်စု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ သန်း လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ စီမံခန့်ခွဲမှု ဆပ်ကော်မတီက ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ရှိ နိုင်ငံခြား ငွေစာရင်းအမှတ် EDC 600012 သို့ ဒေင်အုပ်စု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကို ယနေ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဒေင်အုပ်စု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်က "မြန်မာနိုင်ငံမှာ အားလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ကိုယ်တတ်နိုင်သလောက် ပြည်သူပြည်သားတွေကို ကာကွယ်ပေးချင်လို့ အခုလို လှူဒါန်းဖြစ်တာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း လှူဒါန်းကြဖို့ ဖိတ်ခေါ်ထားပါတယ်။ ဒါကြောင့်မို့ ဘယ်လောက်ပဲတတ်နိုင်တတ်နိုင် နည်းသည်များသည်မဟုတ်ဘဲ တတ်နိုင်သလောက် လှူဒါန်းတယ်ဆိုရင် ကိုယ့်ပြည်သူပြည်သားတွေအတွက်ကို ကိုဗစ်ရန်က ကာကွယ်ပေးနိုင်အောင် ကျွန်တော့်အနေနဲ့ လှူဒါန်းကြဖို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံ ဒီကပ်ရောဂါကနေ အမြန်ဆုံး ကာကွယ်ပေးနိုင်ပြီး ဖွံ့ဖြိုးပြီးသာယာဝပြောတဲ့ နိုင်ငံဖြစ်လာဖို့လည်း ဆုတောင်းပါတယ်" ဟု ပြောသည်။

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသည် COVID-19 ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အဆိုပါ ဆပ်ကော်မတီမှ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID- 19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားသည်။



ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပါဝင်လှူဒါန်းလိုသည့် ပြည်သူများ၊ အဖွဲ့အစည်းများ အနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC600012) စာရင်းတွင် မည်သည့် နိုင်ငံခြားငွေ အမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပြီး (မြန်မာကျပ်ငွေ စာရင်းအမှတ် OA 013733) တွင် မြန်မာကျပ်ငွေဖြင့် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

နိုင်ငံတော်မှ ကိုဗစ်ကာကွယ်ဆေးဝယ်ယူရန် မတည်ရန်ပုံငွေ ကျပ်သန်း တစ်ထောင်နှင့် အမေရိကန်ဒေါ်လာ သန်း ၂၅၀ မတည်ထားကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – မင်းသစ်(MNA)**




# အသက် နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး

**မောင်တော ဇန်နဝါရီ ၆**

အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို မောင်တောမြို့၌ ဇန်နဝါရီ ၄ ရက်မှစတင်ကာ ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ စုရပ်များ၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် လာရောက်ထိုးနှံသည့် မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများအား နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်စေခြင်း၊ စနစ်တကျ လက်ဆေးစေခြင်းများကို ဆောင်ရွက်စေပြီး ကျန်းမာရေးဝန်ထမ်းများမှ မြို့ပေါ်ရပ်ကွက်များရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအား အဆုတ်ရောဂါ ကာကွယ်ဆေး၊ ငါးမျိုးစပ် ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ နမိုးနီးယား ကာကွယ်ဆေး၊ပိုလီယို သောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းများကို လူစုလူဝေးမဖြစ်ပေါ်စေရန် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ – ၁ – ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၃၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၅၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၃၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၃၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၅၆၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၆၅၅ | ကျပ် | ၆၅၅/၆၇၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၆၇၀ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၈၅/၆၁၅ | ကျပ် | ၆၅၀/၆၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ | ကျပ် | ၇၇၅/၇၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၁၉ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၀၀ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၃ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၄ . ၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၃၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၈၀၀ | ၂၁၄၇ | ၂၀၆၇၈၃၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၉၁၈၅ | ၃၃၇၁၆၁၅၀ |
| MCB | ၈၂၀၀ | ၈၀၀၀ | ၄၅၀ | ၃၆၁၀၀၀၀ |
| FPB | – | – | – | – |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၇ | ၁၅၉၆၀၀ |
| EFR | ၃၆၅၀ | ၃၇၀၀ | ၈၉၆ | ၃၂၃၃၃၅၀ |

ခင်ရတနာ – စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၄၇)

# အများမြင်စေရာသည်



### ဦးဟန်ညွန့် (ဥပဒေ)

**အများမြင်စေရာသည်**

တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည် **(ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ(ခ) မောင်ရှေပါ၂)**

**တရားစီရင်ထုံးများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ်၊ တရားစီရင်ထုံးများစာအုပ် ထွက်ရှိလာပါသည်။ တစ်နှစ်တစ်ကြိမ် ထွက်ပေါ်သော တရားစီရင်ထုံးများဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ရာဇဝတ်မှုများ၊ တရားမမှုများ၊ စာချွန်တော်မှုများဟူ၍ အပိုင်း (၃) ပိုင်း ခွဲခြားထားပါသည်။ ၂၀၁၉ ခုနှစ် တရားစီရင်ထုံးသည် စိတ်ဝင်စားဖွယ်ရာ မှတ်သားလိုက်နာအပ်သော ဥပဒေရေးရာများ ဖော်ပြပါရှိပေသည်။ မှတ်သားဖွယ်အချို့ကို ကောက်နုတ်တင်ပြပါရစေ။

**စီရင်ထုံးပြုသော ရာဇဝတ်မှုများ**

| | | |
|---|---|---|
| ကျော်မင်းထက်(မောင်) (ခ)မင်းမင်း | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် |
| ကျော်သူရလှိုင်(ဦး) | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဒေါ်သစ်သစ်ခင် ပါ ၅ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဦးအောင်စိုး |
| မိဦး(မ) ပါ ၂၀ | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ၂ |
| မင်းသူကျော် | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် |

**စီရင်ထုံးပြုသော တရားမမှုများ**

| | | |
|---|---|---|
| ကြည်ကြည်ဒိုင်(ဒေါ်) ပါ ၂ | နှင့် | ဒေါ်စန္ဒြာတင့်(ခ) ဒေါ်စန္ဒြာဆွေတင် |
| ကြည်မ(ဒေါ်) | နှင့် | ဒေါ်ခင်မာဝေ ပါ ၃ |
| ဇော်ထွန်းလင်း(မောင်) ပါ ၃ | နှင့် | ဦးဇော်လှ |
| နန်စီ(ခ)မာစီ(ဒေါ်) ပါ၂ | နှင့် | ဒေါ်စီစီစိုး ပါ ၂ |
| မြမြ(ဒေါ်) (ကိုယ်တိုင်နှင့် အမှတ် ၃၊၄၊၆၊၇တို့၏အခွင့်ရ ကိုယ်စားလှယ်)ပါ၇ | နှင့် | ဦးသန်းထွန်း |
| မြိတ်အနာဂတ်ဖွံ့ဖြိုး တိုးတက်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်(၎င်းအတွက် ဦးခင်မောင်ဝင်းချို တွဲဖက်အတွင်းရေးမှူး) | နှင့် | ဦးအောင်မျိုးလတ် |
| လှိုင်လှိုင်ဝင်း(ဒေါ်) | နှင့် | ဦးလှထွေး ပါ ၃ |
| သိန်းလွင်(ဦး) | နှင့် | ဒေါ်စန်းစန်းတင့် (ကိုယ်တိုင်နှင့် ၂ မှ ၁၃ ထိ လျှောက်ထားခံရသူများ၏ အထွေထွေကိုယ်စားလှယ် စာရသူ) ပါ၂၇ |

**စီရင်ထုံးပြုသော စာချွန်တော်မှုများ**

| | | |
|---|---|---|
| ကိုကိုဟိန်း(ဦး) | နှင့် | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ဝင်းနိုင်(ဦး) (၎င်း၏ကိုယ်စားလှယ် စာရသူဒေါ်ခင်ချိုဦး) | နှင့် | ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပါ ၅ |
| အုန်းကြည်(ဒေါ်) | နှင့် | ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ပြည်ထဲရေးဝန်ကြီးဌာန ပါ ၃ |

**ရာဇဝတ်ဆိုင်ရာမှုခင်းများ**

**ဥပဒေများ**

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ (၂)ရာဇဝတ် ကျင့်ထုံးဥပဒေ၊ (၃)သက်သေခံအက်ဥပဒေ၊ (၄)အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့ ပါဝင်သည်။

**တရားမဆိုင်ရာအမှုများ**




**ဥပဒေများ**

(၁) ကာလစည်းကမ်းသတ်အက်ဥပဒေ၊ (၂) ချင်းဝိသေသတိုင်းအက်ဥပဒေ၊ (၃) တရားမကျင့်ထုံးဥပဒေ၊ (၄)တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ၊ (၅)မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ (၆) လယ်ယာမြေဥပဒေတို့ ပါဝင်သည်။

**စာချွန်တော်ဆိုင်ရာအမှုများ**

**ဥပဒေများ**

(၁) စာချွန်တော်ဥပဒေ၊ (၂) မြန်မာနိုင်ငံသားဥပဒေ၊ (၃) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေတို့ ပါဝင်သည်။

**နောက်ဆက်တွဲများ**

**နောက်ဆက်တွဲ(က)**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ကြော်ငြာစာအမှတ်(၂၃၂/၂၀၂၀)၊ လူမွဲအမှုစီရင် ပိုင်ခွင့်၊ ၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၇ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)။

**နောက်ဆက်တွဲ(ခ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ကြော်ငြာစာ အမှတ်(၂၆၄/၂၀၂၀)၊ အမှုတွဲမိတ္တူကူး ပြင်ဆင်သည့် နည်းဥပဒေများ၊ ၁၃၈၁ ခုနှစ် တပေါင်းလပြည့် ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်)။

**နောက်ဆက်တွဲ(ဂ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမိန့်ကြော်ငြာစာအမှတ်(၃၀၁/၂၀၂၀)၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ခြင်း ပြင်ဆင်သည့် နည်းဥပဒေများ၊ ၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်)။

**မှတ်သားစရာ ကောက်နုတ်ချက်များ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဒေါ်သစ်သစ်ခင် ပါ ၅ အမှုတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့် "ပုဒ်မ ၃ ၏ ပုဒ်မခွဲ(ဂ)ကျော်စောသတင်း" ဟူသော စကားရပ်သည် အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ရာ၌ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းကို ပိုမိုရှင်းလင်းမြင်သာစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ကြောင်း၊ လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သောကိစ္စရပ်များသည် အဆိုပါ ဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းမရှိလျှင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိသည်ဖြစ်ရာ လျှောက်ထား ခံရသူ(၂)(၃)(၄)တို့၏ တရားလွှတ်တော်ရှေ့နေများက ယခုအမှုသည် နောက်ကြောင်းပြန် အာဏာသက်ရောက်စေသည့် အမှုဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှုအား လက်ခံရန် အကြောင်းမရှိကြောင်း ဖော်ပြထားသည်။

"မှုခင်းများကို စစ်ဆေးကြားနာရာတွင် နှစ်ဖက်အမှုသည်တို့အကြား မျှတမှု၊ ဥပဒေနှင့် ညီညွတ်မှု ထုချေပိုင်ခွင့် အပြည့်အဝရရှိစေမှုတည်းဟူသော တရားမျှတမှုကို တရားရုံးများက ဟန်ချက်ညီညီကျင့်သုံးလေ့ရှိကြသည်။ ရာဇဝတ်မှုခင်းများကို စစ်ဆေးရာတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကြသည်" ဟုလည်း တရားစီရင်ရေး၏ "စံ"ကို ဖော်ပြထားပါသည်။

**တရားမအထူးအယူခံမှု**

ဒေါ်နန်စီ(ခ) ဒေါ်မာစီ ပါ-၂ နှင့် ဒေါ်စီစီစိုး ပါ -၂ အမှုတွင် တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၂ (ဂ) တွင် ရည်ညွှန်းသည့် တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက်ဆိုသော စကားရပ်တွင် ခရီးသွားဟန်လွဲ ဆုံးဖြတ်ချက် Obiter Dictum ပါဝင်သည်ဟု ယူဆရန် မသင့်ကြောင်းနှင့် တရားလိုရှေ့နေက ပြစ်မှုစီရင်ချက်တာဝန်ခံမိတ္တူမှန်ကို တင်သွင်းရန် ရှိပါသည်ဟု လျှောက်ထားခဲ့မှုအပေါ် တရားရုံးက အဆိုပါစီရင်ချက်ကို ထည့်သွင်းမစဉ်းစားကြောင်း၊ ခရီးသွားဟန်လွဲဆုံးဖြတ်ချက်ကို လိုက်နာရန် လိုအပ်မည် မဟုတ်ကြောင်း၊ တရားလိုရှေ့နေက ပြစ်မှုစီရင်ချက်တာဝန်ခံ မိတ္တူမှန်ကို သက်သေခံအဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့ခြင်းသည် တရားရုံးကချမှတ်ခဲ့သည့်အမိန့်ကို မလိုက်နာခြင်းဖြစ်ပါသည်ဟု လက်ခံနိုင်ရန်အကြောင်း မရှိပေဟု ဖော်ပြထားသည်။

**စာချွန်တော်ဆိုင်ရာအမှုများ**

ဦးကိုကိုဟိန်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ညွှန်ကြားရေးမှူးချုပ်အမှုတွင် မြန်မာနိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူတို့သည် ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေ(၃)အရ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုနိုင်ကြောင်း စီရင်ဆုံးဖြတ်ထားသည်ကို လေ့လာနိုင်သည်။

၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေတွင် နိုင်ငံသားဟူသော စကားရပ်ကို သီးခြား အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိ၍ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်တန်း ရှေ့နေအဖြစ် ဝင်ခွင့်မပြုရ။ စာရင်းသွင်းခြင်းလည်း မပြုရဆိုသည့် ပြဋ္ဌာန်းချက်အရ နိုင်ငံသား မဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် အဆိုပါ နိုင်ငံသားရရှိမည့် အခွင့်အရေးကို ရရှိခွင့်ရှိမည် မဟုတ်ပေဟု ထပ်မံဆုံးဖြတ်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

**လုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ရမည့် ကိစ္စများ**

အုပ်ချုပ်ရေးအာဏာပိုင်မှ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ကျေးရွာဂရန်ထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း၊ ဂရန်ထုတ်ပေးရန် ငြင်းပယ်ခြင်းများ ပြုခွင့်ရှိပါလျက်၊ တရားရုံးအပြစ်ခံယူရန် ညွှန်ကြားခြင်းသည် မိမိလုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်ရမည့် ကိစ္စများကို မဆောင်ရွက်၊ ငြင်းပယ်ရာရောက်ခြင်း အကြောင်းကိုလည်း လေ့လာမှတ်သားနိုင်ပါမည်။

**စီရင်ထုံး၏ သဘောသဘာဝ**

"တရားရုံးများသည် စီရင်ထုံးများကို လေ့လာသုံးစွဲတတ်ဖို့လိုသည်။ တွေးခေါ်ယူဆတတ်ရန်လည်းကောင်း၊ လမ်းညွှန်မှု ရနိုင်ရန်လည်းကောင်း၊ စီရင်ထုံးများကို ဖတ်ရှုလေ့လာကောင်းသည်။ သို့ရာတွင် မှုခင်းစစ်ဆေးရာတွင် အချက်အလက်တို့ကို အပြည့်အစုံ ဖော်ထုတ်၍ မှတ်တမ်းတင်ရမည်။ အချက်အလက်များ ထင်ရှားလာသောအခါ ဥပဒေနှင့် ဆက်စပ်၍ သုံးသပ်ရမည်။ ဥပဒေသည် ထင်ရှားရှင်းလင်းလျက်ရှိလျှင် စီရင်ထုံးကိုးကားရန်ပင် မလိုပေ။ စီရင်ထုံးများများကို ကိုးကားနိုင်မှ စီရင်ချက်ပီသသည်မဟုတ်။ မှန်ဖို့၊ ရှင်းလင်းဖို့၊ စီရင်ချက်ကို ခံယူရသူတို့ နားလည် သဘောပေါက်ဖို့က အရေးကြီးသည်"ဟု (မောင်ချစ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်။ ၁၉၇၂။ မတစ။ (တရားရုံးချုပ်) စုံညီ စာ ၂၈ ) တွင် ညွှန်ပြထားပါသည်။

**စေတနာ**

၂၀၁၉ ခုနှစ်၊ တရားစီရင်ထုံးများ စာအုပ်ကို လေ့လာဖတ်ရှုပြီး တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း " အများမြင်စေရာသည်" ဟူသော ထုံးဟောင်းကို နှစ်ခြိုက်ကြည်နူးစွာ လက်ခံလျက် တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ . . . ။ ။

---

နိုင်ငံတကာ အနုပညာ သတင်း

## ဟယ်ရီစတိုင်နှင့် အိုလီဗီယာဝိုင်းဒ်တို့ ချစ်သူတွေဖြစ်နေကြပြီလို့ သတင်းတွေထွက်ပေါ်

One Direction အဖွဲ့သားဟောင်းတစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်နဲ့ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အိုလီဗီယာဝိုင်းဒ်တို့ဟာ သူတို့တွဲနေပြီဆိုတာကို ပရိသတ်တွေကို အသိပေးချင်တဲ့ပုံပါပဲ။ ကယ်လီဖိုးနီးယားမှာပြုလုပ်တဲ့ သူငယ်ချင်းဖြစ်သူရဲ့ မင်္ဂလာပွဲအခမ်းအနားကို ဟယ်ရီစတိုင်နဲ့ အိုလီဗီယာ လက်ချင်းတွဲကာ အတူပွဲတက်ခဲ့ကြပါတယ်။

ဟယ်ရီရဲ့ မန်နေဂျာအဖြစ်လုပ်ကိုင်ခဲ့သူ ဂျက်ဖ်အဇော့ဖ်ရဲ့ မင်္ဂလာပွဲအခမ်းအနားကို တက်ခဲ့ကြပါတယ်။ အိုလီဗီယာ ကိုယ်တိုင် ဒါရိုက်တာနဲ့ထုတ်လုပ်သူလုပ်ပြီး ရိုက်ကူးမယ့် သည်းထိတ်ရင်ဖိုရုပ်ရှင်ကား Don 't Worry Darling ဇာတ်ကားမှာပါဝင်ဖို့ ဟယ်ရီစတိုင် လက်မှတ်ထိုးပြီးကတည်းက သူတို့နှစ်ဦးတွဲနေကြပြီလားဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ မကြာသေးမီက Vogue နဲ့ ပြုလုပ်တဲ့ အင်တာဗျူးမှာလည်း အိုလီဗီယာနဲ့ ရုပ်ရှင် အဝတ်အစား ဒါရိုက်တာ အေရီအန်ဖိလစ်တို့က သူတို့လုပ်မယ့်အစီအစဉ်မှာ ဟယ်ရီစတိုင် ပါဝင်မှာဖြစ်တဲ့အတွက် ပိုပြီးစိတ်လှုပ်ရှားရတယ်လို့ ဖြေကြားခဲ့ကြပါတယ်။ ဟယ်ရီစတိုင်နဲ့ အိုလီဗီယာတို့နှစ်ဦးစလုံးဟာ ပိုမိုအနေနီးကပ်လာပြီး မကြာသေးမီ သီတင်းပတ်တွေအတွင်းကလည်း အတူတူအချိန်ဖြုန်းခဲ့ကြတယ်လို့ သတင်းရင်းမြစ်တစ်ခုက ဒေးလီးမေးလ်ကိုပြောပါတယ်။ ဟယ်ရီစတိုင်ရဲ့ အိမ်ကိုလည်းမကြာခဏလာလေ့ရှိတယ်လို့ အဆိုပါသတင်းရင်းမြစ်က ပြောပါတယ်။ **ဒေးလီးမေးလ်**



မင်္ဂလာပွဲသို့အတူတက်ရောက်လာသည့် ဟယ်ရီစတိုင်နှင့် အိုလီဗီယာဝိုင်းဒ်တို့ကို တွေ့ရစဉ်။

## ဂုဏ်ပြုဝမ်းမြောက်ပူဇော်ပါသည်



ဗုဒ္ဓသာသနပဟိတဂုဏ်၊ ဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သီလသမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် **ဒေါက်တာ ဘဒ္ဒန္တနိမလ** (မဟာသဒ္ဓမ္မဇောတိကဓဇအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ (၁၃၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက်) ၂၀၂၂ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)တွင် ပြည်တွင်းပြည်ပသာသနာပြု **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်** ဆက်ကပ်ခံရသည့်အတွက် ဂျပန်နိုင်ငံနေ ကိုသောင်းညွှန့်မိုး-မစိုးစိုးသက်မိသားစုနှင့် မကြူကြူ (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၊ ဒေါ်ကျင်ရွှေ (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ ဒါယကာ ဒါယိကာမများမှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူစွာပူဇော်အပ်ပါသည်။

**ဆရာတော်သည် လောကအကျိုး၊ သာသနာအကျိုးကို ဆတက်တိုးကာ သာသနာပြုနိုင်ပါစေဘုရား။**



## သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

Hitachi Soe Electric & Machinery Co.,Ltd.(ဥက္ကဋ္ဌ)၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်း(ဥက္ကဋ္ဌ)၊ အရှေ့တောင်အာရှခြင်းလုံးအဖွဲ့ချုပ်(ဥက္ကဋ္ဌ) **ဦးကျော်မင်းထွန်း** သည် ၄-၁-၂၀၂၂ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)ဖြင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်အပ်သော သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မမဏိဇောတဓရဘွဲ့**တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်(၁၉၅၃)**

### မတည်ရင်းနှီးငွေလျှော့ချပြီးကြောင်း ကြေညာခြင်း
### မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ(၂၀၁၇) ပုဒ်မ-၁၁၆(ဈ)အရ

MYANMAR SUNRUN GARMENTS COMPANY LIMITED ၏ ၉-၇-၂၀၂၀ရက်တွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေရင်းအား အမေရိကန်ဒေါ်လာ ၄ဒသမ ၈၅၉ သန်းတိတိမှ ယခုအမေရိကန် ဒေါ်လာ ၂ ဒသမ ၅၄၉ သန်းသို့ လျှော့ချပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**MYANMAR SUNRUN GARMENTS COMPANY LIMITED**

### မွေးသက္ကရာဇ်အမှန်

ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ သံတံတားကျေးရွာအုပ်စု၊ မလင်ကျေးရွာနေ ဦးမောင်စိုး၏သား မောင်ကျော်တင်စိုး ၁/မစန(နိုင်)၀၄၅၉၈၉၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၂-၁၉၉၇ ဖြစ်ပါကြောင်း။

**မောင်ကျော်တင်စိုး**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

စိုးလျှပ်စစ်ဖောင်ဒေးရှင်း(ဥက္ကဋ္ဌ)၊ Green & Grow Group Myanmar (3G-Myanmar) (ဥက္ကဋ္ဌ)၊ Naypyitaw Covid-19 Volunteer Team (NCVT)(ဥက္ကဋ္ဌ)အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော **ဦးကျော်မင်းထွန်း** သည် ၄-၁-၂၀၂၂ရက်(တနင်္လာနေ့)တွင် ထုတ်ပြန်သော အမိန့်ကြေညာစာအမှတ် (၁/၂၀၂၂)ဖြင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မ မဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**3G-Myanmar နှင့် NCVT အဖွဲ့သားများ**
**နေပြည်တော်**

### အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၂၂ခုနှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာအမှတ်(၁/၂၀၂၂)ဖြင့် " သုဓမ္မ မဏိဇောတဓရ " ဘွဲ့ တံဆိပ်ချီးမြှင့်ခြင်း ခံရသော**

### ဦးစိုးမိုးအောင်

ဥက္ကဋ္ဌ၊ မြန်မာ - ကိုရီးယား ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွဲဖက် အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အတွင်းရေးမှူး၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ မြောက်ဒဂုံစက်မှုဇုန်

အတွင်းရေးမှူး(၂)၊ စီမံခန့်ခွဲရေးကော်မတီ၊ မြောက်ဒဂုံစက်မှုဇုန်အား အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စက်မှုဇုန် ကြီးကြပ်မှုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီ**
**မြောက်ဒဂုံ စက်မှုဇုန်**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း
### မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ အင်တုံစုရပ်နေ
### ဦးမောင်စိုး

**(စိန်စွန်ညို အဆင့်မြင့် သံရည်ကျို သံနန်းဆွဲနှင့် အောက်ဆီဂျင်စက်ရုံ)အား**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၄) ရက်တွင် ကျရောက်သော (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၂)ဖြင့် **သီရိသုဓမ္မမဏိဇောတဓရဘွဲ့**တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်ခဲ့သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးခင်မောင်ရီ-ဒေါ်ခင်စန်းမြင့်**
**ကမ္ဘာကျော် အောက်ဆီဂျင်စက်ရုံ(မကွေးမြို့)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၈၊ မြေကွက်အမှတ် ၆၅၃၊ အကျယ်အဝန်း ပေ ၄၀X ပေ ၆၀ ပါမစ်မြေ အမည်ပေါက် ဒေါ်စောစောဝင်း YGN-၀၀၈၀၅၈၊ မြေတိုင်းရပ်ကွက် ၆၈၊ မြေကွက် အမှတ် ၆၅၄၊ အကျယ်အဝန်း ပေ ၄၀X ပေ၆၀ ပါမစ်မြေအမည်ပေါက် ဦးထွန်းသျှံ CJ/၀၀၆၁၇၃ မြေကွက်များအား အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသန်းဇော်မြင့် ၁၄/ အဂပ(နိုင်)၁၃၄၃၄၆ ထံမှ အရောင်းအဝယ် ပြုလုပ်ရန်အတွက် ကျွန်ုပ်မ မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာခင်သီင်္ဂီလှမောင်**
**၁၂/ရတန(နိုင်)၀၂၁၄၂၄**
**ဖုန်း- ၀၉- ၅၁၁၈၈၀၂**
**၀၉- ၅၀၅၉၈၃၁**

### ဂုဏ်ယူဝမ်းမြောက်ခြင်း

စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းသည် ၄-၁-၂၀၂၂ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ဖြင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သော သာသနာတော်ဆိုင်ရာ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ တံဆိပ်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ လူမျိုး ဘာသာ၊ သာသနာအကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ပျဉ်းမနားမြို့နယ် ဘောလုံးအဖွဲ့ချုပ်**

### ဝန်ခံတောင်းပန်ခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြာကန်ရပ်ကွက်နေ ထာဝရအရိပ် လူမှုကွန်ရက်စာမျက်နှာ အကောင့်ပိုင်ရှင် ချိုချိုငယ်(ခ)ခက်ခက်ချို ၁၀/သဖရ(နိုင်)၁၀၇၂၉၅ သည် Ko Min Aung လူမှုကွန်ရက်စာမျက်နှာ အကောင့်မှတင်သည့် မော်လမြိုင်မြို့နေ ဦးသောင်းထွန်း၏ ကိုယ်ရေးအချက်အလက်များအား ဂုဏ်သိက္ခာကျဆင်းစေခြင်းအလို့ငှာ အပုတ်ချလိုသော စိတ်ဖြင့်မဟုတ်မမှန် မှတ်ချက်ရေးသားခဲ့မိသည်မှာဝန်ခံပြီး နောက်နောင် ဦးသောင်းထွန်းအားဖြစ်စေ၊ မိသားစုအားဖြစ်စေ၊ ဂုဏ်သိက္ခာထိခိုက်စေမည့် အပြောအဆိုအပြုအမူ၊ အရေးအသားများအား ပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူမှုကွန်ရက်တွင်သော်လည်းကောင်း မပြုလုပ်တော့ပါဟု ရိုသေစွာဝန်ချ တောင်းပန်အပ်ပါသည်။

**ချိုချိုငယ်(ခ)ခက်ခက်ချို**
**(ဘ)ဦးလှဝင်း ၁၀/သဖရ(နိုင်)၁၀၇၂၉၅**
**(ထာဝရအရိပ်) အကောင့်ပိုင်ရှင်**

# အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသော **ဦးကျော်ဇေယျ (Managing Director, Diamond Wall Construction Co.,Ltd) No. P.S.H.M (3)** တစ်ဧကအထူးမြေကွက်၊ ရာဇသင်္ဂလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်အတွက် တစ်ပတ်စဉ်တည်း (ကြည်း၊ ရေ၊ လေ)သူငယ်ချင်းအရာရှိများမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး တိုး၍ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၉)**
**(စည်သူတပ်ခွဲ)**
**သူငယ်ချင်းများနှင့် မိသားစုများ**

## အထက(၂) ကမာရွတ် (ယခင်St.Augustine)ကျောင်း၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ မကျင်းပနိုင်ကြောင်း အသိပေးခြင်း

အထက(၂) ကမာရွတ် (ယခင် St.Augustine)ကျောင်း၏ အာစရိယပူဇော်ပွဲအား နှစ်စဉ် ဇန်နဝါရီလ၏ ပထမဆုံး စနေနေ့တွင် ကျင်းပလျက်ရှိသော်လည်း ယခုအခါတွင် COVID ကာလဖြစ်နေပါသောကြောင့် ယခုနှစ် (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲအား ကျင်းပနိုင်ခြင်းမရှိကြောင်းနှင့် ဆရာကြီး ဆရာမကြီးများအတွက် လှူဒါန်းငွေများကို အစဉ်အလာမပျက် ပေးပို့လှူဒါန်းသွားမည်ဖြစ်ပါကြောင်း ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ/သားဟောင်းများအား လေးစားစွာ အသိပေးအပ်ပါသည်။

(၁) ဦးဗိုလ်ပြည့် ဖုန်း-၀၉-၅၀၀၅၅၃၃
(၂) ဒေါ်မော်မော်မြင့် ဖုန်း-၀၉-၇၉၁၆၄၁၀၇၄၊၀၁-၅၃၅၈၀၅
(၃) ဒေါ်နီလာခင်မြင့် ဖုန်း-၀၉-၅၀၅၅၃၂၀

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက(၂) ကမာရွတ်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လမ်းဆုံမီးပွိုင့်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူရန် (၁-၁၂-၂၀၂၀) ရက်၊ (၅-၁၂-၂၀၂၀) ရက်နှင့် (၁၅-၁၂-၂၀၂၀) ရက်များတွင် မန္တလေးနေ့စဉ်သတင်းစာတွင်လည်းကောင်း၊ (၅-၁၂-၂၀၂၀)ရက်တွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ သို့ရာတွင် လမ်းဆုံမီးပွိုင့်တပ်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါခေါ်ယူရန် လတ်တလောဖြစ်ပေါ်နေသော COVID-19 ကပ်ရောဂါကြောင့် ကန့်သတ်ချက်များရှိနေခြင်း၊ တင်ဒါခေါ်ယူမည့်ပစ္စည်းများမှာလည်း နိုင်ငံခြားမှ မှာယူတင်သွင်းရသဖြင့် လုပ်ငန်းများအချိန်မီပြီးစီးမှုမရှိနိုင်ခြင်းတို့ကြောင့် တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/ခ)၊ မြေကွက်အမှတ် (၃၅/၃၆)၊ ၁၆ ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် ၄၂၊ ဒုတိယထပ် ခြေရင်းခန်း (B)၊ မြေအမည်ပေါက် ဒေါ်ကြည်ကြည်မြင့် တိုက်ခန်းအကျယ် (၁၅ပေx၅၆ပေ) ဒုတိယထပ်(ဘီ)အခန်းအား တိုက်ခန်းကန်ထရိုက်တာ ဒေါ်သင်းသင်းစိုး ၁၂/လမန(နိုင်)၁၀၁၈၄၂ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြူဖြူကြွယ် ၁၂/လမန(နိုင်)၁၀၂၃၉၄ သည် ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူခဲ့ပြီးနောက် ၆-၁-၂၀၂၀ ရက်တွင် တိုက်ခန်းမအပ်ရသေးသော်လည်း ဒေါ်သင်းသင်းစိုးမှ ငွေလိုသဖြင့် အကူအညီတောင်းသောကြောင့် နောက်ဆုံးအရစ်အတွက် ငွေကိုကြိုတင်၍ တိုက်ခန်းတန်ဖိုးအား အပြည့်အဝပေးချေပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေဝယ်ယူထားသော အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ အခြားသူသို့ ပေါင်နှံ၊ ရောင်းချ၊ လွှဲပြောင်းခြင်းပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဖြိုးဖြိုးအေး (LL.B) (စဉ်-၄၄၀၀၆) အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၇၃၉၉၄၇၉၁

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်မှ မြေရီယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကိုမင်း(ခ)အောင်ကိုမင်း ၉/ပမန(နိုင်)၂၀၀၂၈၇ (ဘ)ဦးသန်းတင့်အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၂၁၇)ကို ဒေါ်မြခိုင် ၁၃/လရန(နိုင်)၀၇၄၉၉၁ (ဘ)ဦးယူဖူးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ ရောင်းသူနှင့်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်းများ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုထားပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ကွန်ပျူတာစနစ်ဖြင့် ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် Expression of Interest (EOI) အဆိုပြုလွှာဖိတ်ခေါ်ခြင်း

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ပြည်တွင်းကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ကွန်ပျူတာစနစ်ရေးဆွဲပြီး ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသော ပြည်တွင်းကုမ္ပဏီများအနေဖြင့် Expression of Interest (EOI) အဆိုပြုလွှာ ထုတ်ယူတင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **EOI ပုံစံထုတ်ယူနိုင်သည့်ရက်** | - | ၆-၁-၂၀၂၁ မှ ၁၅-၁-၂၀၂၁ ထိ |
| **ကုမ္ပဏီများကို ခေါ်ယူရှင်းလင်းမည့်ရက်** | - | ၁၈-၁-၂၀၂၁ နှင့် ၁၉-၁-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ |
| **EOI ပုံစံနောက်ဆုံးတင်ပြရမည့်ရက်** | - | ၈-၂-၂၀၂၁ ရက်၊ မွန်းလွဲ ၁၄:၀၀ နာရီ |
| **ဆက်သွယ်ရန်လိပ်စာ** | - | ရုံးအမှတ် (၂၉)၊ နေပြည်တော် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဖုန်း- ၀၆၇-၃၄၀၅၃၃၆ |

**ပဏာမစိစစ်ရေးကော်မတီ**

## နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထောက်ပံ့ရန်ပုံငွေဖြင့် (80/100) အမျိုးအစား၊ ကတ္တရာ (၁၂၀၀)တန် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၁-၂၀၂၁ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁၀-၂-၂၀၂၁ ရက်၊ ညနေ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ဖုန်း-၀၆၇-၄၀၉၄၀၀၊ ၀၆၇-၄၀၉၁၈၆) နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ် (၄၂)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာရှိ အခန်းအမှတ် (5C4) ကြမ်းခင်းဧရိယာ ၁၇၆၀ စတုရန်းပေရှိ အခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြမြစိုး ၁၀/မလမ(နိုင်)၁၁၉၈၃၂ ထံမှ ဝယ်ယူမည်ဖြစ်ပါသောကြောင့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းအောင်-ဒေါ်တင်ရွှေ**
**ဖုန်း-၀၉-၂၅၄၇၉၉၉၂၉**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ဒက္ခိဏခရိုင် တရားရုံးတော်**
**ဒုတိယခရိုင်တရားသူကြီး(၁)ရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၁၆ နှင့် ဆက်သွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၅၄**

| | | |
|---|---|---|
| ဒေါ်အေးအေးခိုင် | **နှင့်** | ဒေါ်သိန်းမြင့်ကြည် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းအုပ်စု၊ သပြေချောင်းရွာနေ တရားရှုံးဖြစ်သော ဒေါ်သိန်းမြင့်ကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ဒက္ခိဏခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၁)ရုံးတော်၏ ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအရောက် ဤရုံးတော်သို့ လာရောက်စေ။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ဒက္ခိဏခရိုင်တရားရုံး**

## ဦးစည်သူဆွေနှင့် အများသိစေရန်ကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁-လမ်း၊ ၃၀x၃၁လမ်းကြား၊ အမှတ် ၃၉၆ ရှိ Triple'A' International Co.,Ltd. လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးစည်သူဆွေနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

လူကြီးမင်း ဦးစည်သူဆွေသည် ၎င်းကုမ္ပဏီမှ တာဝန်ယူဆောင်လုပ်နေသည့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၄၉ လမ်း၊ ယုဇနလမ်းရှိ တန်ဖိုးနည်းအိမ်ရာအဆောက်အအုံများ၌ Slab လုပ်ငန်းကွန်ကရစ်လောင်းခြင်းအတွက် Triple'A' International Co.,Ltd. မှ အသင့်ဖျော်စပ်ပြီး ကွန်ကရစ်များကို မှာယူခဲ့ပါသည်။ ကုမ္ပဏီမှ (၅-၁၀-၂၀၁၉) ရက်မှ (၂၇-၁၁-၂၀၁၉) ရက်အထိ ဦးစည်သူဆွေ၏ အလုပ်ဆိုဒ်ထဲသို့ ပေးပို့ခဲ့ပြီး ကွန်ကရစ်ဖိုးငွေစုစုပေါင်း ငွေ ၅၂၁၈၅၀၀/-တိတိဖြစ်ပါသည်။ ဦးစည်သူဆွေမှ ကုမ္ပဏီသို့ ငွေ ၃၃၈၈၀၀၀/-တိတိကိုသာ ပေးသွင်းခဲ့ပြီး ငွေ ၁၈၃၀၅၀၀/-တိတိ ပေးသွင်းရန် ကျန်ရှိနေပါသည်။ ကုမ္ပဏီမှ လူကြီးမင်းထံသို့ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ကုမ္ပဏီနှင့်ချုပ်ဆိုထားသည့် စာချုပ်တွင်ပါရှိသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၄ ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ် (၄၁-အေ)လိပ်စာတွင် နေထိုင်ခြင်းမရှိသည့်အပြင် ယခုလက်ရှိနေရပ်လိပ်စာအား စုံစမ်းမရရှိသဖြင့် ယခုကဲ့သို့ သတင်းစာမှတစ်ဆင့် ကြော်ငြာခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဤကြော်ငြာစာပါရှိသည့်ရက်မှ နှစ်ပတ်(၁၄ရက်)အတွင်း လူကြီးမင်း ဦးစည်သူဆွေမှ Triple'A' International Co.,Ltd. သို့ ကွန်ကရစ်ဖိုးကျန်ငွေ ၁၈၃၀၅၀၀/-အား မပျက်မကွက်ပေးအပ်စေလိုပါသည်။ ပေးအပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးစည်သူဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောထိန်သိန်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၇၆)

| | | |
|---|---|---|
| ဦးကျော်စိုးမင်း LL.B | ဒေါ်နေနွယ်အောင် LL.B | ဒေါ်ဌေးဌေးဦး LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၄၆၄၅) | (စဉ်-၁၁၉၄၅) | (စဉ်-၁၄၀၀၀) |

ဒေါ်မျိုးမြတ်သူ LL.B — အထက်တန်းရှေ့နေ (စဉ်-၄၉၉၀၀)
ဒေါ်စန်းပပလင်း LL.B — အထက်တန်းရှေ့နေ (စဉ်-၅၀၇၀၁)

ယ-၅/၅၃၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ဆင်ဖြူရှင်လမ်းကြား၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်မှ မြေရီယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသက်နိုင်ထွန်း ၉/ပမန(နိုင်)၁၆၁၇၀၃ (ဘ)ဦးအောင်မောင်းအမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၂၁၅)ကို ဒေါ်မြခိုင် ၁၃/လရန(နိုင်)၀၇၄၉၉၁ (ဘ)ဦးယူဖူးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ ရောင်းသူနှင့်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်းများ၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၈၄၆၊ စမ်းမြို့)၊ ဦးပိုင်အမှတ် (၈၉၇/၁)၊ မြေဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ မြေကွက်သည် ဦးမန်ခိုလျှန်း(ခ)မန်ခေါ်လျှန်းအမည်ဖြင့် မြေငှားဂရန်စာချုပ်ရရှိထားပြီး မြေငှားဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် ဦးမန်ခိုလျှန်း(ခ)မန်ခေါ်လျှန်း အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါလျှောက်ထားလာမှုအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်စာချုပ်(မိတ္တူ)ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

**သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၂-၂၀၂၀ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇) မှ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာတွင် မြေကွက်အမှတ် (ပ-၃၀၄၈၅) အစား (ပ-၃၀၄၈၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာနေ ဦးညီညီဇော် ၁၀/ပမန(နိုင်)၁၅၄၉၂၅- ဒေါ်မြနှင်းပိုင် ၁၀/ပမန(နိုင်)၁၅၄၉၉၃ တို့၏သမီး မနန်းအိအိလှိုင်အား မစံအိမ်လင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ ခရေပင်လမ်း၊ မြေကွက်အမှတ်(၇၂၂/က)၊ အကျယ်အဝန်း (၂၂.၅ပေ× ၆၀ပေ)ရှိ ဦးထိန်လင်း (SCG-၀၀၆၈၆၉)(၁၂/စခန(နိုင်)၀၅၇၃၁၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးရီ (၁၂/ဗဟန (နိုင်) ၀၁၄၂၂၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, | LL.B,D.B.L,D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |

Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

# ဂုဏ်ယူဝမ်းမြောက်ခြင်း



ကမ္ဘောဇ အုပ်စုကုမ္ပဏီ၏ နာယကကြီး ဖြစ်သူ

**ဦးအောင်ကိုဝင်း** သည်

နိုင်ငံတော်အစိုးရမှ ချီးမြှင့်သော အရပ်ဖက်၊ တပ်ဖက်နှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက်

ပထမဆုံးနှင့် အမြင့်ဆုံး **"ပြည်ထောင်စုစည်သူသင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့"**

ဖြစ်သည့် "သရေစည်သူ" ဘွဲ့ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်

ဂုဏ်ပြုအပ်နှင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးများစွာကို တိုးပွား၍

ထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

Asia world group of companies

ဒါရိုက်တာအဖွဲ့ဝင်များ

**ASIA WORLD GROUP OF COMPANIES**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)အရ
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်

## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့



တံဆိပ်တော် အား အနန္တကျေးဇူးရှင် ချစ်မေမေ

## ဒေါ်နန်းခင်ညွန့် (သုဓမ္မသိင်္ဂီ)

(Director , Fu Xing Brothers Group of Companies)

မှ ထိုက်ထိုက်တန်တန် ချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့်
မေမေချစ်သော မိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်၊ ကျန်းမာ၊
စိတ်ချမ်းသာစွာဖြင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကိုဆတက်ထမ်းပိုးတိုး၍
ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း
ဦးအိုင်ထွန်း
Managing Director
Fu Xing Brothers Group of Companies

ချစ်သား/သမီးများ
ကိုအောင်ကျော်ဦး + မပုလဲဦး
ကိုစန်းမြင့် + မနန်းဇင်မာဝင်း
ကိုကျော်ကျော်အောင်

ချစ်မြေးများ
မနန်းရွှေရတီစံ
မဖမ္မနှင်းသစ်
မဇြေမ်းနှင်းသစ်



# အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)အရ
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်



## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့



တံဆိပ်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

## ဒေါ်နန်းခင်ညွန့် (သုဓမ္မသိင်္ဂီ)

(Director , Fu Xing Brothers Group of Companies)

အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။
နောင်တွင်လည်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့်
မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို
ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Fu Xing Brothers Group of Companies
ဝန်ထမ်းမိသားစုများ

## ဂုဏ်ယူဝမ်းမြောက်မိပါသည်

၂၀၂၁ ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်ဖြစ်သည့် "အဂ္ဂမဟာသိရီသုဓမ္မ မဏိဇောတဓရ" ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော
၁၉၇၂/၇၃ အ.ထ.က(၂)ဗဟန်း(နန်ယန်)ကျောင်းသားဟောင်း

**ဒေါက်တာတင့်စိုးလင်း**

(မန်နေဂျင်းဒါရိုက်တာ၊ ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက်၊ ရွှေပုစွန်ကုမ္ပဏီလီမိတက်)

နှင့်

"သိရီသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော
၁၉၉၅/၉၆ အ.ထ.က(၂)ဗဟန်း(နန်ယန်)ကျောင်းသားဟောင်း

**ဦးကျော်မင်းထွန်း**

(ဥက္ကဋ္ဌ၊ Hitachi Soe Electric & Machinery Co.,Ltd) တို့အား

အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁၉၆၅-၂၀၂၀ အ.ထ.က(၂)ဗဟန်း(နန်ယန်)ကျောင်းမှ ဆရာကြီး၊ ဆရာမကြီးများနှင့်
ကျောင်းသူ၊ ကျောင်းသားဟောင်းများ

## လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၃) နှစ်မြောက် (လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် သာသနာတော် ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **"အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **မဟာစည်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး Dr.ဦးတင့်စိုးလင်း**(ရွှေပုစွန်)အား အတိုင်းထက်အလွန်ဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါရန် နှစ်သစ်ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဒေါက်တာမြင့်ဆွေ+ဒေါက်တာဖြူဖြူဝင်း(ရွှေလင်းယုန်မိသားစု)
ဦးစိန်မင်း+ဒေါ်အေးမွန်မွန်(နှစ်သက်စရာရတနာမိသားစု)
ဦးမောင်မောင်ရင်+ဒေါ်လှလှစိန်(Lucky Gold ရတနာမိသားစု)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ရုံး

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိဌာနများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၈၁)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ် | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၃ (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၈)နေရာ | B.E(Civil) |
| | | (၂) နေရာ | B.E(EP) |
| | | (၁) နေရာ | B.E(Mech;) |
| (ခ) | အငယ်တန်းစာရေးနှင့်လစာနှုန်းတူ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅၅)နေရာ | တက္ကသိုလ်မှဘွဲ့တစ်ခုခု |
| | | (၂)နေရာ | B.A(English) |
| | | (၁)နေရာ | LL.B |
| | | (၁)နေရာ | (B.Agr.Sc) |
| (ဂ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄)နေရာ | B.C.Sc |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၇)နေရာ | B.Tech (Civil)/ A.G.T.I (Civil) |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၁-၁-၂၀၂၁)ရက်နေ့တွင် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(စ) အနည်းဆုံးလုပ်သက် (၃)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုးပေးပို့ရမည်-

(က) လျှောက်ထားသည့်ရာထူးအမည်
(ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ဂ) မွေးနေ့သက္ကရာဇ်နှင့် အသက်၊
(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
(င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
(ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
(ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
(ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ။

၄။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်းရိုက်ထားသောပတ်စ်ပို့ဓာတ်ပုံ (၁လက်မ x ၁.၅လက်မ) (၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဃ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)
(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက် (မူရင်း)
(စ) ဝန်ထမ်းဖြစ်ပါကကိုယ်တိုင်ဝန်ခံချက်
(ဆ) ဝန်ထမ်းမဟုတ်လျှင်(၆)လအတွင်းပြုလုပ်ထားသောအလုပ်သမား မှတ်ပုံတင်ကတ်ပြား (မူရင်း)

၅။ ဝန်ထမ်းမဟုတ်သူများသည်လျှောက်လွှာများကို စီမံရေးရာဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း (၅-၂-၂၀၂၁)ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)ရယူပြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ (၅-၂-၂၀၂၁)ရက်နေ့နောက်ဆုံးထား၍ ပေးပို့ရမည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့် ပြည့်စုံသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် ရေးဖြေစာမေးပွဲ ကျင်းပမည့်နေ့ရက်၊ အချိန်နှင့် နေရာတို့ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ Website (www.nptdc.gov.mm)နှင့် NPTDC Webportal (Facebook Page) တို့တွင် ကြေညာမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေတယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၂၃၄၀၊ ၀၆၇-၄၁၄၂၈၉ သို့ဖြစ်စေ နေပြည်တော်စည်ပင်သာယာရေးကော်မတီWebsite(www.nptdc.gov.mm) နှင့် NPTDC Webportal (Facebook Page) တို့တွင် ဝင်ရောက်ကြည့်ရှု ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ အကွက်အမှတ် (၂၀/စက်ရုံအရှေ့)၊ ဦးပိုင်အမှတ် (၁၃)၊ ဧရိယာ၀ဒသမ၃၅၄ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်ဇာဇာထွန်း အမည်ပေါက်ပြီး ၎င်းအမည်ပေါက် ဧရိယာ၀ဒသမ၀၀၅ဧကအား ၂၄-၁၂-၂၀၂၀ရက်စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၆၃/၂၀၂၀)အရ ဦးလှကြိုင်မှ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**အောင်လံမြို့**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၅-၁-၂၀၂၂ရက်မှ ၇-၁-၂၀၂၂ရက်ထိ နေ့စဉ်နံနက် ၉:၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၇-၁-၂၀၂၂ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နည်းပညာတက္ကသိုလ် (မိတ္ထီလာ) အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီအား သတ်မှတ်ချက်နှင့်အညီ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Non Control Item (NCI) (၂၅)မျိုး
(ခ) Machinery & Equipment (M&E) (၄)မျိုး
(ဂ) Office Equipment (OE) (၅)မျိုး
(ဃ) Furniture (၄)မျိုး

၂။ တင်ဒါလျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ) တွင် အောက်ပါအစီအစဉ်များအတိုင်း ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၇-၁-၂၀၂၂ရက်
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၆-၂-၂၀၂၂ရက်၊ ၁၆:၀၀နာရီ
(ဂ) တင်ဒါဝယ်ယူရမည့်နေရာ - ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
(ဃ) တင်ဒါဖွင့်မည့်ရက်/အချိန် - ထပ်မံ၍ ကြေညာပေးသွားပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၄၅၉၀၊ ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၀၂၆၇၄၉၇၆ ဘဏ္ဍာရေးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥဒေါင်းဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁က/ဥတ္တရသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဥ-၅၉၃၈)၊ အကျယ်အဝန်းပေ (၁၀၀x၁၀၀)၊ ဧရိယာ ၀ဒသမ၂၂၉ဧကရှိ မြေကွက်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဒေါ်သူဇာခိုင် (ဘ)ဦးဘိုသောင်း ၅/ပလန(နိုင်)၀၀၄၃၂၆ အမည်ဖြင့် မြေငှားဂရန်အမည်ပေါက်ထားပြီး ယင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သူဇာခိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများ၏အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မင်း**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၀၄၀)၊ (၁၇)လမ်း၊ ပေါင်းလောင်း (၃)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၇၁၈၄၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၀၇၈၅)၊ ဒေါ်ငွေဇင် ၁၂/လမန(နိုင်)၀၀၈၆၁၆ (ဘ)ဦးသိန်းပိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးတင်ကိုဦး ၉/မလန (နိုင်) ၁၁၃၇၃၆ (ဘ)ဦးအောင်လှိုင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၈၀/၂၀၂၀)တင်ပြ၍ ဒေါ်စောဝါဝါ ၈/သရန(နိုင်) ၀၆၂၉၄၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၆)၊ မြေကွက်အမှတ် (၁၂၇၃)၊ ဦးခင်ပို အမည်ပေါက် မြေချပါမစ် အကျယ်အဝန်းပေ (၄၀x၆၀) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစစ်နိုင် ၁၂/ဒဂတ (နိုင်)၀၃၀၁၄၇ထံမှ ဦးအောင်ဝင်း ၁၂/ဥကမ(နိုင်)၀၇၄၈၆၃က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီအေး (စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် (၇၆၂)၊ သုဓီတာ (၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၁၈၆၉၊ ၀၉-၄၂၀၀၆၉၁၅၂**

## မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

## နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ၂၀၂၀ ပြည့်နှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ဆရာဝန်အားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**

နေ့ရက် - ၂၂-၁-၂၀၂၂ရက် (သောကြာနေ့)
အချိန် - နံနက် ၁၀ နာရီ

Zoom Meeting အဖြစ် ကျင်းပပါမည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို တက်ရောက်လိုသူ အသင်းဝင်ဆရာဝန်များသည် Website mmacentral.org နှင့် Facebook Page (Mmacmeygn Cme နှင့် MMA CME) တို့မှ Google Form ကို ဖြည့်စွက်ပြီး ၂၀-၁-၂၀၂၂ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ Register လုပ်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

တက်ရောက်လိုသူတစ်ဦးချင်းကိုသာ Zoom Link ပေးပို့မည်ဖြစ်ပါ၍ Google Form တွင် ဖော်ပြထားသော Email address(သို့မဟုတ်) ဖုန်းနံပါတ်သို့သာ ပေးပို့ပေးပါမည်။

**ဆက်သွယ်ရန် - ဖုန်း- ၀၁-၈၃၈၀၈၉၉၊ ၀၁- ၈၃၈၈၀၉၇၊ ၀၉-၄၄၃၉၀၂၄၅၈**

**မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော ဒေါ်နန်းခင်ညွန့် (Director , Fu Xing Brothers Group of Companies) အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံတော်အကျိုး၊ သာသနာ၊ ဘာသာအကျိုးကို အသက်ထက်ဆုံးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမောင်မြင့် + ဒေါက်တာဒေါ်ခင်မြဝင်း
ပြည်ထောင်စုဝန်ကြီး(ငြိမ်း)

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော ဒေါ်နန်းခင်ညွန့် (Director , Fu Xing Brothers Group of Companies) အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံတော်အကျိုး၊ သာသနာ၊ ဘာသာအကျိုးကို အသက်ထက်ဆုံးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကျော်သိဝ + ဒေါ်နှင်းမြမြမိုး
စက်ရုံမှူး
စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)

## ကော့သောင်းခရိုင်တရားရုံး

## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၇

ဒေါ်သန်းသန်းဝင်း နှင့် ဦးချစ်ဖွယ်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဝင်း)
တရားလို တရားပြိုင်

ဦးချစ်ဖွယ် အမှတ် (၅၇)၊ မြရည်ပုလဲလမ်း၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကော့သောင်းမြို့(ယခုနေလိပ်စာ မသိ)သူသိစေရမည်။

သင့်အပေါ်၌ တရားလိုက နေအိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၉ရက် (၁၃၈၃ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာကျော်)**
**ခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ထနောင်းကုန်းအုပ်စု၊ ခံဘူးကျေးရွာနေ ဦးသိန်းထိုက်၏သမီး မရတနာထိုက် ၉/ရမသ(နိုင်)၁၂၈၇၄၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁-၁၉၈၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်အမှတ် (ပ-၄၅၂၀) ဦးဝင်းဇော်ဦး (ဘ) ဦးသန်းထိုက် ၉/ ပမန(နိုင်) ၂၂၇၃၃၂ အမည်ပေါက်ပါမစ် မြေကွက်ကို ဦးဌေးမြင့် (ဘ)ဦးအောင်ကြည် ၉/ပမန(နိုင်) ၀၅၈၆၁၇ မှ မြေပေးမိန့် မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အောင်လံမြို့၊ ဇေယျဝတီရပ်ကွက်၊ အကွက်အမှတ်(၃/ ကန်ကြီး)၊ ဦးပိုင်အမှတ်(က/၄၈၄)၊ ဧရိယာ ၀ဒသမ ၄၈၄ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ယခုအမည်ပြောင်း လျှောက်ထားသူ၏ခင်ပွန်း ဦးဘာကုစနီအမည်ပေါက်ပြီး ၎င်းအမည်ပေါက် ဧရိယာ၀သမ ၄၈၄ ကေအား ခင်ပွန်းကွယ်လွန်၍ တရားဝင်ဇနီး ဒေါ်ဆူမေသရီမှ အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၄-၁-၂၀၂၁) ရက် ၊ တနင်္လာနေ့၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်သည့်

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့်

နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော

သာသနာတော် ချီးမြှင့် ထောက်ပံ့ခြင်းဆိုင်ရာ(လူပုဂ္ဂိုလ်)အမြင့်ဆုံးဘွဲ့ဖြစ်သည့်

**"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော် " ကို**

**ဒေါ်သီတာစန်း (Chairman) Shwe Paing Htike Co., Ltd အား**

ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်

အထူးပင်လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

နောင်တွင်လည်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ

နိုင်ငံတော်အကျိုး အမျိုး၊ဘာသာ၊သာသနာ အကျိုး တို့ကို

ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများတောင်း အပ်ပါသည်။

| | | |
|---|---|---|
| ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ | ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ | ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ |
| Shwe Paing Htike Co.,Ltd | Sky Man Co.,Ltd | Gado Sky Man Co.,Ltd |

## ဂုဏာဝန္ဒနာပူဇော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိသုဒ္ဓါရုံသာကြီးများ၏ အဓိပတိ၊မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏နာယကဆရာတော်၊ အောင်စကြာပရမေတ္တာဖောင်ဒေးရှင်းနှင့် အောင်စကြာပရမေတ္တာစကျွဲ့အိန်အထူးကုဆေးရုံကြီး၏ တည်ထောင်သူနှင့်ဦးဆောင်နာယကအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊မဟာကမ္မဋ္ဌာနာစရိယ၊ဓမ္မကထိက ဗဟုဇနဟိတဓရ အောင်စကြာဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ(ဓမ္မာစရိယ)မဟာထေရ်အား (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှအမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၁)ဖြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တော်ဆက်ကပ်ခြင်းခံယူတော်မူရသဖြင့် အောင်စကြာမိုးကုတ်ဝိသုဒ္ဓါရုံသာကြီးများ၏အမှုဆောင်အဖွဲ့လူကြီးများ၊ အောင်စကြာပရမေတ္တာစကျွဲ့အိန်အထူးကုဆေးရုံကြီးအုပ်ချုပ်ရေးအဖွဲ့လူကြီးများ၊ကုသရေးဆရာဝန်ကြီးများ၊ဆေးဝန်ထမ်းများ၊လုပ်အားဒါနမောင်မယ်များနှင့်အောင်စကြာတပည့်ဒါယကာ၊ဒါယိကာမယောဂီများမှ အထူးဝမ်းမြောက်ကြည်နူးစွာဖြင့်ဆရာတော်ကြီး၏သီလ၊သမာဓိ၊ပညာဂုဏ်တော်များအားပူဇော်လျှက်၊ ဆရာတော်ကြီးသက်ရှည်ကျန်းမာစွာဖြင့်မြတ်ဗုဒ္ဓ၏သြဝါဒအတိုင်းသတ္တဝါများ၏အကျိုးအားသယ်ပိုး ထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်တောင်းလျှက်ပူဇော်အပ်ပါသည်။

**အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာအမှုဆောင်အဖွဲ့၊အောင်စကြာပရမေတ္တာဖောင်ဒေးရှင်းနှင့်**
**အောင်စကြာပရမေတ္တာစကျွဲ့အိန်အထူးကုဆေးရုံကြီးအုပ်ချုပ်ရေးအဖွဲ့နှင့်ကုသရေးအထူးကုဆရာဝန်ကြီးများ။**



## အထူးကြည်ညို ဂုဏ်ယူ
## ဝမ်းမြောက်ပါသည် အရှင်ဘုရား

၂၀၂၁ ခုနှစ်အတွက် နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော် ဆက်ကပ် ချီးမြှင့် အပ်နှင်းခြင်း ခံရသော ရန်ကုန်မြို့၊ ဗဟန်း မြို့နယ်၊ ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး နာယက၊ မင်္ဂလာတိုက်ကျောင်း ဆရာတော် (ကြေးပိန္နကတ် ဆရာတော်) **ဘဒ္ဒန္တ ဉာဏ** အရှင်သူမြတ်အား အထူးပင် ကြည်ညိုသဒ္ဓါပွားလျှက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဂုဏ်ပြု အပ်ပါသည်။ ဆရာတော် သက်တော်ရာကျော် ရှည်၍ သာသနာအကျိုး ဘာသာအကျိုး ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ခြေတော် ဦးခိုက် ဆုတောင်းမေတ္တာ ပို့အပ်ပါသည်ဘုရား။

ဆရာတော်၏ တပည့်တကာ၊ တကာမများ - ဦးထင်ကျော်၊ ဦးစန်းကျော်၊ ဦးအေးကျော်၊ ဒေါ်မူမူ၊ ဒေါ်ဝါဝါ၊ ဒေါ်သီသီ၊ ဒေါ်ဖြူဖြူ (ခ) ငွေးမကြီး

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ ကောင်းသပြေကျေးရွာရှိကျွန်တော် ပိုင်ဆိုင်သော လျှာထိုးစက်လိုင်စင် နံပါတ် ၁/၂၀၁၉ (မူရင်း)ပျောက်ဆုံးသွားပါကြောင်း။

ကျော်မြင့်(ခ)ထောက်ချီချန်
၁၃/လရန(နိုင်)၀၅၄၀၆၇
ရပ်ကွက်(၅)၊ နယ်မြေ(၁၆)
ခိုင်ရွှေဝါလမ်း၊ လားရှိုးမြို့

စာအုပ်စာပေ
လူ့မိတ်ဆွေ

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ရက် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှချီးမြှင့်သော သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ကို ထိုက်ထိုက်တန်တန်ရရှိသော မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင် အကယ်ဒမီခန့်စည်သူ အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အမှုဆောင်အဖွဲ့

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ၄ရက်(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၁)ဖြင့် သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက်၊ ရွှေနံ့သာပရိယတ္တိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဉာဏောဘာသ "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"ကျေးဇူးရှင်ဆရာသမားအား နိုင်ငံတော်အစိုးရမှ "မဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ကိုဆက်ကပ်ချီးမြှင့်ပူဇော်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူလျက် ရှိသေစွာ ဦးခိုက်ကန်တော့ပါ၏ဘုရား။

တပည့်
ရွှေသုဝဏ်တောရဓမ္မရိပ်သာ၊ တောင်ကြီးမြို့

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတရုံး၊အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)အရ
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့
တံဆိပ်ကိုထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရပါသော
ဒေါ်ကြည်စင်
ဒု-ဥက္ကဋ္ဌ၊Original Group of Companies
Managing Director -Mount Pleasant Hotel (Nay Pyi Taw)
Managing Director - Hotel Nwe Tha Ki (Nay Pyi Taw)
Executive Director - G-4 Mining Co.,Ltd. အား
အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။
နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

YATI PYAE HLYAN Construction Engineering Group Co.,Ltd.

သားတပည့်
ဦးအံ့ကျော် (Managing Director) + ဒေါ်တင်တင်မူ ( Director)မိသားစု

## ဦးစောလွင်(ခ)ဦးချစ်တီး
**အထက(၁/၂) ပြွန်တန်ဆာမြို့**
**အထက(၁) တွံတေး**
**အထက(၂) သာကေတ**
**အထက(၁) လသာ၊ စင်ထရယ်(ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၈၂နေ (ဦးစံမြ-ဒေါ်သောင်း)တို့၏သား၊ (ဦးခင်ညို-ဒေါ်လှကြည်)တို့၏မောင်၊ ဦးထွန်းလင်း-ဒေါ်လှရီ၊ ဦးအောင်ညွန့်-ဒေါ်စမ်းမြင့်တို့၏အစ်ကို၊ ဒေါ်ဝင်းကြည်၏ချစ် လှစွာသောခင်ပွန်းသည် ၅-၁-၂၀၂၂ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၂ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်း ဒါယကာ၊ သာသနာ့အမွေခံ
## ဦးဉာဏ်ထွန်း(အနော်ရထာဖောင်ဒေးရှင်း)
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၁၀၉၅/ခနေ ဦးညို-(ဒေါ်မိုး)တို့၏သား၊ (ဦး စောလွန်)-ဒေါ်လှဝင်း တို့၏သားသမက်၊ ဒေါ်ခင်သန်း၏မောင်၊ ဒေါ်ခင်သက်မော်၊ ဒေါ်ခင်အေးမူ တို့၏အစ်ကို၊ ဒေါ်အေးမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုပြည့်ဖြိုးဟန်-မသင်းထက်ထက်ထွန်း၊ ကိုသန့်ဇော်ဖြိုး-မသန္တာဇော်တို့၏ ဖခင်၊ မောင်အဂ္ဂဘုန်းပြည့်၏ အဘိုးသည် ၅-၁-၂၀၂၂ ရက်(အင်္ဂါနေ့)မွန်းလွဲ ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၂ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၂ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ သာကေတမြို့နယ် နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ယုဝေ M.Sc (Zoology)
**တွဲဖက်ပါမောက္ခ(ငြိမ်း)**
**သတ္တဗေဒဌာန၊ ပြည်တက္ကသိုလ်**
**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျိုက္ကဆံရဲအရာရှိကြီးရိပ်သာနေ ရဲမှူးကြီးထွန်းနေဝင်း၏ဇနီး ဒေါက်တာစိုးမြင့်ဝင်း၊ မောင်ကျော်ကျော်ထွန်းတို့၏မိခင်၊ မိတ္ထီလာမြို့၊ မင်းရပ်နေ(ဦးကိုလေး-ဒေါ်ငြိမ်း) တို့၏သမီး၊ ဦးအောင်သင်းဝင်း (Vice Chairman AGD Bank-ငြိမ်း)-(ဒေါ်သန်းသန်းခင်)တို့၏သမီးချွေးမ၊ ဦးမောင်မောင်မြင့် (ညွှန်ကြားရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ခင်ယုဆွေတို့၏ညီမ၊ (ဦးတင်အောင်ကျော်)-ဒေါ်စောယုမေ (ရွှေကျင်တိုင်းရင်းဆေးတိုက်)တို့၏အစ်မ၊ ဦးစောသိန်း-ဒေါ်စောမြဝင်း၊ ဦးသိန်းတန်ဝင်း-ဒေါ်မိုးသူဇာတို့၏မရီး၊ တူ၊ တူမ ကိုးယောက်တို့၏ အဒေါ်သည် ၅-၁-၂၀၂၂ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၂ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သီတာဦး
**(အထက်တန်းပြ-ငြိမ်း၊ ထ(၄)ပုဇွန်တောင်)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် ၁၉၈နေ (ဦးတင်ဦး-ဒေါ်တင်ရီ)တို့၏သမီး၊ ဒိုက်ဦးမြို့နေ (ဦးမြကြည်-ဒေါ်ထွေးစိန်)တို့၏သမီးချွေးမ၊ ဦးကျော်မင်းဦး-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်ကျော်ဦး-ဒေါ်ခင်စန်းဦးတို့၏အစ်မ၊ ဦးအောင် ထွဋ်မြင့်တင်( MD, မြင့်ထွဋ်ဦး ကုမ္ပဏီလီမိတက်)-ဒေါ်ဇင်မူယာကျော်၊ ဒေါ်လွင်လွင်မြင့်တင်(လက်ထောက် ကထိက၊ အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)တို့၏မိခင်၊ မောင်ထူးပြည့်လင်း၊မောင်ဖွဲ့မာန်ထွဋ်ဦးတို့၏ ဘွားဘွားကြီး၊ ဦးမြင့်တင်(လ/ထ ဌာနမှူး-ငြိမ်း၊ လမ်းတံတားဌာန၊ YCDC)၏ ချစ်လှစွာသောဇနီးသည် ၆-၁-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁:၁၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၂ရက်(သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၂ရက်(အင်္ဂါနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒုတိယဗိုလ်မှူးကြီး သန်းဌေး(ငြိမ်း)
**တဗ(၁၆)**
**အသက်(၅၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်နေ (ဦးသောင်းတင်-ဒေါ်ရင်မြ) တို့၏စတုတ္ထသား၊ ကရင်ပြည်နယ်၊ ရွှေဂွန်းမြို့နေ (ဦးမြသန်း)-ဒေါ်ရီလှ တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သာခုအိမ်ရာ၊ တိုက်(၁)၊ အခန်း(၂၀၁)နေ ဒေါ်အေးအေးသက်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်တိုးသူရိန်သန်းဌေး၊ မောင်ညီမင်းသူရိန်သန်းဌေးတို့၏ဖခင်သည် ၅-၁-၂၀၂၂ ရက်(အင်္ဂါနေ့)ညနေ၃ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၂ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အေးသွင်
**အသက် (၉၁)နှစ်**

မော်လမြိုင်မြို့၊ ကတိုကော့နှပ်နေ (ဦးအုန်းဖေ-ဒေါ်အုန်းမေ) တို့၏သမီး၊ (ဦးစိုးဝင်း အမျိုးသားပညာဝန်-ဒေါ်မမကြီး) တို့၏ သမီးချွေးမ၊ ရန်ကုန် R.H.No (8) ကုန္တီတံအိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးအောင်သန်းဝင်း ရုံးအဖွဲ့မှူး-ငြိမ်း၊ စွမ်းအင်ဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ ကျော်ဇောဝင်း-ဒေါ်သီတာနွယ်၊ ဒေါက်တာသန်းထိုက်ဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးအောင်ဟိန်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးနိုင်အောင်ဝင်း-ဒေါ်မေသန့်ဇင်၊ ဦးရန်နိုင်ဝင်း-ဒေါ်ခင်ခင်နွဲ့တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ခုနစ်ယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၅-၁-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းညွန့်
**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကြူတောကျေးရွာနေ (ဦးလှမောင်-ဒေါ်အေးချစ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် ၃၆နေ (ဦးဘမောင်-ဒေါ်သန်းမြ)တို့၏သမီး၊ ဦးအောင်ထွေး ၏အစ်မ၊ ဦးညွှန့်ဟံ(ညွှန့်ဟံ-ကြူတော)၏ဇနီး၊ ဦးကျော်စိုး-ဒေါ်ယဉ်ယဉ်ညွှန့်၊ ဦးကောင်းညွှန့်-ဒေါ်အေးနုနုစံ၊ ဗိုလ်မှူး ဇော်မျိုးထိုက်(ငြိမ်း)-ဒေါ်သွယ်သွယ်ညွှန့်တို့၏မိခင်၊ မနန်းချယ်ရီ၊ မောင်ဝေယံဇော်၊ မဆုဆည်းဆာမေ၊ မောင်မျိုးသိခ်တို့၏ အဘွားသည် ၆-၁-၂၀၂၂ရက်(အင်္ဂါနေ့)နံနက်၅:၁၅ နာရီတွင်မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၂ရက်(အင်္ဂါနေ့)နံနက်တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဆရာမကြီး ဒေါ်စန္ဒာသက်
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ (ဦးသက်မင်း-ဒေါ်အေးမေ)တို့၏သမီး၊ (ဆရာကြီးဦးမြင့်)-ဒေါ်နွဲ့တို့၏ချွေးမ၊ (ဆရာကြီး ဦးဇေမြင့်)၏ဇနီး၊ ဦးသီဝ-ဒေါ်သူသူစိုး၊ ဦးပြည့်ဖြိုး၊ ဦးဟန်ဝင်းထွန်း-ဒေါ်ခင်မြတ်သူတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၅-၁-၂၀၂၂ ရက်(အင်္ဂါနေ့)ည ၁၀:၅၀ နာရီတွင် ဆာကူရာဆေးရုံ၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၂ ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဌေးဝင်း
**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ် (၆၀-A1)နေ (ဦးမောင်စိန်-ဒေါ်စိုးရှင်)တို့၏သား၊ ဒေါ်ထွန်း၊ ဦးလှဦး-ဒေါ်စန်းစန်းနွဲ့၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးနွဲ့တို့၏ ချစ်လှစွာသောမောင်၊ ဒေါ်ဌေးဌေးနွဲ့၊ ဒေါ်အေးအေးသိန်းတို့၏ ချစ်လှစွာ သောအစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၆-၁-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလင်းအောင်
**အမှုဆောင်(EC-033)၊ မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်**
**ဦးစီးအရာရှိ(ငြိမ်း)၊ အား/ကာ ဦးစီးဌာန**
**အသက်(၄၆)နှစ်**

မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်၏ အမှုဆောင်နှင့် လက်ရွေးစင် အားကစားသမားဟောင်းတစ်ဦးဖြစ်သူ ဦးလင်းအောင်သည် ၃-၁-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ**
**သေနတ်ပစ်အားကစားအဖွဲ့ချုပ်**

---

ဘဝနတ်နန်းကြွမြန်းတော်မူခြင်း
## ဘဒ္ဒန္တပညာဇောတမဟာထေရ် (အဂ္ဂမဟာပဏ္ဍိတ)
**သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၇) ဝါ**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အိုးသည်ကျေးရွာအုပ်စု၊ ကျီကုန်းရွာနေ (ခမည်းတော် ဦးဘိုးကြီး-မယ်တော် ဒေါ်သန့်)တို့၏ စတုတ္ထမြောက် သားတော်၊ ဆင်ဖြူကျွန်းမြို့၊ မဟာဝိသုတာရာမ စာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော်၊ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဖြစ်တော်မူသော၊ ကစ္စာနတ္ထရူပဝိဓိ စသောကျမ်းပေါင်း ၁၄-ကျမ်း ပြုစုတော်မူသော သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၇)ဝါ ရှိသည့် ကျေးဇူးတော်ရှင်ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတမဟာထေရ် (အဂ္ဂမဟာပဏ္ဍိတ)သည် (၁၃၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) ၂-၁-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၃:၂၀နာရီ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်နန်းကြွမြန်းတော်မူပါသဖြင့် မန္တလေးမြို့ ကြာနီကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ ဒါယိကာမအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**မဟာဝိသုတာရာမ စာသင်တိုက် စာချနာယကများနှင့်**
**တပည့် ဒါယကာ ဒါယိကာမများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းကြွယ်
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ချင်းတွင်းလမ်း၊ အမှတ် ၆၂နေ မြန်မာ့ကုန်ထုတ်ဓာတုဗေဒ/အသုံးချဓာတုဗေဒအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မင်းမြင့်(ငြိမ်း)-ဒေါက်တာ ခင်မျိုးမြင့်ကြူ(ဒု-ညွှန်ချုပ်-ငြိမ်း)တို့၏ မိခင်၊ ကွယ်လွန်သူ အာဇာနည် I.C.Sအတွင်းဝန်(ဦးအုန်းမောင်)၏ ချစ်လှစွာသောဇနီး ဒေါ်သိန်းကြွယ်သည် ၄-၁-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသား ကျောင်းသူဟောင်းများ**
**အမှုဆောင်အဖွဲ့**
**မြန်မာ့ကုန်ထုတ်ဓာတုဗေဒ/အသုံးချဓာတုဗေဒအသင်း**

---

## ဦးထွန်းအောင်(ခ)ကိုနီ
**အသက် (၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း (၂)၊ ရတနာလမ်းသွယ်၊ ခြံအမှတ် (၇၀၄)နေ (ဦးချစ် စိန်-ဒေါ်ညွှန့်ညွှန့်)တို့၏သား၊ (ဦးဖေသန်း-ဒေါ်တင်မြ)တို့၏သားသမက်၊ ဒေါ်အေးအေးဆင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ချို- ဒေါ်မြင့်မြင့်စော၊ ဒေါ်လှလှဝေ၊ ဦးခင်မောင်ထူး-ဒေါ်သန်းသန်းဝေတို့၏ညီ၊ မောင်၊ ဒေါက်တာ မျိုးအောင်၊ ဦးထွေးအောင်တို့၏အစ်ကို၊ ဗိုလ်မှူးနိုင်လင်းအောင်၊ မောင်ကျော်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမခုနစ်ယောက်တို့၏ချစ်လှစွာသောဦးလေးသည် ၅-၁-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၉:၀၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၇-၁-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။** ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်
**(အလပြ-ငြိမ်း)**
**အသက် (၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက် ၁၅/၃နေ (ဦးစိုးသိန်း)၏ ချစ်လှစွာသောဇနီး၊ မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်နေ ဦးစီ(အင်ဂျင်နီယာ-ငြိမ်း)၏ညီမ၊ ဒေါ်စိုးစိုးမော်၊ ဦးရန်အောင်စိုး BOSUN (KTM-CO)- Rosely Sui Ngum Rem ၊ ဒုအရာခံဗိုလ်ဦးကိုကိုအောင်-ဒေါ်လီလီစိုး၊ ဒေါက်တာစိုးမြင့်(တွဲဖက်ပါမောက္ခ၊ကုန်ထုတ်ဓာတုဌာန၊ ရတနာပုံတက္ကသိုလ်)- ဒေါ်ဝါဝါစိုး(တွဲဖက်ပါမောက္ခ၊ ဌာနမှူး၊ စီးပွားရေးပညာဌာန၊ NYRDDC) စစ်ကိုင်း၊ ဦးဇော်မင်းဦး (Chef)-ဒေါ်ပိုင်းပိုင်းစိုး(လ/ထ မန်နေဂျာ) သစ်တောဖက်စပ်၊ ဦးရဲအောင်စိုး(မြန်မာနိုင်ငံရဲတပ်ဖွဲ့-ငြိမ်း)-ဒေါ်လွဲ့လွဲ့ထွေး(သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)၊ ဦးအောင်သူရ (အိမ်၊ ခြံ၊ မြေ အလှဆင်လုပ်ငန်း)-ဒေါ်သက်သက်စိုးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၁၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၂၂ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ယုဝေ
**တွဲဖက်ပါမောက္ခ(ငြိမ်း) သတ္တဗေဒဌာန၊ ပြည်တက္ကသိုလ်**
**အသက် (၆၃)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန၊ ဌာနမှူး ရဲမှူးကြီး ထွန်းနေဝင်း၏ဇနီး ဒေါ်ခင်ယုဝေသည် ၅-၁-၂၀၂၂ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန၊ ဒုတိယဌာနမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

---

## ဦးမြင့်စိုး
